**သာယာမည်**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

# မြန်မာ့အလင်း

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

■ အတွဲ [၅၅]
အမှတ် [၁၄၄]

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် [21-2-2016]

MYANMA ALINN SUNDAY ISSUE


# မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ၆၆/၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဖွင့်လှစ်

သတင်း၊ စာမျက်နှာ - ၃

## သံလွင်တမ်းက လင်းလက်လာသည့် ဘီလူးကျွန်းချောင်းဆုံဒေသ



သံလွင်မြစ်ကျော် မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်း သွယ်တန်းပြီးစီး၍ ဘီလူးကျွန်းချောင်းဆုံဒေသသို့ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီ။ (ဓာတ်ပုံ-လျှပ်စစ်)

**နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် မော်လမြိုင်မြို့၌ ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံဖွင့်လှစ်**

စာမျက်နှာ-၈

**တနင်္ဂနွေ ဖတ်စရာများ**


အာရှတစ်လွှားနာမည်ကျော်ကြားခဲ့သည့် မြန်မာ့မီးရထားသမိုင်းဦးကို ထုဆစ်ခဲ့သည့်နေရာ — ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်၊ စာ-၁၅

အနာဂတ်ကမ္ဘာ့နိုင်ငံရေးနှင့် အမေရိကန်၏ ဩဇာအာဏာ — နိုင်ငံတကာရေးရာသတင်းဆောင်းပါး၊ စာ-၂၀





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### အရည်အသွေးပြည့်မီသော ပညာရေးဆီသို့

ကျောင်းသား ကျောင်းသူများအား ပညာသင်နှစ်တစ်ခုအတွင်း သင်ကြားအပ်သောကျောင်းသင်ခန်းစာများကို ထိရောက်စွာ သင်ကြားပေးပြီး စာမေးပွဲများတွင် ကောင်းမွန်စွာဖြေဆိုနိုင်အောင် အစီအစဉ်တကျ ဆောင်ရွက်နိုင်ခြင်းသည် အရည်အသွေးပြည့်မီသောသင်ကြားမှု၊ သင်ယူမှုကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားတတ်မြောက်မှု အရည်အသွေးစစ်ဆေးခြင်းမှာ စာမေးပွဲများသည် အဓိကအခရာ အကျဆုံးဖြစ်ပါသည်။ စာမေးပွဲများတွင် မိမိတို့၏သင်ကြားတတ်မြောက်မှုမှာ မည်ရွေ့မည်မျှရှိကြောင်းကို စာမေးပွဲသည် အဓိကမှတ်ကျောက်ပင်ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ် အဋ္ဌမတန်းနှင့် စတုတ္ထတန်း စာမေးပွဲများကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၂၀ ရက်နေ့အထိ တိုင်းစစ်နှင့် ခရိုင်စစ်စာမေးပွဲများအဖြစ် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြေဆိုပြီးခဲ့ကြလေပြီ။ တစ်နည်းအားဖြင့် ဤစာမေးပွဲကြီးသည် ကျောင်းသား ကျောင်းသူများအတွက် အရေးကြီးသော အတန်းတင်စာမေးပွဲဖြစ်ပါသည်။ နောင်နှစ် အတန်းသစ်တက်ရန် အဆုံးအဖြတ်ပေးသောစာမေးပွဲဖြစ်ပါသည်။ ကုစားစာမေးပွဲမရှိသည့်အတွက် စာမေးပွဲတွင် ကလေးများကောင်းစွာဖြေဆိုနိုင်အောင်လည်း ဆောင်ရွက်ထားခြင်းကြောင့် ယခုနှစ်စာမေးပွဲများတွင် ကလေးအများစု စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ကြောင်း ကြားသိရပါသည်။

ဤသို့ ကလေးများ ပညာရေးအတွက် အကောင်းဆုံးဖြစ်အောင် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အစီအစဉ်တကျ ဆောင်ရွက်ခဲ့သော်လည်း မေးခွန်းများမှားယွင်းရိုက်နှိပ်မိခြင်း၊ မေးခွန်းများ ပေါက်ကြားသည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းတို့မှာ စဉ်းစားစရာ၊ သတိပြုလာစရာများပင် ဖြစ်လာပါသည်။ တာဝန်ယူ၊ တာဝန်ခံလုပ်ဆောင်သူများ၏ အားနည်းမှုများကြောင့် လူအများဝေဖန်စရာများ ဖြစ်ခဲ့ရပါသည်။

ထိုသို့ကျောင်းသား ကျောင်းသူများ၏ အရည်အချင်းပြည့်ဝမှုမှတ်ကျောက်တင်နိုင်သော စာမေးပွဲကြီးတွင် မေးခွန်းတစ်စုံတစ်ခုပေါက်ကြားခဲ့သည်ရှိသော် ရိုးသားစွာယှဉ်ပြိုင်ကြသော ကျောင်းသား ကျောင်းသူများအတွက် များစွာနစ်နာနိုင်ပါသည်။ မည်သည့်စာမေးပွဲမဆို မေးခွန်းပေါက်ကြားမှု လုံးဝမဖြစ်သင့်ပေ။ ထို့အတူ စာမေးပွဲမေးခွန်းပေါ်တွင် စာသားများမှားယွင်းဖော်ပြမိခြင်းသည်လည်း ဆရာ ဆရာမများနှင့် မေးခွန်းထုတ်သူများအပေါ် အထင်အမြင်သေးစရာ၊ ဝေဖန်စရာများ ဖြစ်ပါသည်။ ဤကဲ့သို့ ဖြစ်စဉ်များသည် ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်စဉ်များဟု ဆိုကြသော်လည်း အလေးအနက်ထားဖို့ လိုပါသည်။

အရည်အသွေးပြည့်ဝသော ပညာရေးစနစ်တစ်ရပ်ကို ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်၍ ထိုကဲ့သို့ မေးခွန်းများမှားယွင်းခြင်း၊ မေးခွန်းများပေါက်ကြားခြင်းများ လာမည့် စာမေးပွဲများတွင် ထပ်မံမဖြစ်ပေါ်စေရေးအတွက် တာဝန်ယူ၊ တာဝန်ခံရသူအဆင့်ဆင့်က အလေးအနက်ထား ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။


# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## အခွန်ကောက်ခံခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် မှန်ကန်ပြီး အထူးပွင့်လင်းမြင်သာရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန် ဦးစီးဌာနမှူးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၅၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်က နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာလင်းအောင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယခုသင်တန်းတွင် သင်တန်းသားများအား အခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လက်တွေ့လုပ်ငန်းများတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများအား ဖြေရှင်းကျော်လွှားနိုင်သည့် နည်းလမ်းများကို သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် ပြည်သူများနှင့် အများဆုံး ထိတွေ့ဆက်ဆံနေရသည့် ဌာနဖြစ်သည့်အတွက် အခွန်ကောက်ခံခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မှန်ကန်ပြီး အထူးပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း။

စည်းကြပ်ကောက်ခံရမည့် အခွန်ငွေများကို လျော့နည်းလွတ်ကင်းမှုမရှိစေဘဲ ဥပဒေများနှင့်အညီ အပြည့်အဝကောက်ခံရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနိုင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ပထမဆုရရှိခဲ့သော စစ်ဆေးရေးဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးကျော်စွာညွန့်အား လည်းကောင်း၊ ဒုတိယဆုရရှိခဲ့သော အခွန်မူဝါဒနှင့် သုတေသနဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးအောင်သက်ဦးအားလည်းကောင်း၊ တတိယ ဆုရရှိခဲ့သော လားရှိုးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးနိုင်လင်းထွန်းအား လည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသားများကိုယ်စားသင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းတွင် ရက်သတ္တပတ်ကြာ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ညွှန်ကြားချက်များ စသည်တို့ကို လေ့လာသင်ကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




## ပျဉ်းမနားမြို့တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**ပျဉ်းမနား ဖေဖော်ဝါရီ ၂၀**

နေပြည်တော် ပျဉ်းမနားမြို့နယ် ကျန်းမာရေးဌာနမှ အမျိုးသားကာကွယ်ဆေးတိုက်နေ့များအဖြစ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ရွှေချီရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ခဲ့ရာ ရွှေချီရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ရွှေချီရပ်ကွက်အုပ်စု ချမ်းအေးရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ် ၂၀၄ ဦးကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ထို့အတူ ပျဉ်းမနားမြို့ပေါ်ရှိ ကျန်ရှိသော ရပ်ကွက်များတွင်လည်း ကျန်းမာရေးဌာနမှ ပိုလီယိုကာကွယ်ဆေး တစ်ပြိုင်တည်းတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်( မန်းတက္ကသိုလ်)**

## ကျေးလက်တံတားတည်ဆောက်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ဘူးသီးတောင် ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ဘူးသီးတောင်-အငူမော်လမ်းပေါ်ရှိ (၁၅×၁၄×၁၀)ပေ သံကူကွန်ကရစ်တံတားအမှတ်(၁၉) ကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီခွဲက ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းရွှေနှင့်တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ကြသည်။

အဆိုပါတံတားကို Royal PNT ကုမ္ပဏီမှ ခွင့်ပြုငွေကျပ် ၁၅ သန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစော**



## အမှတ်(၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ငါးကြိမ်မြောက် စုပေါင်းသွေးလှူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းဆေးရုံ ခုတင် (၃၀၀) ၌ ဖေဖော်ဝါရီ ၂၀ ရက်က အမှတ်(၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ် တပ်ခွဲမှူး ရဲမှူး ဟိဏ်းထက် ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၂၃ ဦးက ငါးကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ အရေးပေါ်သွေးလိုအပ်ပါက အမှတ် (၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ ဆက်လက်၍ သွေးလက်ခံယူနိုင်ကြောင်း သိရသည်။

**ကိုရဲ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၄·၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၃·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၄·၄၅ |
| ထိုင်း | တစ်ဘတ် | ၃၄·၆၅၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၀၅ |
| တရုတ် | တစ်ယွမ် | ၁၈၉·၀၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅·၀၆ |

ခင်ရတနာ-စုစည်းသည်။

# မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ၆၆/၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲပိုင်းက မွန်ပြည်နယ် ချောင်းဆုံမြို့၌ ကျင်းပသည့် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကျော် ဓာတ်အားလိုင်းနှင့် ၆၆/၁၁ကေဗွီ ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ် မင်းနောင်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကျော်ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယခင် ၁၉၈၀ ပြည့်နှစ်က မွန်ပြည်နယ်အတွင်း မော်လမြိုင်၊ ငန်းတေး ၁၂ မဂ္ဂါဝပ် ဓာတ်အားပေး စက်ရုံမှ သီးခြားဓာတ်အားဖြန့်ဖြူး ပေးခဲ့ပါကြောင်း၊ မွန်ပြည်နယ် ချောင်းဆုံဒေသရှိ ကျေးရွာပေါင်း ၁၁ ရွာတွင် မီးသုံးစွဲသူ အိမ်ထောင်စု ၁၇၄၀ ကိုမူ ၅၀၀ ကေဗွီအေ မီးစက် နှစ်လုံးဖြင့် တစ်နေ့လျှင် ၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း။

ချောင်းဆုံဒေသရှိ ပြည်သူလူထုအတွက် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်မှ စတင်၍ ဓာတ်အားလိုင်းအကြောင်း တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သံလွင်မြစ်ကျော် Bore Pile Foundation ငါးတိုင်လုပ်ငန်းများအား ၂၀၁၄-၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်သမ္မတ၏ မွန်ပြည်နယ်ခရီးစဉ်တွင် ချောင်းဆုံဒေသ ဓာတ်အားအမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုခဲ့သည့်အတွက် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလတွင် သံလွင်မြစ်ကျော် Bore Pile များ ပြီးစီးခဲ့ပါကြောင်း။

စီမံကိန်း၏ အခက်ခဲဆုံးအပိုင်းဖြစ်သည့် သံလွင်မြစ်ကျော် တာဝါတိုင်ဆင်ခြင်း လုပ်ငန်းများနှင့် ကြိုးဆွဲခြင်းလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက ဆက်လက်ဆောင်ရွက်ကြရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ၆၆ ကေဗွီ ချောင်းဆုံဓာတ်အားခွဲရုံမှတစ်ဆင့် မီးသုံးစွဲသူ အိမ်ထောင်စု ၁၇၄၀ ကို ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီဖြစ်ပါကြောင်း၊ ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းအတွက် ပစ္စည်းတန်ဖိုးငွေကျပ် ၄၃၇၉ ဒသမ ၇၆၇ သန်းနှင့် တည်ဆောက်ရေး စရိတ်ငွေကျပ်သန်း ၇၆၄၄ ဒသမ ၉၂၀ ဖြစ်၍ နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းငွေကျပ် ၁၂၀၂၄ ဒသမ ၆၈၇ သန်း ကုန်ကျခဲ့ပါကြောင်း။

ဘီလူးကျွန်းပေါ်မှ ချောင်းဆုံဒေသတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးနိုင်ခဲ့ပြီဖြစ်၍ လက်မှုပညာလုပ်ငန်းများသာမက အသေးစားစက်မှုလုပ်ငန်းများ ပိုမိုထွန်းကားလာတော့မည်ဖြစ်ပါကြောင်း။

ယနေ့မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးစီးခဲ့သည့် ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံနှင့် ဒီဇယ်ဓာတ်အားပေးစက်ရုံများမှ စုစုပေါင်း စက်တပ်ဆင်အား ၅၂၃၅ မဂ္ဂါဝပ်ဖြင့် ဓာတ်အားထုတ်လုပ်ပြီး ဓာတ်အားစနစ်မှ ထုတ်လုပ်ဖြန့်ဖြူးမှုမှာ ၂၀၁၅ ခုနှစ်အတွင်း အများဆုံး ၂၄၉၇ မဂ္ဂါဝပ်အထိရှိခဲ့ပြီး ၂၀၁၆ ခုနှစ် ယနေ့ဆိုလျှင် ၂၅၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုအနေဖြင့် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးမြင့်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀၈၇၈ သန်းရှိသည့်အနက် ကျန်ရှိနေသေးသည့် လျှပ်စစ်ဓာတ်အားမရသေးသည့် ၆၆ ရာခိုင်နှုန်းသော အိမ်ထောင်စုပေါင်း ၇ ဒသမ ၁၇၈ သန်းကို ဓာတ်အားဆက်သွယ်ဖြန့်ဖြူးပေးနိုင်ရန် ယခုထက်သုံးဆကြိုးပမ်းဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးရေးစီမံချက်အရ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ၄၅၃၁ မဂ္ဂါဝပ်၊ ၂၀၂၅ -၂၀၂၆ ခုနှစ်တွင် ၈၁၂၁ မဂ္ဂါဝပ်၊ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် ၁၄၅၄၂ မဂ္ဂါဝပ်လိုအပ်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရန်အတွက် ၆၆/၁၁ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံပြည်သူ ဦးညွှန့်ဝင်းက လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ဘက်စုံပညာထူးချွန်လူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီ လူငယ်တို့က ၆၆/၁၁ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၆၆/၁၁ ကေဗွီ ချောင်းဆုံဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က နိုင်ငံတော်သမ္မတထံ အမှတ်တရ လက်ဆောင်ကိုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



# အမေရိကန်စစ်လေယာဉ်များ တိုက်ခိုက်မှုကြောင့် လစ်ဗျားရှိ အိုင်အက်စ်စစ်သွေးကြွ ၄၀ ကျော်သေဆုံး



လစ်ဗျားနိုင်ငံ ဆာဘရာသာဒေသရှိ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို အမေရိကန်စစ်လေယာဉ်များတိုက်ခိုက်သဖြင့် ပျက်စီးသွားသောနေရာများကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။

**ထရီပိုလီ ဖေဖော်ဝါရီ ၂၀**

အမေရိကန်စစ်လေယာဉ်များက လစ်ဗျားနိုင်ငံ အနောက်ပိုင်း၌ သံသယရှိ အိုင်အက်စ်လေ့ကျင့်ရေးစခန်းကို သောကြာနေ့က လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် အိမ်နီးချင်းတူနီးရှားနိုင်ငံတွင် ပြီးခဲ့သည့်နှစ်ကဖြစ်ပွားခဲ့သည့် သေစေနိုင်လောက်သော တိုက်ခိုက်မှုနှစ်ရပ်နှင့် ဆက်နွယ်သူ စစ်သွေးကြွများအပါအဝင် လူပေါင်း ၄၀ ကျော် သေဆုံးသွားခဲ့သည်။

၂၀၁၁ ခုနှစ်က ကဒါဖီကို ဖြုတ်ချလိုက်ပြီး ကမောက်ကမဖြစ်နေသော လစ်ဗျားနိုင်ငံ၌ အိုင်အက်စ်စစ်သွေးကြွများ ကြီးစိုးလာလျက် ရှိရာ အမေရိကန်က သုံးလအတွင်း ဒုတိယအကြိမ် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ်တို့၏ လေ့ကျင့်ရေးသင်တန်းကျောင်းနေရာကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်က ပြောသည်။ ဆာဘရာသာမြို့ရှိ အဆိုပါ အဆောက်အအုံကိုတိုက်ခိုက်မှုသည် ပြီးခဲ့သည့်နှစ်က တူရကီပြတိုက်နှင့် အပန်းဖြေစခန်းကို တိုက်ခိုက်ခဲ့သော တူနီးရှားနိုင်ငံသား နော်ရက်ဒင်းချောင်ချန်နှင့် ဆက်နွယ်မှုရှိသည်ဟု ဆိုသည်။ အမေရိကန်စစ်လေယာဉ်များက အဆိုပါမြို့ ကွာဆာတာလစ်ခရိုင်ရှိ နိုင်ငံခြားသားအများဆုံးနေထိုင်ရာ နေရာများကို အများဆုံးပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **(ရိုက်တာ)**

## ဆီးရီးယားသို့ မြေပြင်တပ်ဖွဲ့များစေလွှတ်ရန် အစီအစဉ်မရှိကြောင်း တူရကီပြော

**အန်ကာရာ ဖေဖော်ဝါရီ ၂၀**

အန်ကာရာအနေဖြင့် ဆီးရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုကို လေးစားကြောင်း ကုလသမဂ္ဂဆိုင်ရာ တူရကီသံအမတ်ကြီး ရာဇာဟာလစ်ဆီဗစ်ခ်ကပြောသည်။ ထို့အပြင် တူရကီသည် မြေပြင်တပ်ဖွဲ့များကို ဆီးရီးယားသို့ စေလွှတ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အရသော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာမဟာမိတ်အဖွဲ့၏အစိတ်အပိုင်း အနေဖြင့်သော်လည်းကောင်း တူရကီသည် မြေပြင်တပ်ဖွဲ့များကို တိုးမြှင့်အသုံးပြုကာ ဆီးရီးယားကို ဝင်ရောက်လိမ့်မည်မဟုတ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ဆီးရီးယားသာမက မည်သည့်နိုင်ငံမဆို အမျိုးသားလုံခြုံရေးသည် အရေးကြီးဆုံးကိစ္စဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

## နိုင်ငံခြားသားခရီးသွားများကိုလမ်းညွှန်ဝန်ဆောင်မှုပြုနိုင်ရန် အငှားယာဉ်မောင်းဆိုင်ရာ အသိအမှတ်ပြုရေးအစီအစဉ်တစ်ရပ်စတင်

**တိုကျို ဖေဖော်ဝါရီ ၂၀**

အင်္ဂလိပ်စကားပြောနိုင်ငံခြားသားခရီးသွားများကို လမ်းညွှန်ဝန်ဆောင်မှုပြုနိုင်ရန် အငှားယာဉ်မောင်းဆိုင်ရာ အသိအမှတ်ပြုရေး အစီအစဉ်တစ်ရပ်ကို တိုကျိုအငှားယာဉ်မောင်းအဖွဲ့က စတင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပထမဆုံး အငှားယာဉ်မောင်း ၁၅ ဦးကို တိုကျို ဟာနေဒါလေဆိပ်၌ သောကြာနေ့ကပြုလုပ်သော အခမ်းအနားတွင် အသိအမှတ်ပြုခဲ့သည်။ ၎င်းတို့အား တံဆိပ်များနှင့် အခြားအမှတ်သင်္ကေတများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ၎င်းတို့သည် တိုကျိုမြို့ရှိ အငှားယာဉ်မောင်း ၆၀၀၀၀ ကျော်ထဲမှဖြစ်ကြောင်း သိရသည်။ နိုင်ငံခြားသားခရီးသွား ပိုမိုတိုးတက်များပြားလာစေရန်ရည်ရွယ်၍ တိုကျိုအငှားယာဉ်မောင်းအဖွဲ့ကြီးက တိုကျိုမြို့ပတ်ရှုခင်းကြည့်ရှုရေး အငှားယာဉ်ဟုအမည်ပေးထားသော ယင်းအစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

ယင်းအစီအစဉ်သို့ဝင်ရောက်လိုသော အငှားယာဉ်မောင်းများအနေဖြင့် အနည်းဆုံး နာရီ ၂၀ သင်တန်း တက်ရမည်ဖြစ်ပြီး အင်္ဂလိပ်စကားပြောနှင့် တိုကျိုမြို့ပတ်ရှုခင်းနေရာများဆိုင်ရာ စစ်ဆေးမှုများကို အောင်မြင်ရန် လိုအပ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## ပါကစ္စတန်အနောက်မြောက်ဘက်တွင် လုံခြုံရေးတပ်ဖွဲ့များ စစ်သွေးကြွ ၁၁ ဦးကို နှိမ်နင်းနိုင်ခဲ့

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၀**

ပါကစ္စတန်အနောက်မြောက်ဘက် မျိုးနွယ်စုဒေသတွင် စနေနေ့က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများ ပစ်ခတ်မှုနှစ်ခုဖြစ်ပွားခဲ့ရာ စစ်သွေးကြွအနည်းဆုံး ၁၁ ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

လုံခြုံရေးတပ်ဖွဲ့များက ပါကစ္စတန်-အာဖဂန်နယ်စပ်ဒေသတစ်လျှောက် ခွဲဝေအုပ်ချုပ်ခွင့်ရ မိုမန့်ဒ်အေဂျင်စီ လူမျိုးစုဒေသရှိ စစ်ဆေးရေးဂိတ်ကို ပိတ်ဆို့ဟန့်တားမှုပြုရာ စစ်သွေးကြွခြောက်ဦးသေဆုံးခဲ့သည်။

စစ်ဆေးရေးဂိတ်တွင် စစ်သွေးကြွရှစ်ဦးမှ ကိုးဦးအထိ လုံခြုံရေးတပ်ဖွဲ့များနှင့် အပြန်အလှန်ပစ်ခတ်မှုပြုသော်လည်း လုံခြုံရေးတပ်ဖွဲ့များက မဆုတ်မနစ်ပြန်လည်ခုခံသောကြောင့် နောက်ဆုံးတွင် စစ်သွေးကြွ ခြောက်ဦး သေဆုံးပြီး အခြားစစ်သွေးကြွများ ထွက်ပြေးတိမ်းရှောင်သွားရကြောင်း သိရသည်။

ထို့ပြင် ကာပါဒေသ သောင်းကျန်းသူ ရှာဖွေရေးစစ်ဆင်မှုတစ်ရပ်တွင်လည်း စစ်သွေးကြွခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဖီဂျီနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြေညာချက်တစ်ရပ်ထုတ်ပြန်

**ဆူဗာ ဖေဖော်ဝါရီ ၂၀**

အင်အားကောင်းသောအပူပိုင်းမုန်တိုင်း ဝင်စတန်သည် တောင်ပစိဖိတ်ကျွန်းနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် စနေနေ့က ဖီဂျီနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ရကြောင်း အစိုးရပိုင်ရုပ်သံက သတင်းဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

# အာဖဂန်တပ်ဖွဲ့များ ဟဲလ်မန့်ပြည်နယ် မဟာဗျူဟာဒေသမှ ပြန်လည်ဆုတ်ခွာ

**လက်ရှ်ကာ(အာဖဂန်နစ္စတန်) ဖေဖော်ဝါရီ ၂၀**

အာဖဂန်တပ်ဖွဲ့များသည် တာလီဘန်သောင်းကျန်းသူများနှင့် လပေါင်းများစွာပြင်းထန်သောတိုက်ပွဲများ ဖြစ်ပွားပြီးနောက် တောင်ဘက်ပြည်နယ် ဟဲလ်မန့်၏ မဟာဗျူဟာဒေသ မူဆာဂူလာမှ ပြန်လည်ဆုတ်ခွာလာပြီဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တာလီဘန်တို့၏ရိုးရာအသည်းနှလုံးနယ်မြေဖြစ်ပြီး ကမ္ဘာ့အကြီးဆုံးဘိန်းထုတ်လုပ်ရာ နေရာတစ်ခုဖြစ်သော ဟဲလ်မန့်ပြည်နယ်သည် စိုးရိမ်ထိတ်လန့်မှုများကို လပေါင်းများစွာခံစားခဲ့ရသည်။ ထို့ကြောင့် အမေရိကန်အစိုးရက ၎င်း၏ခံစစ်ကို အထောက်အပံ့ပြုရန် တပ်မတော်သားရာပေါင်းများစွာကို ယင်းပြည်နယ်သို့ပို့ခဲ့သည်။

မူဆာဂူလာနှင့် ဟဲလ်မန့်၏အခြားအစိတ်အပိုင်းများတွင် လပေါင်းများစွာတိုင်အောင် ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အမေရိကန်လေကြောင်း ထောက်ခံ အာဖဂန်တပ်ဖွဲ့မှ မတိုက်ခင်အချိန် လွန်ခဲ့သောနှစ် ဩဂုတ်လတွင် တာလီဘန်တပ်ဖွဲ့များက ယင်းပြည်နယ်များကို စီးနင်းမှုများပြုလုပ်ခဲ့သည်။

အမေရိကန်အရာရှိများက တာလီဘန်တပ်ဖွဲ့များသည် နိုင်ငံ၏သုံးပုံပုံတစ်ပုံကို ခြိမ်းခြောက်လွှမ်းမိုးမှုများပြုလုပ်နေကြောင်း၊ အနည်းဆုံးပြည်နယ်လေးခုကို အပိုင်းစီးထားကြောင်း ခန့်မှန်းခဲ့သည်။ လွန်ခဲ့သောနှစ်က ကွန်ဒုဇ်ပြည်နယ်ကို ယင်းအဖွဲ့ကသိမ်းပိုက်ခဲ့သည်ဟု အကြမ်းဖျင်းအားဖြင့် သတ်မှတ်ထားသော်လည်း ပြည်နယ်မြို့တော်များကို ထိန်းချုပ်ခြင်းမပြုနိုင်ကြောင်း ကန်အရာရှိများက ပြောခဲ့သည်။

နိုင်ငံတကာကပြုလုပ်သော စစ်ဆင်ရေးများ ၂၀၁၄ ခုနှစ်ကတည်းက အဆုံးသတ်ခဲ့သောကြောင့် တာလီဘန်တပ်ဖွဲ့များသည် တိုက်ခိုက်မှုများကို နိုင်ငံအနှံ့ အရှိန်မြှင့်ပြုလုပ်လျက်ရှိရာ ဟဲလ်မန့်ဒေသသည် အန္တရာယ်နှင့်ကြုံတွေ့နေရသောဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**



အာဖဂန်အမျိုးသား တပ်မတော်ယာဉ်တစ်စီးကို အာဖဂန်နစ္စတန် ဟဲလ်မန့်ပြည်နယ်စစ်စခန်းတစ်ခုတွင် ရပ်နားထားသည်ကိုတွေ့ရစဉ်။

# ပဉ္စမအကြိမ်ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးဆွေးနွေးချက်များ သဘောတူညီမှုရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပခဲ့မှုအပေါ်သုံးသပ်ဆွေးနွေးရန်၊ ယခင်ကပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အစည်းအဝေးအဆင့်ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှု အခြေအနေများဆွေးနွေးရန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စများဆွေးနွေးရန်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှတ်တမ်းနှင့် ဆွေးနွေးချက်အစီရင်ခံစာများ ထုတ်ပြန်ရေးကိစ္စတို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ ပဉ္စမအကြိမ်အစည်းအဝေးကို ပြုလုပ်ခဲ့သည်။** (အောက်ပုံ)



သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်

အဆိုပါ အစည်းအဝေးအား ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC၏ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံရေးပါတီအစုအဖွဲ့မှ ဦးသုဝေတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အဖွင့်အမှာစကားပြောရာတွင် "ဒုတိယလွှတ်တော်ကနေ UPDJC အဖွဲ့ဝင်အဖြစ် ဒီကနေ့ တက်ရောက်လာကြတဲ့ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌ နှစ်ဦးကိုလည်း UPDJC က ကြိုဆိုပါတယ်။ အားလုံးရဲ့ ကြိုးပမ်းမှုကြောင့် NCA လည်း လက်မှတ်ထိုးနိုင်ခဲ့ပါပြီ။ ကျွန်တော်တို့အစိုးရအနေနဲ့ ကျန်ရှိနေသေးတဲ့ သက်တမ်းအတွင်းမှာ လုပ်နိုင်တာတွေ အားလုံးကို စေတနာနဲ့ရော တာဝန်အရပါ လုပ်ပေးသွားပါမယ်။ ကျွန်တော်တို့အနေနဲ့ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ကိုသွားပြီး NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေနဲ့ သွားရောက်တွေ့ဆုံဆွေးနွေးဖို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ NCA လက်မှတ်ထိုးပြီး နိုင်ငံရေးလုပ်ငန်းစဉ်တွေကလည်း စနေပြီဆိုတော့ အခြားတိုင်းရင်းသားအဖွဲ့တွေအနေနဲ့ ပါဝင်လာနိုင်ဖို့ အချိန်ကောင်းလည်းဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ သိပ်ပြီးနူးညံ့သိမ်မွေ့ပါတယ်။ ဒါ့ကြောင့် အခုရထားတာတွေကို မရရအောင် ဆက်ထိန်းပြီး ရှေ့ကိုရောက်အောင် အားလုံးအတူလက်တွဲသွားကြဖို့ လိုပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ UPDJC တွင်ပါဝင်လာသည့် ဒုတိယလွှတ်တော်များမှ ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ရှီလာနန်တောင်နှင့် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်းတို့က မိတ်ဆက်စကားပြောကြားသည်။

ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးခွန်မောင်သောင်းက "ကျွန်တော်တို့တာဝန်နဲ့ ဝတ္တရားအရ လွှတ်တော်အနေနဲ့ သတ်မှတ်ပေးလို့ ပါဝင်လာခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားတွေရဲ့ စာပေယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ၊ တိုင်းရင်းသားဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းပန်းဆက်သွယ်ရေးစတဲ့ အရာတွေကို တာဝန်ယူဆောင်ရွက်ပေးဖို့ပါ။ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စနဲ့ ပတ်သက်လို့တွေ့ဆုံဆွေးနွေးမယ်။ ညှိနှိုင်းပေါင်းစပ်မယ်။ နောက်လွှတ်တော်ကို တင်ပြမယ်ဆိုတဲ့ ဝတ္တရားတွေလည်း ကျွန်တော်တို့မှာ ရှိမှာဖြစ်ပါတယ်။ ပင်လုံစာချုပ်ကနေ ပေါက်ဖွားလာတဲ့ ဒီငြိမ်းချမ်းရေးကို သဘောရိုးနဲ့ စေတနာမှန်နဲ့ ဝိုင်းဝန်းတည်ဆောက်ကြိုးပမ်းမယ်ဆို အလားအလာကောင်းတွေ အများကြီးရှိမယ်လို့ ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းနဲ့ ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ပိုမိုပါဝင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကတိပြုပါတယ်" ဟု ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေး၌ လာမည့်မတ် ၃၀ ရက် အစိုးရအလွှဲအပြောင်းပြီးသည့်အခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း လွှဲပြောင်းပေး၍ ချောချောမွေ့မွေ့ လုပ်ဆောင်နိုင်ရန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပခဲ့မှုအပေါ် သုံးသပ်ဆွေးနွေးရာတွင် NCA ရဲ့ ပြဋ္ဌာန်းချက်အတိုင်း စတင်ဆောင်ရွက်ရန်၊ NCA တွင် ပြဋ္ဌာန်းထားသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စများဆောင်ရွက်ရန်၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံမှတ်တမ်းနှင့် ဆွေးနွေးချက်အစီရင်ခံစာများ ထုတ်ပြန်ရေး မှတ်တမ်းဆွေးနွေးချက်နှင့် အစီရင်ခံစာများအား အစိုးရမပြောင်းခင် မတ်လအတွင်း အချောသပ်၍ ထုတ်ပြန်ရန်၊ ဆဋ္ဌမအကြိမ်ပြုလုပ်ကျင်းပမည့် အစည်းအဝေးအား မတ် ၁ ရက်တွင် ခေါ်ယူရန် ဆွေးနွေးနိုင်ခဲ့ကြောင်း MPC ၏အထူးအကြံပေး ဦးလှမောင်ရွှေထံမှ သိရသည်။

ဦးလှမောင်ရွှေက "ကျွန်တော်တို့ဒုတိယလွှတ်တော်များက ဖေဖော်ဝါရီ ၁ ရက်မှာစပါတယ်။ အဲ့ဒီလွှတ်တော်များက UPDJC ကိုယ်စားလှယ် နှစ်ဦးကို ဒီနေ့စေလွှတ်ပါတယ်။ UPDJC အဖွဲ့ဝင်အနေနဲ့ပါ။ အခုလက်ရှိ UPDJC မှာ အစိုးရဘက်က ကိုးဦး၊ တပ်မတော်ဘက်က ငါးဦး၊ လွှတ်တော်က နှစ်ဦးအနေနဲ့ရှိပါတယ်။ နောင်အစိုးရတစ်ခုပြောင်းလို့ ပုံစံပြောင်းရင်လည်း ကျွန်တော်တို့ UPDJC က ဆက်ရှိမှာပါ။ နောက်ဝန်ကြီး ဦးအောင်မင်းက NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားအဖွဲ့ ခုနစ်ဖွဲ့ကို သူ့အနေနဲ့ အခုလုပ်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အကြောင်း နားလည်လာအောင် တွေ့ဆုံရှင်းပြဖို့ရှိပါတယ်"ဟုပြောသည်။

ပဉ္စမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သို့ UPDJC အဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တက်ရောက်ကြသော ဦးခွန်မောင်သောင်းသည် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သူတစ်ဦးဖြစ်သည်။ မြစ်ကြီးနားတွင်နေထိုင်သည့် ဒေါ်ရှီလာနန်တောင်သည် အမျိုးသားဒီမိုကရေစီပါတီ(NLD) ၏ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဖြစ်ပြီး တက္ကသိုလ်အငြိမ်းစား ပါမောက္ခတစ်ဦးဖြစ်သည်။

## ဆီးနှင်းများထူထပ်စွာကျရောက် ခရီးသွားများအခက်အခဲဖြစ် ရေယာဉ်ကြီးကြပ်ရေးအဖွဲ့မှ ဆောင်ရွက်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်းရှိ ခရီးသွားလုပ်သားပြည်သူများနှင့် အဋ္ဌမတန်းစာမေးပွဲဖြေဆိုကြမည့် ကလေးငယ်များသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၆နာရီခွဲမှ ၇ နာရီခွဲအထိ ဆီးနှင်းများ ပိတ်ဆို့ ကျရောက်ခြင်းကြောင့် သွားလာရေးကြန့်ကြာမှုအခက်အခဲနှင့် ရင်ဆိုင်ရသလို စာမေးပွဲဖြေဆိုမည့် ကလေးငယ်များလည်း အခက်အခဲဖြစ်လျက်ရှိကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ရာ အလတ်ချောင်းရပ်ကွက် အဋ္ဌမတန်းစာမေးပွဲဖြေဆိုမည့် ကလေးငယ်များ စာမေးပွဲခန်း အချိန်မီရောက်ရှိနိုင်ရေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားလာမှုအဆင်ပြေချောမွေ့ရန်အတွက် ရေယာဉ်ကြီးကြပ်ရေးအဖွဲ့က အထူးကြပ်မတ်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ဆီးနှင်းများ ကျရောက်ခြင်းမှာ နံနက် ၆ နာရီခွဲမှ ၈ နာရီခွဲအထိကျ ရောက်ခဲ့ကြောင်း တွေ့ရှိရသည်။ **(အောက်ပုံ)** **ရွှေတိုင်လွင်**



## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)ကုန်းတလပေါင်ဆေးပေးခန်းဖွင့်



**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၏ ကုန်းတလပေါင်ဆေးပေးခန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာရှိ အဆိုပါ ဆေးပေးခန်းဝင်း အတွင်း ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်က ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်လာစေရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့်ဆေးပေးခန်းအတွက် လိုအပ်သည့် ဆေးဝါးနှင့် ကုသရေးအထောက်အကူပြုပစ္စည်းများနှင့် လူနာတင်ယာဉ်ကို လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကုန်းတလပေါင်ဆေးပေးခန်းကို ဒေသခံဆရာဝန် ကိုးဦးအပြင် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးမှ ဆရာဝန် ဆရာမများနှင့်ပူးပေါင်းပြီး ရက်သတ္တတစ်ပတ်သုံးကြိမ် ဆေးခန်းဖွင့်လှစ်ကာ အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆေးခန်း ဖြစ်လာတဲ့အတွက် အနီးအနားမှာရှိတဲ့ သံဃာတော်တွေ၊ သီလရှင်တွေ၊ ပြည်သူတွေကို အခမဲ့ကုသပေးလို့ရပြီ၊ ဆေးရုံတင်ဖို့လိုအပ်ရင်လည်း ဗဟန်းမှာရှိတဲ့ ဇီဝိတဒါနသံဃာ့ဆေးရုံမှာ တင်ပေးသွားမယ်" ဟု ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က ပြောသည်။

ကုန်းတလပေါင်ဆေးပေးခန်းကို တစ်ဦးတည်း အလှူရှင်ဒေါ်ပိုးဖြူက မြေ ငါးဧကနှင့် ငွေကျပ်သိန်း ၂၀၀၀ ကို လှူဒါန်းခဲ့ရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ဆေးပေးခန်းနှင့် စာကြည့်တိုက်ကို ယနေ့ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကုန်းတလပေါင်ဆေးပေးခန်းနှင့် ပိုးမီးအိမ်စာကြည့်တိုက် အလှူရှင် ဒေါ်ပိုးဖြူက "သဲအင်းဂူကျောင်းမှာ တရားလာထိုင်ရင်း ဒီအရပ်ဒေသမှာ ဘုန်းကြီးကျောင်းတွေ၊ သီလရှင်ကျောင်းတွေက အများကြီးတွေ့ရတယ်၊ ဆေးခန်းရှိလားဆိုပြီးစုံစမ်းကြည့်တော့ ဆေးခန်းမရှိတာနဲ့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနဲ့ ချိတ်ဆက်ပြီးလှူဖြစ်သွားတယ်"ဟု ပြောသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်၊ ကုန်းတလပေါင်ဆေးပေးခန်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဝင်းလှိုင်နှင့် အလှူရှင် ဒေါ်ပိုးဖြူတို့က ဆေးပေးခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်က အဆောက်အအုံ စာတမ်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ဝဲပုံ)** အမွှေးနံ့သာရည် ပက်ဖျန်းကာ ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဆေးပေးခန်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် ပိုးမီးအိမ်စာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယ ဥက္ကဋ္ဌ ဦးညွန့်ဆွေက အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးအောင်ကြည်က လက်ခံခဲ့သည်။ **မင်းသစ်၊ ဓာတ်ပုံ - ရဲထွဋ်**

# ရခိုင်ပြည်နယ်တစ်ဝန်းလုံး၌ အိမ်တိုင်ရာရောက် ကောက်သင်းကောက်စနစ်ဖြင့် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**စစ်တွေ ဖေဖော်ဝါရီ ၂၀**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (ဖေဖော်ဝါရီလ ၂၀၁၆) (National Immunization Days, February 2016) ဟု သတ်မှတ်ထားသော်လည်း ရခိုင်ပြည်နယ်တစ်ဝန်းလုံး၌ အိမ်တိုင်ရာရောက် ကောက်သင်းကောက်စနစ်ဖြင့် ပိုလီယိုကာကွယ်ဆေးကို မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးငယ်တိုင်းအား တိုက်ကျွေးပေးနေကြပြီဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ အမျိုးသားကာကွယ်ဆေးတိုက်နေ့ များအဖြစ် သတ်မှတ်ပေးထားသော်လည်း ကောက်သင်းကောက် ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးခြင်း (စတုတ္ထအကြိမ်) နည်းဗျူဟာဖြင့် ဆောင်ရွက်နေရသော ရခိုင်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂၄ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(ဖေဖော်ဝါရီလ ၂၀၁၆)ဖွင့်ပွဲကို ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း တက်ရောက်အမှာစကားပြောကြားသည်။

ယင်းဖွင့်ပွဲသို့ ရခိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UNICEF မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြောင်း သိရသည်။

ယခု ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသော အခါတွင်လည်း မောင်တောမြို့နယ်အား အဓိက ပိုလီယိုရောဂါဖြစ်ပွားသော မြို့နယ် (Outbreak Township) ဟု သတ်မှတ်ပြီး ၎င်းနှင့်နီးစပ်သော ဘူးသီးတောင်မြို့နယ် အပါအဝင် ယင်းနှစ်မြို့နယ်တွင် မွေးကင်းစမှ အသက် ၁၀ နှစ်အထိ ကလေးတိုင်း



**စစ်တွေမြို့နယ် တောက်တက်ကျေးရွာ၌ စေတနာ့ဝန်ထမ်းတစ်ဦးက ကလေးငယ်တစ်ဦးကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးစဉ်။**

အား လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်မှ ဝင်လာသူများနှင့် ၎င်းသို့သွားရောက်မည့်သူများကို မွေးကင်းစမှ အသက်ကြီးပိုင်းထိကို ဝင်/ထွက်ဂိတ်များမှ လည်းကောင်း၊ လူမျိုးမရွေး ဘာသာမရွေး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

**အလေးထားဆောင်ရွက်၍ လွှမ်းခြုံမှု ကျော်လွန်**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ၂၀၁၅ ခုနှစ် ဧပြီလနှင့် အောက်တိုဘာလအတွင်းက ကာကွယ်ဆေးမှ အသွင်ပြောင်းလာသော အသွင်ပြောင်း ပိုလီယိုရောဂါပိုး(circulating Vaccine Drived Polio Virus- cVDPV Type II) ကို တွေ့ရှိခဲ့ရာ မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ယူနီဆက်တို့ပူးပေါင်းကာ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးခဲ့သည်။

၎င်းအစီအစဉ်အရ ရခိုင်ပြည်နယ် ၁၀ မြို့နယ်နှင့် အိမ်နီးချင်းငါးမြို့နယ်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း (Mopping Up OPV) ပထမအကြိမ်ကို ဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်တွင် ရည်မှန်း ဦးရေ ၃၂၀၇၈၀ ရှိပြီး ၃၁၃၃၃၄ ဦးကို ဆေးတိုက်ပေးနိုင်ခဲ့ကာ ၉၇ ဒသမ ၇၀ ရာခိုင်နှုန်း လွှမ်းခြုံမှုရရှိခဲ့ကြောင်း၊ ရခိုင်ပြည်နယ် ၁၇ မြို့နယ်နှင့် အိမ်နီးချင်းငါးမြို့နယ်တွင် ၂၀၁၅ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်ထိ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဆေးတိုက်ကျွေးရန် ၄၈၁၅၉၉ ဦး ရည်မှန်းထားပြီး ၅၂၀၁၄၈ ဦးကို ဆေးတိုက်ကျွေးပေးနိုင်ခဲ့ရာ ၁၀၈ ရာခိုင်နှုန်းအထိ လွှမ်းခြုံမှုရရှိခဲ့ကြောင်း၊ ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (ဇန်နဝါရီလ ၂၀၁၆) (Sub-national Immunization Days-January 2016) အဖြစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ရခိုင်ပြည်နယ် ၁၇ မြို့နယ်အပါအဝင် ၁၇၁ မြို့နယ်တွင် ဆောင်ရွက်သော ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုတွင်လည်း ရခိုင်ပြည်နယ်၌ ၄၈၁၅၉၉ ဦး ရည်မှန်းထားပြီး ၅၀၂၅၁၃ ကို ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း (တတိယအကြိမ်) နည်းဗျူဟာဖြင့် ဆေးတိုက်ကျွေးပေးနိုင်ခဲ့ရာ ၁၀၄ ဒသမ ၃၄ ရာခိုင်နှုန်း လွှမ်းခြုံမှုရရှိခဲ့ကြောင်း၊ ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများ မှတ်တမ်းအရ လေ့လာသိရှိရသည်။

ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးပေးသောအခါတိုင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အပါအဝင် အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့များ၏ ထောက်ပံ့မှု၊ ရခိုင်ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၏ အလေးထား ဆောင်ရွက်ပေးမှု၊ ကျန်းမာရေးဝန်ထမ်း အသီးသီးနှင့် လူမှုရေးအဖွဲ့အစည်းများ၏ စေတနာထား ဆောင်ရွက်ပေးမှုများဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး ဆောင်ရွက်ပေးသော စွမ်းရည်များကြောင့် အောင်မြင်မှုများရရှိခဲ့ကြောင်း သိရသည်။

**စေတနာ့ဝန်ထမ်းများအရေးပါ**

အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင်လည်းကောင်း၊ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင်လည်းကောင်း၊ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ကာကွယ်ဆေးတိုက်သော အခါတွင် လည်းကောင်း ကျန်းမာရေးဝန်ထမ်းများဖြင့် မလုံလောက်နိုင်ဘဲ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းကာ ပိုလီယိုကာကွယ်ဆေးများကို တိုက်ကျွေးပေးနေရကြောင်း သိရသည်။

ယခုနှစ်သည် အယ်လ်နီညိုရာသီကျရောက်ရန် ဦးတည်နေရာ ရာသီဥတုသည် တစ်နေ့ထက်တစ်နေ့ ပူပြင်းလာလျက်ရှိသည်။ ဖေဖော်ဝါရီလ ရခိုင်ပြည်နယ်၏ နေပူချိန်သည် ပူပြင်းစပြုနေပေပြီ။ နံနက်ပိုင်းမှ ညနေပိုင်းအထိ တစ်အိမ်ဝင်တစ်အိမ်ထွက်ကာ ကာကွယ်ဆေးတိုက်ကျွေးပေးနေသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကိုမြင်ရသည်မှာ ချွေးဒီးဒီးကျနေသော်လည်း မောပန်းမှုကားမတွေ့ရ။ သူတို့၏စေတနာအအေးဓာတ်က သူတို့အား အပူဒဏ်ကကာကွယ်ပေးနေသလားဟု အောက်မေ့ရသည်။

စစ်တွေမြို့ ရဲနွယ်စုရပ်ကွက်တွင် စေတနာ့ဝန်ထမ်းအဖြစ် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးနေသော ဒေါ်သိန်းသိန်းယဉ်က "ကျွန်မကတော့ ကာကွယ်ဆေးတိုက်တိုင်းကူညီပေးပါတယ်။ ပိုလီယိုရောဂါကင်းစင်ဖို့အတွက် အခုလိုကာကွယ်ဆေးတိုက်ရာမှ ပါဝင်ခွင့်ရတာကုသိုလ်တစ်ခုကို ပြုရသလိုခံယူပါတယ်။ ကျွန်မတို့ နေထွက်ကနေ နေဝင်ထိ တစ်အိမ်ဝင်တစ်အိမ်ထွက် ဆေးတိုက်ပေးရာမှာ နေ့လယ်ပိုင်းဆိုရင်အလွန်မောပါတယ်။ ဒါပေမယ့် ကျွန်မတို့ကတော့ စေတနာအပြည့်ပါပဲ"ဟု ရင်တွင်း စကားဖွင့်ဟသည်။

ပိုလီယိုဆေး တိုက်ကျွေးမှုကို မိဘများကလည်း လိုလိုလားလားရှိကြသည်။ အကြောင်းအမျိုးမျိုး

**သတင်းဆောင်းပါး-ကိုကြီးစော**
**ဓာတ်ပုံ-ဓညစော**

ကြောင့် ခရီးသွားလာနေကြသူများလည်း မိမိတို့၏ကလေးငယ်များကို ကာကွယ်ဆေးတိုက်သော နေရာများတွင် လာရောက်ပြီး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးကြသည်။ မိဘများအနေဖြင့် ပိုလီယိုရောဂါဆိုးကြီးကို ရခိုင်ပြည်နယ်တွင် သာမက ကမ္ဘာကြီးမှ ကင်းဝေးလိုကြသည်။

"ပိုလီယိုရောဂါဟာ ကူးစက်ရင် အကြောသေသွားမယ်။ ပြင်းထန်ရင် အသက်သေမယ်လို့ သိရပါတယ်။ ဒုက္ခိတဘဝ ရောက်သွားရတဲ့သူတွေကိုမြင်ရလို့လည်း စိတ်မကောင်းပါဘူး။ ခုလိုပင်ပန်းခံပြီး စေတနာရှိရှိနဲ့ တစ်အိမ်ဝင်တစ်အိမ်ထွက် ဆေးတိုက်ပေးနေတဲ့သူတွေကို ကျေးဇူးတင်သလို လေးစားဂုဏ်ပြုပါတယ်။ ပိုလီယိုရောဂါဆိုး ရခိုင်ပြည်နယ်အပါအဝင် ကမ္ဘာကြီးမှ အမြန်ပျောက်နိုင်ပါစေလို့ ဆိုပါရစေ"ဟု စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်မှ ဦးစံရွှေမောင်က ပြောသည်။

**အားလုံးဝိုင်းဝန်းဆောင်ရွက်**

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(ဖေဖော်ဝါရီလ ၂၀၁၆)အဖြစ် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းသည် ကလေးငယ်များအား မသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် ပိုလီယိုကာကွယ်ဆေးကို အပိုဆောင်း တိုက်ကျွေးပေးခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နေသော ဤလုပ်ငန်းအောင်မြင်ရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ရန်လိုသည်။ အားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်မှ ပိုလီယိုရောဂါဆိုးကြီး အလျင်အမြန်ကင်းဝေးမည်ဖြစ်သည်။ ပိုလီယိုဘေး ကင်းစင်ဝေးဖို့ ရင်သွေးငယ်တို့အား ကာကွယ်ဆေး တိုက်ကျွေးပေးကြပါစို့ဟု တိုက်တွန်း ရေးသားလိုက်ရပါကြောင်း။

◆ *ကျော့ဖုံးမှ*

ချင်းအမျိုးသားနေ့ကို ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့် ချင်းဝိသေသ တိုင်းညီလာခံအရ ဖေဖော်ဝါရီ ၂၀ ရက်ကို နှစ်စဉ်နှစ်တိုင်း ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အစိုးရသို့ တင်ပြတောင်းဆိုခဲ့ရာ ခွင့်ပြုခဲ့၍ ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ပထမဆုံးအကြိမ် ချင်းအမျိုးသားနေ့ကို မင်းတပ်မြို့တွင် ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့သည်။ ယခင်က ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်အတွင်းတွင် တရားဝင်ရုံးပိတ်ရက်အထိ ခွင့်ပြုခဲ့ဖူးကြောင်း သိရသည်။

"ဒီချင်းအမျိုးသားနေ့အခမ်းအနားမှာ ကျွန်မက ရိုးရာဝါးညှပ်အကနဲ့ ဖျော်ဖြေရမှာပါ။ တစ်ခါမှ အခုလို ပွဲကြီးတွေမှာ မဖျော်ဖြေဖူးပါဘူး။ ပျော်လည်းပျော်သလို၊ ရင်လည်းခုန်ပါတယ်။ အခုလိုပွဲမှာ ပျော်တာထက် တစ်ခုဝမ်းသာစရာကောင်းတာက ချင်းလူမျိုးပေါင်းစုံကို ဒီမှာ တွေ့ရသလို တစ်ခါမှမမြင်ဘူးရတဲ့ ဝတ်စုံမျိုးတောင် မြင်ရပါတယ်။ နောင်နှစ်တွေမှာလည်း တတ်နိုင်သလောက် ပါဝင်ဆင်နွှဲဖို့ စိတ်ကူးထားပါတယ်"ဟု ချင်းရိုးရာဝါးညှပ်အကတွင် ပါဝင်ဖျော်ဖြေမည့် မလမူဆန်းစုံက ပြောသည်။

ယနေ့ကျင်းပသည့် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ ဖွင့်ပွဲအခမ်းအနားကို ချင်းတို့ဌာနေ အဖွင့်သီချင်းဖြင့် စတင်ခဲ့ပြီး ချင်းအမျိုးသားခေါင်းဆောင်ကြီးများအား တစ်မိနစ် ငြိမ်သက်ဂါရဝပြုခြင်း၊ နိုင်ငံတော်သမ္မတ သဝဏ်လွှာဖတ်ကြားခြင်း၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ချင်းဘာသာစကားများဖြင့် နှုတ်ခွန်းဆက်စကား ပြောကြားခြင်းတို့အပြင် သက်ဆိုင်ရာမြို့နယ်အလိုက် ရိုးရာအကအဖွဲ့ ၁၀ ဖွဲ့တို့က အလှည့်ကျ ဖျော်ဖြေခဲ့သည်။



**ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက်၌ ဖေဖော်ဝါရီ ၂၀ ရက်က ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးစဉ်။** မျိုးဇေယျာ(ပျဉ်းမနား)

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်**

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နိုင်ငံတကာအဆင့်မီ အိမ်ဆောက်ပစ္စည်း၊ လူသုံးကုန်နှင့်လျှပ်စစ်ပစ္စည်း Pro-1 Home Center ပြခန်းဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့ နံနက် ၁၀ နာရီခွဲက အမှတ်(၅) အောက်ပုဇွန်တောင်လမ်းမကြီး ပုဇွန်တောင်မြို့နယ်တွင် ကျင်းပသော နိုင်ငံတကာအဆင့်မီ Pro-1 Home Center ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် Pro-1 Home Center သည် နိုင်ငံတကာအဆင့်တန်းမီ အိမ်သုံးပစ္စည်းအမျိုးမျိုးအား တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်ရန် ခင်းကျင်းပြသရောင်းချလျက်ရှိသည့်အတွက် များစွာ ဂုဏ်ယူပါကြောင်း၊ ထိုသို့ အရည်အသွေးကောင်းမွန်သော ပစ္စည်းများအား ရောင်းချသဖြင့် ဝယ်ယူသုံးစွဲသူများအနေဖြင့် လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Pro-1 Home Center ၏ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးထွေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ Farmer Poe Yar Zar Co., Ltd. ဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ Pro-1 Home Center မန်နေဂျင်းဒါရိုက်တာ ဦးမျိုးထွေးနှင့် တာဝန်ရှိသူများက ပြခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြခန်းအတွင်း ခင်းကျင်းပြသထားသော နိုင်ငံတကာအဆင့်မီ အိမ်ဆောက်ပစ္စည်းများ၊ အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ပြည်နယ်အဆင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၂၀

**အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၁၆ ခုနှစ် ပြည်နယ်အဆင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပကြောင်း သိရသည်။**



မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံ တိုက်ကျွေးခြင်းဖြင့် ကူးစက်ရောဂါ ကိုးမျိုးမှ ကင်းဝေးစေရေး အတွက် ပုံမှန် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကုန်အထိ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ကာကွယ်ဆေးအသစ် လေးမျိုး ပိုမိုထည့်သွင်း ထိုးနှံခဲ့ကြောင်း ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကား၌ ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် **(ဝဲပုံ)**၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်များအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်ရေး စာမေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် စာရင်းဝင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ အစုရှယ်ယာများကိုတာဝန်ယူ၍ ရန်ကုန်စတော့အိတ်ချိန်းတွင် အရောင်းအဝယ်ပြုလုပ်ပေးမည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ ကိုယ်စားလှယ်များကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်လိုင်စင်ပေးအပ်နိုင်ရန် ဘာသာရပ်ဆိုင်ရာ အရည်အချင်းစစ်စာမေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) ပထမထပ်ရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

စာမေးပွဲအောင်မြင်သူများအား တစ်ဦးချင်းအလိုက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် အလားတူ စာမေးပွဲများကို ပုံမှန်ကျင်းပ၍ လိုင်စင်များထုတ်ပေးသွားမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုသူများအား ကော်မရှင်ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာ ပညာရပ်များကို ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် ရန်ကုန်စတော့အိတ်ချိန်းသင်တန်းခန်းမ၌ နိုင်ငံတကာတွင် သုံးနေသော သင်ရိုးညွှန်းတမ်းနှင့် မှတ်စုများအတိုင်း သင်ကြားပို့ချပေးခဲ့သည်။ **(သတင်းစဉ်)**

## ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**(မိုး/ဇလ)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀** ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

# ပြင်ဦးလွင်မြို့နယ် ကန်ဒီစိုက်ကွင်း ဧက ၂၃၀ အတွင်း ကျူးကျော်နေထိုင်သူများနှင့် တာဝန်ရှိသူများ ဆွေးနွေး

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် လွန်ကောင်းကျေးရွာ အုပ်စုအတွင်းရှိ ကန်ဒီစိုက်ကွင်း ဧက ၂၃၀ အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ကြသည့် ကျူးကျော်နေထိုင်သူများကို တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါနေရာများသို့ သွားရောက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်းက ကန်ဒီစိုက်ကွင်း ဧက ၂၃၀ အတွင်း ကျူးကျော်ဝင်ရောက်ကြသူများအနေဖြင့် ယခုမြေနေရာသည် အစိုးရပိုင်မြေဖြစ်သည့်အတွက် အစိုးရကသာ စီမံပိုင်ခွင့်ရှိကြောင်း၊ ယခုလို လာရောက်ရခြင်းသည် ဥပဒေနှင့် မငြိစွန်းစေရန်အတွက် ရှင်းလင်းပြောပြခြင်းဖြစ်ကြောင်း၊ ကျူးကျော်ဝင်ရောက်ကြသူများအနေဖြင့် ခုနှစ်ရက်အတွင်း အပြီးဖယ်ရှားပေးရန်လိုကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့မှ ဦးစီးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကန်ဒီစိုက်ကွင်းနှင့်ပတ်သက်၍လည်းကောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများကို လည်းကောင်း အသေးစိတ်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျူးကျော်နေထိုင်သူများက ယင်းတို့၏ လိုအပ်ချက်များနှင့် တောင်းဆိုမှုများကို ပြောကြားကြရာ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ညှိနှိုင်းမှုများ ပြုလုပ်ကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ဆက်လက်တင်ပြနိုင်ရန် စာရင်းပြုစုမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ညီညာဆင်နွှဲထမနဲ

- မြောက်ပြန်လေဝဲ၊ ဆီးနှင်းရွှဲ
ချမ်းမြဲချမ်းဆဲသာ၊
- ဆေးဖက်ဝင်ကဲ၊ ထမနဲ
ထိုးပွဲပျော်စရာ
- ချင်း-ကောက်ညှင်းဆန် မြေပဲဆန်
ဆားရန်-နှမ်း-ဆီပါ၊
- ရေကိုင်ဆရာ၊ အခရာ
သေချာညွှန်ပြလာ၊
- ထိုးကြနဲ့ကြ၊ ကြိတ်ချေကြ
သမ မျှစေရာ၊
- ပေါင်းစပ်စုံတွဲ ထမနဲ
ထူးကဲမြတ်ရသာ၊
- ဆွမ်းတော်ဦးတင် ဘုရားရှင်
ကြည်လင်လှူဒါန်းကာ
- ပေးကမ်းဝေငှ၊ စားသုံးကြ၊
မြန်မာ့အစဉ်လာ၊
စုပေါင်းညီညာ၊ မြိုက်ရသာ၊
ပမာယူကြရာ၊
ကြည်သာဆင်နွှဲ၊ ထမနဲ၊
အမြဲနှစ်တိုင်းသာ၊
ပြည်ရွာရွှင်ကဲ၊ စုံညီပွဲ၊ ဆကဲ
ချစ်စရာ။ ။

ကိုရင်ထွန်းလွင်(သမန်းကန်)တံတားဦး



# နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် မော်လမြိုင်မြို့၌ ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးမောင်မြင့်၊ ဦးကျော်လွင်၊ ဦးအေးမြင့်၊ ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့၌ ကျင်းပသည့် မြန်မာ့အလင်းရောင် ကုမ္ပဏီလီမိတက်၏ ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် မင်းနောင်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ကရင်အမျိုးသား အစည်းအရုံး(KNU)ဥက္ကဋ္ဌ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်သုံးစွဲလျက်ရှိသော နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ ကျောက်မီးသွေးစသည့် တွင်းထွက်လောင်စာများကို အသုံးပြုပြီး ဓာတ်အားထုတ်လုပ်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သည့် ရေအား၊ လေအား၊ နေအားများကို အသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်းအပြင် အခြားဇီဝနှင့် စွန့်ပစ်ပစ္စည်းလောင်စာတို့မှ ဓာတ်အားထုတ်လုပ်နိုင်ခြင်း စသည်ဖြင့် နည်းလမ်းအသွယ်သွယ်ကို အသုံးပြုကာ ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဓာတ်ငွေ့ကို အသုံးပြုပြီး ဓာတ်အားထုတ်လုပ်နိုင်မည့် စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင်လည်း ၂၀၁၁ ခုနှစ်တွင် နိုင်ငံပိုင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၀ ရုံ (တပ်ဆင်အင်အား ၇၁၅ မဂ္ဂါဝပ်)မှ မဂ္ဂါဝပ် ၂၇၀ သာ ထုတ်လုပ်ပေးနိုင်ခဲ့ပါကြောင်း။





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

အစိုးရသစ် တက်လာပြီးနောက်ပိုင်း ဓာတ်အားပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၂ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး လှော်ကား၊ ရွာမ၊ အလုံနှင့် သာကေတတို့တွင် ပုဂ္ဂလိကပိုင်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ခြင်း (Independent Power Producer-IPP)စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ရန် ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းလုပ်ငန်းကို စတင်ခဲ့ပြီး ၂၀၁၃ ခုနှစ် နွေရာသီတွင် နိုင်ငံတော်ဓာတ်အားစနစ်သို့ မဂ္ဂါဝပ် ၂၂၀ တိုးမြှင့်ဓာတ်အားထုတ်လုပ်ပေးနိုင်ခဲ့သည့်အတွက် ပြည်သူများ ဓာတ်အားပြတ်တောက်မှုမရှိဘဲ ၂၄ နာရီပြည့်ဝစွာ ဓာတ်အားထုတ်လုပ် သုံးစွဲနိုင်ခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ကြိုတင်စီမံခဲ့သည့် မော်လမြိုင် IPP ဓာတ်အားပေးစက်ရုံနှင့်ကျောက်ဆည် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက်များ ငှားရမ်းတည်ဆောက်ထုတ်လုပ်မှုမှ ၁၃၃ မဂ္ဂါဝပ်နှင့် ထိုင်းနိုင်ငံမှ ဓာတ်ငွေ့တာဘိုင်စက် နှစ်လုံးမှ ထုတ်လုပ်မှု မဂ္ဂါဝပ် ၁၄၀ စုစုပေါင်း ၂၇၃ မဂ္ဂါဝပ်ဖြင့် ဓာတ်အားစနစ်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် ကျောက်ဖြူနှင့် မြင်းခြံဒေသတို့၌ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက်များ ငှားရမ်းတည်ဆောက်မှုမှ ထုတ်လုပ်မှု ၁၃၅ မဂ္ဂါဝပ်နှင့် ယခု မော်လမြိုင် ဓာတ်ငွေ့တာဘိုင်၏ ဒုတိယအဆင့်မှ ထုတ်လုပ်မှု မဂ္ဂါဝပ် ၇၀ စုစုပေါင်း ၂၀၅ မဂ္ဂါဝပ်ဖြင့် နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့ပါကြောင်း။

ယခု ၂၀၁၆ ခုနှစ်အတွက်လည်း ကျောက်ဖြူနှင့် မြင်းခြံဒေသတို့၌ ဓာတ်ငွေ့အင်ဂျင်စက်ငှားရမ်း၍ တည်ဆောက်မှုမှ မဂ္ဂါဝပ် ၁၈၀ နှင့် မော်လမြိုင် ဓာတ်အားပေးစက်ရုံ၏ ရေနွေးငွေ့တာဘိုင်စက် နှစ်လုံးမှ ထုတ်လုပ်မှု မဂ္ဂါဝပ် ၆၀ စုစုပေါင်း ၂၄၀ မဂ္ဂါဝပ်ဖြင့် ထပ်မံဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း။

ထို့ကြောင့် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ၂၀၁၁ ခုနှစ်တွင် စက်ရုံ ၁၀ ရုံ၊ တပ်ဆင်အားအနေဖြင့် ၇၁၅ မဂ္ဂါဝပ်ရှိပြီး ဓာတ်အားထုတ်လုပ်မှု မဂ္ဂါဝပ် ၂၇၀ သာ ရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် နှစ်ရပ်ပေါင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စုစုပေါင်း ရုံ ၂၀ အထိ တိုးတက်လာပြီး တပ်ဆင်အင်အား ၂၄၀၃ မဂ္ဂါဝပ်နှင့် မဂ္ဂါဝပ် ၁၂၀၀ အထိ တိုးမြှင့်ဓာတ်အား ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာ့အလင်းရောင်ကုမ္ပဏီဥက္ကဋ္ဌ ဦးစိန်ဝမ်းက စက်ရုံတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူ ဦးအောင်မင်းက လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဘက်စုံပညာထူးချွန်လူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီလူငယ်တို့က ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတက ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ Control Room အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြန်မာ့အလင်းရောင် ကုမ္ပဏီလီမိတက်ရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိရာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးစားဆောင်ရွက်နေမှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ချောင်းဆုံမြို့နယ် ၆၆/၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ၊ မော်လမြိုင်မြို့နယ် ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲများ မှတ်တမ်းဓာတ်ပုံ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်လမြိုင်မြို့သို့ ရောက်ရှိလာရာ တာဝန်ရှိသူများ ကြိုဆိုကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကျော်ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုစဉ်။ (သတင်းစဉ်)

## ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်း အူကြောင်းပြမြေပုံ






Myanmar Lighting (IPP) Co., Ltd. ၏ မော်လမြိုင် ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)




ရေလယ် ၆၆ ကေဗွီ RCS-2 တွင် တာဝါတိုင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေပုံ။ (ဓာတ်ပုံ-လျှပ်စစ်)



၆၆/၁၁ ကေဗွီ၊ ၃၀ အမ်ဗွီအေ ချောင်းဆုံဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေပုံ။ (ဓာတ်ပုံ-လျှပ်စစ်)

# တတိယအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှုအောင်မြင် မြန်မာ့ဆေးပညာလောက၌ မှတ်တိုင်တစ်ခုစိုက်ထူ

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ရဲထွဋ်**

ရန်ကုန်ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၌ ဖေဖော်ဝါရီ ၁၁ ရက်က အသည်းအစားထိုးကုသမှုကို ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရရှိခဲ့၍ ဆေးပညာလောက၌ မှတ်တိုင် တစ်ခုစိုက်ထူနိုင်ခဲ့သည်။ ခွဲစိတ်ကုသမှုတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သားဖွားသင်တန်းကျောင်းဝင်းတွင် နေထိုင်သူ ဦးမျိုးမောင်မောင် (၃၆နှစ်)က အသည်း ပေးအပ်လှူဒါန်းပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရွှေပင်လုံအိမ်ရာနေ ဦးမျိုးမြင့်ဦး (၅၈နှစ်)ကိုအသည်းအစားထိုး ပေးခဲ့ခြင်း ဖြစ်သည်။

အသည်းအစားထိုး ကုသပေးခြင်းနှင့်စပ်လျဉ်း၍ရန်ကုန်မြို့ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ အသည်းအလှူရှင်နှင့်အသည်းအစားထိုးလူနာ၏ ဇနီးတို့အား မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဒေါက်တာသန်းထွဋ်(ဆေးရုံအုပ်ကြီး၊ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံ၊ ရန်ကုန်)**



ဆေးရုံရဲ့ ဖွံ့ဖြိုးစည်းပုံပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်းကို ဆောင်ရွက်လိုတဲ့ ဆန္ဒ၊ ဆေးပညာတိုးတက်မှုနဲ့ အသိပညာတိုးတက်မှုအတွက် အသည်းလူနာတွေကို အောင်မြင် ထိရောက်တဲ့ ကုသမှုလိုအပ်တဲ့ အတွက် အထူးကုဆေးရုံကြီးအနေနဲ့ ကြိုးစားလာခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၁ ရက်မှာ အောင်အောင်မြင်မြင်ခွဲစိတ်နိုင်ခဲ့တယ်။ အခုလူနာတွေအနေအထားက အသည်းအစားထိုး ကုသခံတဲ့ လူနာရော အသည်းလှူဒါန်းတဲ့ လူရော ကျန်းမာလျက်ရှိပါတယ်။

ဒါပထမဆုံးအကြိမ် ဆေးရုံကြီးအနေနဲ့ အောင်မြင်တဲ့ခွဲစိတ်မှုပါ။ အသည်းခွဲစိတ်မှုနဲ့ပတ်သက်လို့ လိုအပ်တဲ့အချက်တွေက အများကြီးရှိပါတယ်။ ဒီလူနာနှစ်ယောက် စလုံးကိုနိုင်ငံတော်အနေနဲ့ ထောက်ပံ့တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနကို ကျေးဇူးတင်ပါတယ်။ အားလုံးနီးပါး ထောက်ပံ့ပေးတာဖြစ်ပါတယ်။ ဆေးဝါးပစ္စည်းတွေရော ကိရိယာတွေရော လိုလေသေးမရှိအောင် ထောက်ပံ့တဲ့အတွက် အခုလို ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။

ခွဲစိတ်ကုသတဲ့နေရာမှာ အဖွဲ့တွေအများကြီး ဖွဲ့စည်းပြီး ခွဲစိတ်ရတာဖြစ်တယ်။ နံပါတ်တစ်က မေ့ဆေးအဖွဲ့၊ အငြိမ်းစားပါမောက္ခကြီးတွေ၊ လက်ရှိပါမောက္ခတွေပါ ပေါင်းပြီးတော့ ဆောင်ရွက်တယ်။ ခွဲစိတ်ကုသတဲ့အဖွဲ့မှာလည်း ဒီလိုပဲလှူဒါန်းတဲ့လူကို ခွဲစိတ်ကုသတဲ့အဖွဲ့၊ အလှူခံတဲ့လူကို ခွဲစိတ်ကုသတဲ့အဖွဲ့ဆိုပြီး ရှိတယ်။ ခွဲစိတ်ကုသတဲ့အဖွဲ့မှာ အသည်းခွဲစိတ် ကုသတဲ့အဖွဲ့ရှိသလို သွေးကြောတွေကို ခွဲစိတ်ကုသတဲ့အဖွဲ့ပါတွဲပြီး ခွဲစိတ်တာဖြစ်တယ်။ ပြီးရင် အသည်းနဲ့ပတ်သက်လို့ကုသတဲ့ သမားတော်များအဖွဲ့ရှိပါတယ်။ သမားတော်များအဖွဲ့ရော ခွဲစိတ်ကုသတဲ့အဖွဲ့ရောအဆင်ပြေပြေ အလုပ်တွေဆောင်ရွက်နိုင်ဖို့အတွက် အချိန်နဲ့အမျှ ဓာတ်မှန်အဖွဲ့ကလည်း ဆောင်ရွက်ပေးရတယ်။ အဲဒီလိုမိနစ်နဲ့အမျှ စက္ကန့်နဲ့အမျှ လိုအပ်လာတဲ့သွေးနဲ့ပတ်သက်တဲ့ လူနာရဲ့ခန္ဓာကိုယ်မှာဖြစ်ပေါ်လာတဲ့ ဓာတ်သဘာဝပစ္စည်းတွေနဲ့ပတ်သက်ပြီး စစ်ဆေးဖို့ ဓာတ်ခွဲခန်းကလည်း အဆင့်ဆင့်ဆောင်ရွက်ရတယ်။ လိုအပ်တဲ့ သွေးအမျိုးအစား၊ အရေအတွက်စသဖြင့် သွေးထဲမှာပါဝင်တဲ့ သွေးရည်ကြည်၊ သွေးအားလုံး ဖြည့်ဆည်းပေးဖို့အတွက် သွေးဌာနအဖွဲ့ကလည်း ပါဝင်ရတာဖြစ်ပါတယ်။ အဲဒီလိုအဖွဲ့တွေအားလုံး သူနာပြုအဖွဲ့တွေ အထွေထွေကိစ္စရပ်တွေကိုဖြေရှင်းပေးနိုင်ဖို့အတွက် ကျန်းမာရေးဝန်ထမ်းများအဖွဲ့ စသဖြင့်အဖွဲ့ပေါင်းစုံစုပေါင်းပြီး တက်ညီလက်ညီဆောင်ရွက်မှသာ အခုလို ကုသမှုအောင်မြင်တာဖြစ်ပါတယ်။

**ပါမောက္ခဒေါက်တာဝင်းနိုင် (အသည်းရောဂါပညာဌာန ပါမောက္ခဌာနမှူး၊ ရန်ကုန်ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး)**

အသည်းကုသတဲ့ဌာနဖြစ်တဲ့ အတွက် လူနာရွေးချယ်တဲ့အပိုင်းနဲ့ ကုသမှုပိုင်းဆိုင်ရာ တာဝန်ယူထားရပါတယ်။ လူနာတွေမခွဲခင်မှာ လိုအပ်တဲ့ ကျန်းမာရေးစစ်ဆေးမှုတွေလုပ်ပေးတယ်။ အသည်းလှူမယ့်သူအတွက်လည်း ဆောင်ရွက်ပေးတယ်။ လူနာနဲ့အသည်းလှူမယ့် သူတွေ ကျန်းမာရေးကောင်းပြီဆိုမှခွဲစိတ်ပေးတယ်၊ ခွဲစိတ်ပြီးချိန်မှာလည်း ခွဲစိတ်ဆရာဝန်တွေနဲ့ ပူးပေါင်းပြီး ဆေးကုသမှုအဖွဲ့က လူနာတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူပေးရတယ်။ အသည်း အလှူရှင်ကတော့ ကျန်းမာရေးကောင်းမွန်တဲ့အတွက် ခွဲစိတ်ဆောင်မှာထားပါတယ်။ အသည်းအစားထိုးခံရတဲ့သူကတော့ အရေးပေါ်အထူးကြပ်မတ်ဆောင်မှာ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးနေပါတယ်။ ကောင်းလာရင် ခွဲစိတ်ဆောင်ကိုပို့ပြီး ရေရှည်ကုသမှုကို လုပ်ပေးရပါမယ်။ ကျန်းမာရေးအခြေအနေ၊ အသည်းကြီးထွားလာမယ့် အခြေအနေတွေနဲ့



ပတ်သက်ပြီး ဆေးဝါးပစ္စည်းတွေနဲ့ ရေရှည်ကုသပေးရမှာ ဖြစ်ပါတယ်။ အသည်းခွဲစိတ်ကုသမှုဟာ အချိန်အားဖြင့် ကြာပါတယ်။

အသည်းရောဂါ ကုသမှုဆိုင်ရာမှာ အသည်းအစားထိုးတဲ့လုပ်ငန်းဟာ အလွန်ပဲအရေးကြီးတဲ့လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ တော်တော်များများဟာ ဆေးပိုင်းဆိုင်ရာနဲ့ကုသလို့မရရင် အသည်းအစားထိုးရပါတယ်။ အစားထိုးလိုက်တဲ့လူနာက လူကောင်းပကတိနီးပါး နေထိုင်ဖြစ်သွားတဲ့အတွက် ကမ္ဘာမှာ အရေးကြီးတဲ့ ကုထုံးတစ်ခုဖြစ်နေ ပါတယ်။

**ဒေါက်တာတင်တင်မာ (ပါမောက္ခ၊ အသည်းနှင့်သည်းခြေ**



**လမ်းကြောင်း ခွဲစိတ်ကုဌာန)**

အသည်းအစားထိုးကုသတဲ့ နေရာမှာ ဒါက တတိယမြောက် အောင်မြင်ခြင်းပါ။ ကျွန်မတို့ဆီမှာ အသည်းအစားထိုးမယ့်လူနာတွေအများကြီးရှိပါတယ်။ အသည်းလှူချင်တဲ့သူတွေလည်း ရှိတယ်။ အသည်းအစားထိုးကုသမှုကို သူများနိုင်ငံတွေမှာ သွားလုပ်နေရတယ်။ အဲဒါကြောင့် ကျွန်မတို့ရဲ့ ဆရာကြီးတွေက ဒါကိုလုပ်စေချင်တယ်။ ကျွန်မတို့ငယ်ငယ်ကတည်းက ဆရာကြီးတွေအဆင့်ဆင့်ရဲ့အိပ်မက်ပါ။ နိုင်ငံတော်အစိုးရနဲ့ကျန်းမာရေးဝန်ကြီးဌာနကလည်း အထူးထောက်ပံ့ပါတယ်။ အားပေးတယ်၊ တိုက်တွန်းတယ်။ ခွဲစိတ်ဆရာဝန်တွေကို နိုင်ငံခြားမှာ သင်တန်းတွေစေလွှတ်ပေးတယ်။ လိုအပ်တဲ့ပစ္စည်းကိရိယာတွေအားလုံးကိုလည်း ဖြည့်ဆည်းပေးထားပါတယ်။

ဒီခွဲစိတ်မှုကို လုပ်ဆောင်ဖို့ရည်ရွယ်ထားတယ်။ ဆရာကြီးနော်မန်လှက လူနာတွေလွှတ်ပေးတယ်။ ဒီအတွဲလေးမှာ ကျွန်မတို့သဘောကျတယ်။ လှူမယ့်သူရော၊ အလှူခံသူအတွက်ရော ဘာပြဿနာတွေရှိနိုင်လဲ၊ အဆင်ပြေနိုင်မလား၊ အဆင့်ဆင့်စစ်ဆေးပြီး ဓာတ်မှန်ဌာနတွေနဲ့ ပူးပေါင်းတယ်။ သွေးကြောတွေ ဆက်ရတာတွေရှိတယ်။ သည်းခြေပြွန်တွေဆက်ရတာရှိတယ်။ အဲဒါတွေ အဆင်ပြေနိုင်လားဆိုတာတစ်လကျော်ကျော်လောက် အစည်းအဝေး အရင်လုပ်တယ်။ အဲဒါဖြစ်နိုင်တယ်ဆိုမှ ဆရာကြီးနော်မန်လှနဲ့ ဆွေးနွေးပါတယ်။

ဆွေးနွေးပြီး ဆရာကြီးရဲ့ ဦးဆောင်မှုအောက်မှာ ဆေးရုံကြီးတွေက မေ့ဆေးဆရာဝန်ကြီးတွေ၊ ဓာတ်မှန်ဆရာဝန်ကြီးတွေ၊ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွဋ်နဲ့အဖွဲ့၊ နှလုံးခွဲစိတ်ဆရာဝန်ကြီးတွေ အားလုံး လူ ၁၀၀ ကျော် ပါပါတယ်။ အခုလက်ရှိ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်တွေ၊ ဆရာမတွေ၊ ဝန်ထမ်းတွေကအစ မိမိတို့ကျရာအခန်းကဏ္ဍကနေ အားတက်သရော ပါဝင်ဆောင်ရွက်ကြသလို အငြိမ်းစားယူသွားတဲ့ ဆရာဝန်ကြီးတွေလည်း ပါပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ဆရာဝန်ကြီးတွေလည်း လာအားပေးတယ်။ ညွှန်ကြားချက်တွေပေးတယ်။ ခွဲတဲ့နေ့မှာလည်း အပြင်ကစောင့်ပြီး ကြီးကြပ်ပေးတယ်။ ဆရာဝန်ကြီးတွေရဲ့ အားပေးမှုကလည်း တစ်တပ်တစ်အားဖြစ်ပါတယ်။ ခွဲစိတ်တဲ့နေရာမှာ အခက်အခဲတွေအများကြီးတော့ ရှိပါတယ်။ ဒါပေမယ့် နှစ်ယောက်စလုံး ကျန်းမာရေးကောင်းပါတယ်။

**ပါမောက္ခဒေါက်တာဝင်းဝင်းဆွေ (အသည်းအထူးကုဌာန ပါမောက္ခ/ဌာနမှူး၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး)**

အသည်းအစားထိုး ခွဲစိတ်ကုသရာမှာ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ မခွဲစိတ်ခင်၊ ခွဲစိတ်ကုသနေစဉ်နဲ့ ခွဲစိတ်ပြီးလူနာကိုစဉ်ဆက်မပြတ် ကြည့်ရှုကုသပေးနေပါတယ်။ ခွဲစိတ်လူနာကို ကျန်းမာရေးကောင်းမွန်အောင်စောင့်ရှောက်ပေးပါတယ်။ ခွဲစိတ်တော့လည်း လိုအပ်ရင်လိုအပ်သလို ဆေးကုသမှုတွေ အတွင်းရောအပြင်ရော ပူးပေါင်းဆောင်ရွက်ခဲ့တယ်။ မြန်မာနိုင်ငံမှာ အသည်းရောဂါဟာ ဘီပိုး၊ စီပိုးနဲ့အရက်သောက်တဲ့သူတွေမှာ အဖြစ်များပါတယ်။ အသည်းရောဂါကို ဆေးနဲ့ထိန်းလို့မရရင် ပျက်စီးသွားရင် အသည်းအစားထိုးရပါမယ်။



အဲဒီအခါ နိုင်ငံခြားမှာထက် ကိုယ့်နိုင်ငံမှာ အသည်းအစားထိုးနိုင်တော့ ကုန်ကျစရိတ်သက်သာမယ်။ မိသားစုလည်းအနီးကပ်ရှိနေတော့ ပိုအဆင်ပြေတာပေါ့။

**ဒေါ်တင်တင်သော် (သူနာပြုဆရာမကြီး၊ ခုတင် ၅၀၀ ဆံ့၊ အထူးကုဆေးရုံကြီး)**

အသည်းခွဲစိတ်ကုသမှုမှာ အောင်မြင်အောင်လုပ်နိုင်ဖို့ အသည်းလူနာခွဲခန်းမှာ အချိန်အကြာကြီးခွဲရတဲ့ ခွဲစိတ်ကုသမှုဖြစ်တဲ့အတွက် မခွဲစိတ်ခင်မှာကြိုတင်ပြင်ဆင်မှုတွေလုပ်ခဲ့ရတယ်။ အခက်အခဲတွေမရှိအောင် ခွဲစိတ်ကုသစဉ်အတွင်းမှာ အဆင်ပြေချောမွေ့ဖို့အတွက် ဆရာမတွေကို ဘယ်အခန်းကဏ္ဍမှာ ဘယ်သူတွေ ပါဝင်ရမယ်ဆိုပြီး စနစ်တကျစီစဉ်ညွှန်ကြားထားပါတယ်။ ဒီဆေးရုံမှာ ပထမဦးဆုံးအကြိမ် ခွဲစိတ်ကုသမှုဖြစ်တဲ့အတွက် အရမ်းစိတ်လှုပ်ရှားခဲ့ပါတယ်။ ခွဲစိတ်ကုသမှုမှာ အမှားအယွင်းဖြစ်မှာကို ကြောက်တော့ ခွဲစိတ်ကုသမှု မတိုင်ခင်ကြိုတင်ပြီး ဇာတ်တိုက်လေ့ကျင့်တာတွေ လုပ်ခဲ့ပါတယ်။ ခွဲစိတ်ကုသမှုမှာ သူနာပြုဆရာမကြီးအပါအဝင် သူနာပြုဆရာမ ၁၀ ယောက် ပါဝင်ခဲ့ပါတယ်။ အသည်းခွဲစိတ်ကုသမှုက အချိန်ကြာတဲ့အတွက် အတတ်နိုင်ဆုံး လူလဲဖို့စီစဉ်ထားပါတယ်။ ဒါပေမယ့် လူအင်အားအရမ်းနည်းတဲ့အတွက် အချိန်အကြာကြီး ဆောင်ရွက်ရတယ်။ အလုပ်ရှုပ်နေတဲ့အချိန် လူမလဲဘဲ အလုပ်ရှင်းတဲ့အချိန်မှာ ဆရာမတွေကိုအလဲအလှယ်လုပ်ပေးနိုင်ခဲ့တယ်။ ဒီခွဲစိတ်မှုအတွက် မျှော်လင့်ထားတယ်။ အစကတည်းက အကောင်းဆုံးလုပ်မယ်။ အောင်မြင်အောင်လုပ်မယ်လို့ ရည်မှန်းထားတဲ့အတွက် တကယ်လည်း အောင်မြင်တဲ့အတွက် အများကြီးဂုဏ်ယူပါတယ်။

**ဦးမျိုးမောင်မောင် (အသည်းအလှူရှင်)**

အသည်းလှူဖို့ဆိုတာ ကျွန်တော်လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ကြိုပြီးစဉ်းစားလာခဲ့တာပါ။ အခုလည်း တိုက်တိုက်ဆိုင်ဆိုင် တကယ်ပဲလိုအပ်နေတဲ့လူ ရှိလာတာနဲ့ လှူဖြစ်တာပါ။ ဒီက ဆရာကြီးတွေ ဆရာမကြီးတွေရဲ့ ကျွမ်းကျင်မှုရယ် နည်းပညာရယ် ပေါင်းစပ်မှုကြောင့်သာ အောင်မြင်ခဲ့တာပါ။ အသည်းအစားထိုးတဲ့ လူနာနဲ့အရင်က မသိခဲ့ပါဘူး။ သူအသည်းလိုတယ်ဆိုမှ လှမ်းဖုန်းဆက်လိုက်တာနဲ့ လိုအပ်တဲ့စစ်ဆေးမှုတွေ လုပ်ရတယ်။ အားလုံးစစ်ဆေးမှုတွေအဆင်ပြေတဲ့အတွက် လှူလို့ရတာပါ။ ကျွန်တော် အသည်းလှူလိုက်တဲ့ လူနာအသက်ရှင်သွားတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ဆေးရုံမှာ လာရောက်ကုသနေတဲ့လူနာတွေ အားလုံး ကျန်းမာစေချင်ပါတယ်။

**ဒေါ်စိုးစံ (ခ) ဒေါ်မာမာစိုး (အသည်းအစားထိုးလူနာ၏ ဇနီး)**

လူနာဦးမျိုးမြင့်ဦးရဲ့ဇနီးပါ။ အမျိုးသားကအသည်းရောဂါ ဝေဒနာရှင်ပါ။ ဆရာဝန်ကြီးတွေနဲ့ပြနေပါတယ်။ ပြသရင်းနဲ့ ဆရာဝန်ကြီးတွေက တဖြည်းဖြည်း အသည်းခြောက်လာတယ်။ အစားထိုးကုသမှုလုပ်ရတော့မယ့်အခြေအနေ ရောက်လာပြီပေါ့။ ဆရာဝန်တွေက စဉ်းစားခိုင်းတယ်။ တခြားတိုင်းပြည်သွားရောက် ကုသဖို့ဆိုတာကလည်း ကလေးတွေကငယ်သေးတယ်။ တခြား တိုင်းပြည်သွားမယ်ဆိုရင်လည်း ကိုယ်ခွဲက မရှိဘူး။ နောက်တစ်ခု ငွေရေးကြေးရေးကဏ္ဍတွေပေါ့။ တခြားတိုင်းပြည်သွားရောက်ကုသရင်လည်း ပြင်ဆင်ရမှာ အများကြီးရှိတယ်။ အဲဒါတွေကို မကျော်ဖြတ်နိုင်ဘူး။ အဲဒီအချိန်မှာ နိုင်ငံတော်က ထောက်ပံ့ပေးမယ်။ လုပ်ဆောင်ပေးမယ်။ ယုံကြည်ချက်ရှိမယ်ဆိုရင် လုပ်ပါဆိုပြီး ဖြစ်လာတယ်။ အားလုံး အစစအရာရာ ပြင်ဆင်မှုရှိတဲ့ ဆရာဝန်ကြီးတွေကိုယ်တိုင် လုပ်ပေးမယ်ဆိုတာ ယုံကြည်တယ်။ အဲဒါကြောင့် ခွဲစိတ်ကုသမှုကို ဆရာဝန်ကြီးတွေ လက်ထဲ အပ်လိုက်ပါတယ်။ နောက်တစ်ခါ လှူလိုက်တဲ့ အလှူရှင်ကလည်း အင်မတန်စိတ်စေတနာကောင်းမွန်ပြီး ဆွေမျိုးရင်းခြာသဖွယ်ဖြစ်ပါတယ်။ နိုင်ငံတော်က ကုန်ကျစရိတ်တွေ ဘာမှမပူရအောင် ထောက်ပံ့ထားပါတယ်။ မခွဲစိတ်ခင်ကတည်းက ဆေးတွေစစ်ရတယ်။ ဓာတ်မှန်တွေရိုက်ရတယ်။ အဲဒါတွေအားလုံး နိုင်ငံတော်က ထောက်ပံ့ပါတယ်။ ကုန်ကျစရိတ်မရှိဘူး။ နိုင်ငံတော်က ပြည်သူတွေအပေါ် တာဝန်ယူမှုအတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။

မြန်မာနိုင်ငံတွင် အသည်းရောဂါဝေဒနာရှင်များအား ရန်ကုန်ခုတင် ၅၀၀ ဆံ့အထူးကု ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီးနှင့် မြောက်ဥက္ကလာပဆေးရုံကြီးတို့တွင် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးပြီး လိုအပ်ပါကခွဲစိတ်ကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ။



# ကျွန်းလှ၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး



**ကျွန်းလှ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ အမျိုးသားကာကွယ်ဆေးတိုက်နေ့အဖြစ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာပေါင်း ၁၁၃ ရွာအပြင် သဖန်းဆိပ်ဆည် ပတ်ဝန်းကျင်တံငါတဲတိုက်များ၊ လယ်တောတဲတိုက်များပါမကျန် ကလေးငယ် ၈၉၄၁ ဦးတို့အား အစုအဖွဲ့ ၃၆ ဖွဲ့ဖြင့် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အခမ်းအနားကျင်းပ

**ညောင်ဦး ဖေဖော်ဝါရီ ၂၀**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ နိုင်ငံတစ်ဝန်းလုံးတွင်ဆောင်ရွက်မည့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖေဖော်ဝါရီ၊ ၂၀၁၆ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၇ နာရီက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မွေးကင်းစမှ အသက်(၅)နှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

**ရဲသူရအောင် (ညောင်ဦး)**



## သာစည်မြို့နယ်တွင် အယ်နီညိုကြောင့် ရပ်ကွက်/ကျေးရွာအချို့၌ သောက်သုံးရေပြတ်လပ်ခဲ့ပါက ဇေယျသုခရေလှူအသင်းကြီးက အခမဲ့ရေဖြန့်ဝေပေးသွားမည်

**သာစည် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်သည် အပူပိုင်းဇုန်အတွင်း တည်ရှိသဖြင့် ယခုနှစ်အယ်နီညိုဒဏ်ကြောင့် မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအချို့တွင် သောက်သုံးရေပြတ်လပ်နိုင်မှု အခက်အခဲ ကြုံတွေ့လာပါက စေတနာရှင်များ စုပေါင်း၍ တည်ထောင်ဖွဲ့စည်းထားသည့် ဇေယျသုခရေလှူအသင်းကြီးက အသင်းပိုင်ရေသယ်ယာဉ်ဖြင့် မြို့ပေါ်ရှိ ရေစက်ပိုင်ရှင်များထံမှရေကိုအလှူခံ၍ မြို့နှင့်ဝေးလံသည့် ကျေးရွာများအထိ သွားရောက်၍ရေအခက်အခဲကိုဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇေယျသုခရေလှူအသင်းကြီးကို ၂၀၁၅ ခုနှစ်ကသာစည်မြို့နယ်တွင် ငွေကြေးပြည့်စုံသူများနှင့် အငြိမ်းစားဝန်ထမ်းများ၊ လူငယ်လူရွယ်များ စုပေါင်း၍ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ဇေယျသုခရေလှူအသင်းကြီးသည် ရှေးကနဦးလုပ်ငန်းအဖြစ် မြို့ပေါ်ရှိ လမ်းမကြီးဘေးဝဲယာ အရပ်ရပ်နေရာများတွင် ကုမ္ပဏီ၊ အသင်းအဖွဲ့၊ ပုဂ္ဂလိကစသည့်အလှူရှင်များ၏ အကူအညီဖြင့် လမ်းသွားလမ်းလာများ အသင့်သောက်သုံးနိုင်ရန် ဇေယျသုခရေချမ်းစင်များကိုလည်း ဆောက်လုပ်လှူဒါန်းထားသည်ကို တွေ့ရသည်။

“ဒီဇေယျသုခရေလှူအသင်းကြီးကို ဖွဲ့စည်းခဲ့ရတဲ့ရည်ရွယ်ချက်က သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးအတွက် ထိန်းသိမ်းမှုလုပ်ငန်းများကို အထောက်အကူပြုစေရန်၊ ရေအခက်အခဲတွေ့ကြုံနေရတဲ့ ကျေးရွာပြည်သူတွေ စိတ်နှလုံးချမ်းမြေ့စေရန်၊ မွန်မြတ်တဲ့ ရေအလှူကုသိုလ်ပြုလုပ်ငန်းတွေမှာ လူငယ်လူရွယ်တွေ ပါဝင်လာစေရန်၊ ပူနွေးလာတဲ့ကမ္ဘာကြီးနဲ့ တွေ့ကြုံလာရမယ့် ရေအခက်အခဲကို ကြိုတင်ပြင်ဆင်သင့်တဲ့ လုပ်ငန်းတစ်ခုအဖြစ်ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်”ဟု အသင်းနာယက ဦးဟန်ခင် (စက်မှု လယ်ယာ တိုင်းဦးစီးမှူး-ငြိမ်း)က ပြောသည်။

အဆိုပါအသင်းကြီး တိုးတက်အောင်မြင်မှုရရှိနိုင်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ဦးဟန်ခင် ဖုန်း-၀၉-၄၁၀၀၇၂၃၃၊ ဒေါက်တာတင်မောင်အေး ဖုန်း-၀၉-၇၉၅၇၈၀၅၈၂၊ ဦးသက်နိုင် ဖုန်း-၀၉-၂၂၅၁၆၅ နှင့် ဦးဘဇံ ဖုန်း-၀၉-၂၂၂၅၇၇၇ တို့ထံသို့ဆက်သွယ်၍ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်ကို (သာစည်)**

## ပုဂံ၌ကျင်းပမည့် ဆိုင်ကယ်အလှစီးပြပွဲတွင် မော်လမြိုင်နှင့် မုဒုံတို့မှ ဆိုင်ကယ် ၁၅ စီးဝင်ရောက် ယှဉ်ပြိုင်မည်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၀**

ပုဂံ၌ ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ကျင်းပမည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပွဲကြီးတွင် မြန်မာအမျိုးသား၊ အမျိုးသမီးတို့၏ ကျေးလက်ဒေသဝတ်စားဆင်ယင်မှုနှင့် ပုဂံစုပေါင်းမော်တော်ဆိုင်ကယ်အလှစီးပွဲကြီး၌ မွန်ပြည်နယ်ရှိ မော်လမြိုင်မြို့နှင့် မုဒုံမြို့တို့မှ မော်တော်ဆိုင်ကယ် ၁၅ စီး ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ မော်တော်ဆိုင်ကယ်အလှစီးယှဉ်ပြိုင်ပွဲကြီးကို မော်လမြိုင်မြို့ (Free Biker) ဆိုင်ကယ်ချစ်သူအဖွဲ့က ဆိုင်ကယ်ခြောက်စီး၊ (on the Road) မော်တော်ဆိုင်ကယ်ရောင်းဝယ်ရေး ကလပ်အသင်းမှ သုံးစီး၊ မုဒုံဆိုင်ကယ်ရောင်းဝယ်ရေးကလပ်အသင်းမှ ခြောက်စီး စုစုပေါင်း ၁၅ စီး သွားရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဆိုင်ကယ်များမှာ အမေရိကန်၊ ဂျပန်၊ အီတလီ နိုင်ငံတို့မှ ထုတ်လုပ်သည့် ဆိုင်ကယ်များဖြစ်ကြောင်း သိရသည်။

**တင်ထွန်း**


တတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများ ညီလာခံ

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) (၂၈) UMFCCI ၊ ရန်ကုန်မြို့


## မြို့နယ်များ၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေး

**မြောက်ဦး**

အသက် ငါးနှစ်အောက် ကလေးငယ်များအား အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်က မြောက်ဦးမြို့ အလယ်ဈေးရပ်ကွက် ဆေးရုံဟောင်း ခန်းမ၌ ကျင်းပရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာ ခင်ခင်ဇော်နှင့် တာဝန်ရှိသူများက ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ညောင်လေးပင်**

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက အမှာစကားပြောကြားပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သောင်းဒန်ဦးက အမျိုးသားကာကွယ်ဆေးတိုက်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ **နေလင်း(ညောင်လေးပင်)**

**အောင်လံ**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် မွေးကင်းစမှ အသက်ငါးနှစ်အရွယ် ကလေးငယ်တိုင်းကို ပိုလီယိုရောဂါ ကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးခြင်းဖွင့်ပွဲ အခမ်းအနားအား ဖေဖော်ဝါရီ ၂၀ ရက်က တရော်ကုန်းရပ်ကွက် မိခင်နှင့်ကလေး ကျန်းမာရေးဌာနဝင်းထဲ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ်ကျန်းမာရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်( ပြန်/ဆက်)**

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ မွေးကင်းစမှ အသက်ငါးနှစ်အရွယ်အထိ ကလေးငယ်တိုင်းကို ပိုလီယို ရောဂါ ကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းဖွင့်ပွဲပြုလုပ်ရာ ကလေးများအား ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကနှင့်အဖွဲ့ဝင်များက ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ ဖေဖော်ဝါရီ ၂၀ ရက်က ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

**ကျိုက်လတ်**

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်က ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ကျင်းပရာ မွေးကင်းစမှ အသက်ငါးနှစ်အောက်ကလေးများကို တက်ရောက်လာသူများနှင့် တာဝန်ရှိသူများက ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**နတ်မောက်**

နတ်မောက်မြို့နယ်ရှိ မွေးကင်းစမှအသက် ငါးနှစ်အရွယ်ကလေးငယ်တိုင်းအား ပိုလီယိုကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးရေးကို မြို့နယ်ကျန်းမာရေးဦးစီးဌာနကုသရေးမှူး ဒေါက်တာ ခင်မောင်သန်း ကြီးကြပ်မှုဖြင့် ကျေးရွာပေါင်း ၂၃၄ ရွာတွင် အစုလိုက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းမှ မြို့ပေါ် (၇)ရပ်ကွက်တို့၌ ကလေးငယ် ၂၂၀ အား ဖေဖော်ဝါရီ ၂၀ ရက်က ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

**သုဝဏ္ဏဝတီ**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ပြည်သူ့ဆေးရုံ၌ ဖေဖော်ဝါရီ၂၀ ရက်တွင် မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအား အပိုဆောင်းပိုလီယိုကာကွယ်ဆေးများကို တိုက်ကျွေးခဲ့ရာ သုဝဏ္ဏဝတီမြို့တစ်ခွင်၌ သိမ်ဆိပ်၊ ကျိုက္ကော်၊ ဝင်းပ၊ တံတားဦး၊ မိုးကောင်း၊ ဒုံဝန်းအပါအဝင် ရပ်ကွက်ပေါင်း ၄၆ ရပ်ကွက်ရှိ ကလေးငယ် စုစုပေါင်း ၄၃၇၅ ဦးတို့အား တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ်အတွင်းရှိ မကျီးစု၊ မြေနီကုန်း၊ ကွမ်းခြံကုန်း ကျေးရွာများတွင် ဖေဖော်ဝါရီ ၂၀ ရက်က မကျီးစုကျေးရွာ၌ ပိုလီယိုရောဂါ ကာကွယ်ဆေးများ စုပေါင်းတိုက်ကျွေးခဲ့ရာ မွေးကင်းစမှ အသက်ငါးနှစ်အထိ ကလေးငယ် စုစုပေါင်း ၄၂ ဦး တိုက်ကျွေးခဲ့ပြီး ကျန်ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၅၈ အုပ်စုရှိကာကွယ်ဆေးတိုက်ကျွေးစုရပ်များတွင် ဆက်လက်၍ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

# ပထမဆုံးအကြိမ် မြန်မာလုပ်သားကျွမ်းကျင်မှုပြိုင်ပွဲကျင်းပမည်




သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-သက္က

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု"စံ"သတ်မှတ်ရေးအဖွဲ့ (NSSA)အနေဖြင့် မြန်မာနိုင်ငံရှိ အလုပ်သမားများ၏ လုပ်ငန်းကျွမ်းကျင်မှုများ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များအား လူထုအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန်နှင့် ကျွမ်းကျင်မှု စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ နိုင်ငံတကာနှင့် တန်းတူလိုက်မီစေရန်ရည်ရွယ်၍ လာမည့်မတ်လအတွင်း မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် မြန်မာလုပ်သား ကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၆ ကို ကျင်းပသွားမည်ဖြစ်ကြောင်း အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(အပေါ်ပုံ)**

"ကျွန်တော်တို့ ဒီမြန်မာ ကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၆ ကတော့ မြန်မာကျွမ်းကျင်လုပ်သားကောင်းများ ပေါ်ထွက်လာစေဖို့နဲ့ မလေးရှားနိုင်ငံမှာ ကျင်းပမယ့် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၆ ကို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ထူးချွန်တဲ့လူငယ် လူရွယ်တွေကို ရွေးချယ်တဲ့ပွဲဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ရန်ကင်းမြို့နယ် မြနန္ဒာလမ်းရှိ သင်တန်းကျောင်း စာနယ်ဇင်းရှင်းလင်းပွဲ၌ သတင်းထောက်များအား ပြောသည်။

အာဆီယံအဆင့်ပြိုင်ပွဲများတွင် အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်နှင့် ပြိုင်ပွဲဝင်များအနေဖြင့် Skill Competition များနှင့် ရင်းနှီးစေရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်အတွင်း မလေးရှားနိုင်ငံတွင် ကျင်းပမည့် 11th ASEAN Skills Competiton 2016, Malaysia မတိုင်မီကြိုတင်၍ မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ Myanmar Skills Competition 2016 ကို ၂၀၁၆ ခုနှစ် မတ် ၁၄ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ ဗဟိုဆောက်လုပ်ရေးသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲမှ ထူးချွန်သူများအား မလေးရှားနိုင်ငံ၌ ကျင်းပမည့် အာဆီယံအဆင့်ပြိုင်ပွဲသို့ ရွေးချယ်စေလွှတ် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာကျွမ်းကျင်မှုပြိုင်ပွဲတွင် အသက်မွေးဝမ်းကျောင်းအလိုက် အုတ်စီခြင်းအတတ်ပညာ၊ အချက်အပြုတ်၊ အီလက်ထရွန်နစ်ပစ္စည်းတပ်ဆင်ခြင်း၊ လျှပ်စစ်ကျွမ်းကျင်မှု၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်၊ စားသောက်ဆိုင်ဝန်ဆောင်မှုလုပ်ငန်း၊ သံဂဟေဆက်ခြင်းအစရှိသော ကျွမ်းကျင်မှုလုပ်ငန်း ၁၂ မျိုး ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် လျှောက်လွှာများကို NSSA ရုံးတည်ရှိရာ အမှတ်(၂၉၈) မြနန္ဒာလမ်း (၁၃) ရပ်ကွက် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၈၅၆-၄၇၇၃ တွင် အခမဲ့ရယူနိုင်သလို ပြိုင်ပွဲကျင်းပရေးကော်မတီ အီးမေးလ်ဖြစ်သည့် Myanmarskills2016 @ gmail.com သို့လည်း စာပို့တောင်းခံနိုင်ကြောင်း၊ လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက် နောက်ဆုံးထားကာ ပြန်လည်ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

# ဗိုလ်အောင်ကျော် နှစ်တစ်ရာပြည့်အခမ်းအနား မဲဇလီကုန်းမြို့၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ကိုလိုနီကျွန်ပညာရေးစနစ်ကို ဆန့်ကျင်တော်လှန်ရင်း ကျဆုံးခဲ့သော ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်၏ အသက်နှစ်(၁၀၀)ပြည့် အခမ်းအနားကို မွေးဇာတိဖြစ်သော ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ရှိ ဗိုလ်အောင်ကျော်ရာပြည့်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဗိုလ်အောင်ကျော်ရာပြည့်ပွဲဖြစ်မြောက်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။

အဆိုပါရာပြည့်အခမ်းအနားကို ၎င်း၏ မွေးနေ့ဖြစ်သော ဖေဖော်ဝါရီ ၂၇ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်သည် ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်တော်လှန်ရင်း ၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၂၀ တွင် ကျဆုံးခဲ့ခြင်းဖြစ်သည်။

**မွန်းဦးနဒီ**

**ကျောက်ဆည်မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၆ ရက်ကကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော ဖျောက်ဆိပ်ပင်အသင်းအား ဆုချီးမြှင့်စဉ်။**

တင်မောင်(မန်းကိုယ်ပွား)



# ရန်ကုန်မြို့တွင်းရှိ လမ်းမီးတိုင်အချို့ နံနက် ၇ နာရီခွဲ ဝန်းကျင်အထိ မီးလင်းနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်မြို့တွင် အနော်ရထာလမ်းမ၏ လမ်းမတော်မြို့နယ်အတွင်း လမ်းမနှင့် လမ်းသွယ်များရှိ ဓာတ်တိုင်များတွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက်၇ နာရီခွဲဝန်းကျင်အထိ မီးလင်းနေသည်ကို မြင်တွေ့ရသည်ဟု လမ်းသစ်လမ်းနေသူတစ်ဦးက ပြောသည်။



လျှပ်စစ်မီးအလင်းရောင်သည် အမှောင်ခွင်း၍ အလင်းဆောင်သည်ဖြစ်ရာ အလင်းရောင်ရှိသည့်အချိန်များတွင် လမ်းမီးများကို မထွန်းညှိဘဲ အမှောင်လာမည့်အချိန်၌သာ မီးသုံးစွဲကြမည်ဆိုပါက အကျိုးရှိမည်ဖြစ်ပြီး လျှပ်စစ်မီးကို အခြားလိုအပ်သည့် နေရာများတွင် အသုံးချနိုင်၍ များစွာအကျိုးပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ လျှပ်စစ်မီးကို ပြည်သူများအနေဖြင့် ယခုကဲ့သို့အလင်းရောင်လာသည်အထိ လျှပ်စစ်မီးတိုင်များလင်းနေပါက သက်ဆိုင်ရာသို့ အကြောင်းကြားကာ ဝိုင်းဝန်းဆောင်ရွက်ကူညီပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အားများ လေလွင့်ဆုံးရှုံးမှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ဆိုင်**

# သန်လျင်ကျိုက်ခေါက်စေတီ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ အဆိုပါစေတီတော်၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၄ ရက်အထိ နာရီ ၉၀ ကြာ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေသင်္ကန်းနှင့်ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ထမနဲထိုးပွဲ၊ ခြင်းအလှခတ်ပွဲ၊ ဇာတ်သဘင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**


# နွားနို့တိုက်ပါ



ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး
ကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ်
သင့်ကလေးကို
နွားနို့တိုက်ပါစို့


## မြန်မာ့အလင်း စာတည်းထံပေးစာများ

### အညစ်အကြေး အနံ့ဆိုးများ ကင်းစေချင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ရပ်ကွက်(၈)၊ နယ်မြေ (၂)၊ အုပ်စု (၂)၊ ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်းဘေး၏ အနောက်ဘက်တွင် ငါးလုပ်ငန်းလုပ်ကိုင်နေရာ ယင်းလုပ်ငန်းမှ ထွက်လာသော အညစ်အကြေး အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ ဒေသခံမိဘပြည်သူများ၏ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

### အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်တွင် အရက်ချက်ဖို CS2 လိုင်စင်ရထားသူ ဦးပြားခေါ် ဦးကြူမွေးသည် အမှတ်(၂)ရပ်ကွက် ရန်ကြီးအောင်ရပ်ကွက်နှင့် ဇေယျာသုခရပ်ကွက် အစပ်တို့တွင် တရားမဝင် အရက်ချက်ဖိုများခွဲဝေချထားပေးပြီး အရက်ချက်နံ့မှ ဓာတုအနံ့အသက်ဆိုးများအပြင် အရက်ချက်သူများမှ မွေးမြူသော ဝက်၏ ချေးနံ့များက ရပ်ကွက်နေပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှား ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာရေးစိုးရိမ်သူများ**

### မြေစာမှုန့်များကြောင့် ကျန်းမာရေးထိခိုက်နိုင်

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ဦးဥတ္တမလမ်း၊ နိုးကြားရေးလမ်းနှင့် မာလာမြိုင်လမ်းများတွင် စည်ပင်မှကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းလုပ်ကိုင်ခဲ့ရာ လမ်းခင်းအပြီးတွင် ကတ္တရာအပေါ်မှ ဖုံးအုပ်ထားသော မြေစာမှုန့်များသည် ယာဉ်များသွားလာရာတွင် ဖုန်များအလိမ်းလိုက်လွင့်ပါပြီး လမ်းဘေးဝဲယာနေထိုင်သူများနှင့် လမ်းသွားလမ်းလာများကို ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာ ဌာနများမှ အချိန်မီ လိုအပ်သလို ဖြေရှင်းပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**မကျန်းမာရေးတွေးကြောက်သူ**

### ရေစီးရေလာ မကောင်း၍ ကျန်းမာရေးထိခိုက်

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၆) ရပ်ကွက် ဘုရင့်နောင် လမ်းဝဲ/ယာရှိ နေအိမ်များရှေ့တွင် ရေမြောင်းများတူညီစွာ ပြုလုပ်မှု မရှိခြင်း၊ အချို့နေအိမ်များသည် နောက်ဖေးလမ်းကြား မြေနေရာတွင် ကျူးကျော်ပြီး မိလ္လာကန်များ ဆောက်လုပ်ထားခြင်းတို့ကြောင့် ရေဆိုးများမှာ စီးဆင်းမှုမရှိတော့ဘဲ နေအိမ်များအတွင်းသို့ ဝင်ရောက်လျက်ရှိရာ ခြင်များပေါက်ပွားပြီး ရေရှည်တွင် ကျန်းမာရေးထိခိုက်လာနိုင်ပါသည်။

သို့ဖြစ်၍ သက်ဆိုင်ရာမှ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**(လမ်းသူ/လမ်းသားများ)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အုပ်စုဖွဲ့ပြီး လုယူမှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၌ အုပ်စုဖွဲ့ပြီး အကြမ်းဖက် ခြိမ်းခြောက် လုယူမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် ည ၇ နာရီခွဲခန့်က ယာဉ်အမှတ် IE/--- ကင်တာ ယာဉ်မောင်း ဦးရဲလင်းအောင် (၃၄ နှစ်)၊ ဦးအာဆီယံမောင် (ကုန်သည်) တို့နှစ်ဦးသည် ဖရဲသီးများတင်ဆောင်မောင်းနှင်ပြီး ခရမ်းမြို့နယ်မှ မောင်းနှင်ထွက်ခွာလာရာ သုံးခွမြို့နယ်အထွက်၌ ပရိုဘောက်အငှားယာဉ်က လမ်းတောင်းရာမှ အပြန်အလှန်စကားများခဲ့သည်။

ထို့နောက် ဆက်လက်ထွက်ခွာလာရာ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၇၈)ရပ်ကွက် ပဲခူးမြစ်လမ်းမပေါ်အရောက် ယာဉ်အမှတ် BGO AA- ---- ပရိုဘောက်အငှားယာဉ်သည် ဦးရဲလင်းအောင်မောင်းနှင်သော ကင်တာယာဉ်၏ရှေ့တွင်ပိတ်ရပ်ကာ ယာဉ်ပေါ်မှ စီးနင်းလိုက်ပါလာသူများသည် တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်၍ ကင်တာယာဉ်ဝဲ/ယာ တံခါးလေကာမှန်များကို ရိုက်ခွဲဖျက်ဆီးပြီး ဦးရဲလင်းအောင်ကိုလည်း ဝိုင်းဝန်းရိုက်နှက်ခဲ့သောကြောင့် ဒဏ်ရာများရရှိခဲ့သည်။ ဦးရဲလင်းအောင်ထံမှ ဆမ်ဆောင်းအမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် ဖရဲသီးပိုင်ရှင် ကုန်သည် ဦးအာဆီယံမောင် လွယ်ထားသော အဖြူရောင် လွယ်အိတ်အတွင်းမှ i-Phone-5 လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူ ရောရာ ငွေကျပ် ၂၀၀၀၀၀ တို့ကို ခြိမ်းခြောက်လုယူကာ ကြွပ်ကြွပ်အိတ်အဖြူရောင်ဖြင့်ထုပ်ထားသော ငွေစက္ကူရောရာ ငွေကျပ် ၁၂ သိန်းကို ပါ ထပ်မံလုယူသွားခဲ့ပြီး ၎င်းတို့စီးနင်းလာ သောယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့သည်။



အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဦးရဲလင်းအောင်က ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သဖြင့် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေးနှင့် ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများကို လိုက်လံဖမ်းဆီးရာ ခရမ်းမြို့နေသူ တရုတ်ကြီး (ခ)ထက်လင်းအောင် (၂၅ နှစ်)၊ ဦးတင်မြင့်(၄၈ နှစ်)၊ ကိုဟိန်း(ခ)ဟိန်းသီဟ(၃၉ နှစ်)၊ ဦးမှို(၆၀ နှစ်)တို့ကို ဖမ်းဆီးရမိခဲ့သည်။

ထပ်မံစစ်ဆေးချက်အရ အမှုမှ ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ယာဉ်အမှတ်AA- ---- ပရိုဘောက် ယာဉ်ပိုင်ရှင် လင်းထိန် (၃၇ နှစ်) ခရမ်းမြို့နယ်နေသူနှင့် လှမင်း (၃၉ နှစ်) သာကေတမြို့နယ်နေသူတို့သည် ဖေဖော်ဝါရီ ၁၈ ရက်က ဒေါပုံရဲစခန်းသို့လာရောက်အဖမ်း ခံခဲ့သည်။ ကျန်ရှိနေသေးသော အမှုမှ ထွက်ပြေး တိမ်းရှောင်နေသူများကို ဆက်လက် ရှာဖွေဖမ်းဆီးရာ ဖေဖော်ဝါရီ ၁၉ ရက်က သာကေတမြို့နယ်နေသူ ဝင်းထွဋ်(၃၅ နှစ်)၊ ရဲမင်းထွဋ် (၁၈ နှစ်)၊ ကျော်ဇေယျ(ခ)မောင်ငယ် (၃၉ နှစ်)တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်မှ သက်သေခံပစ္စည်းများဖြစ်သော တုတ်၊ ဓားလက်နက်များနှင့် ငွေများကိုရှာဖွေသိမ်းဆည်းလျက်ရှိပြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မရဲတပ်ဖွဲ့စခန်းက လုယူမှုကို အမှုဖွင့်၍ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၂၈)**

# ဟိုပိတ်အနီး၌ ပေါက်ကွဲမှုဖြစ်ပွား၊ သုံးဦးဒဏ်ရာရရှိ

**လားရှိုး ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအနီး၌ ဖေဖော်ဝါရီ ၁၉ ရက် ည ၁၀ နာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၉ ရက် ည ၁၀ နာရီခွဲခန့်တွင် ယာဉ်မောင်း ဦးဝင်းအောင်ဌေး မောင်းနှင်သော 6C/---- အားသစ် မှန်လုံအမြန်ယာဉ်၊ယာဉ်မောင်း ဦးဝင်းမြင့်သူ မောင်းနှင်သော 7H/--- ၁၂ ဘီးကုန်တင်ယာဉ်၊ယာဉ်မောင်း ဦးမင်းအောင် မောင်းနှင်သော ၆ခ/--- ရွှေပြည့်စုံ မှန်လုံအမြန်ယာဉ် သုံးစီးတို့သည် မူဆယ်မှလားရှိုးဘက်သို့ မောင်းနှင်လာစဉ် ပြည်ထောင်စုကားလမ်း မိုင်တိုင်အမှတ် (၁၈၄-၆)နှင့် (၁၈၅-၀)ကြား ကုန်းဆင်းအရောက်တွင် လမ်း၏ယာဘက် တောင်ကြောပေါ်မှ ပစ်ခတ်သည်ဟုယူဆရသော လက်နက်ကြီး ကျည်နှစ်လုံး ကတ္တရာလမ်းနှင့် မြေသားလမ်းအစပ်တွင် ကျရောက်ပေါက်ကွဲခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ကျော်လှ (၃၁)နှစ် (ဘ) ဦးထွန်းမှတ် အုန်းချောရွာဟောင်း မိုးမိတ်မြို့နယ်နေသူ၏ အောက်မေးစေ့ ပေါက်ပြဲဒဏ်ရာ (မစိုးရိမ်ရ) **(အောက်ဝဲပုံ)** နှင့် မင်းအောင် (၃၃)နှစ် (ဘ) ဦးထွန်းရွှေ ယာဉ်မောင်း ဗိုလ်မြတ်ထွန်းရပ်ကွက် ပြင်ဦးလွင်မြို့နေသူ၏ လည်ပင်း ယာဘက် မိုင်းစထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)နှင့် အားသစ်ခရီးသည်တင် မှန်လုံယာဉ်နောက်လိုက်ဖြစ်သူ ညီညီနိုင် (၁၉)နှစ် (ဘ) ဦးအောင်သန်း ကံသာ (၁)ကွက် ညောင်ရွှေမြို့နေသူ၏ ယာ မျက်စိအောက် နှာတံအနီး မိုင်းစထိမှန်ဒဏ်ရာတစ်ချက် (မစိုးရိမ်ရ) ဖြင့် လားရှိုးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ဆောင်၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။



ပေါက်ကွဲမှု ဖြစ်စဉ်ကြောင့် အားသစ်မှန်လုံယာဉ်၏ ရှေ့မှန်ကြေမွ၊ ယာဉ်ဘေးနံရံ မိုင်းစထိမှန်၊ ၁၂ ဘီးကုန်တင်ယာဉ်၏ ရှေ့မှန်ကွဲ၊ လေအိုးပွင့်၊ တာယာသုံးလုံးပွင့်နှင့် ရွှေပြည့်စုံမှန်လုံယာဉ်၏ ရှေ့မှန်ကွဲ၍ ဘီးပေါက်ခဲ့ကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**



# ထီးတန်းစက်မြေရပ်ကွက် ကမ်းနားလမ်းပေါ်၌ တစ်ပတ်အတွင်းယာဉ်တိုက်မှု သုံးကြိမ်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေရပ်ကွက်အပိုင် ကမ်းနားလမ်းပေါ်၌ ဖေဖော်ဝါရီ ၁၉ ရက် ည ၇ နာရီက ယာဉ်လေးစီးဆင့်တိုက်မှုဖြစ်ပွားခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းအတိုင်း ဗားကရာဘက်မှ မောင်းနှင်လာသော ယာဉ်မောင်း အောင်ခန့်၏ နစ်ဆန်းယာဉ်ငယ် 4K/---- (အစိမ်းရောင်)၊ ယာဉ်မောင်း ကိုစိုးနိုင်ဆွေ၏ ပရိုဘောက် 6E/--- (အဖြူရောင်) နှင့် ယာဉ်မောင်း ဦးအောင်သန်း၏ 1I/---- ကင်တာ (အဖြူရောင်) ယာဉ်တို့သည် ထီးတန်းစက်မြေ- ပန်းလှိုင်လမ်းထောင့်ရှိ မီးပွိုင့်၌ မီးနီ၍ ရှေ့ဆင့်နောက်ဆင့် ရပ်ထားစဉ် နောက်မှ ယာဉ်မောင်း ဦးရန်နိုင်ထွန်း(ယာဉ်ပေါ်တွင်ဖော်ပြထားသည့်အမည်) မောင်းနှင်လာသည့် အဓိပတိ(အပြာ) 5C/---- က အရှိန်မထိန်းနိုင်မှုကြောင့် ဝင်တိုက်မိခြင်းဖြစ်သည်။

အဓိပတိယာဉ်မောင်းနှင့် ယာဉ်အကူနှစ်ဦးတို့ ယာဉ်ကိုထားပြီး ရပ်ကွက်အတွင်းမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဌေးက ပြောသည်။

ယင်းထီးတန်းစက်မြေရပ်ကွက်အတွင်း ကမ်းနားလမ်းပေါ် ကွန်တိန်နာဝင်း ဧရိယာရှေ့၌ ဖေဖော်ဝါရီ ၁၃ ရက် ညက ယာဉ်ချင်းတိုက်မိရာ လူတစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၁၅ ရက် ညတွင် ကွန်တိန်နာယာဉ်ကြီးက အိမ်နှင့် ကွမ်းယာဆိုင်အား ဝင်တိုက်မှုတစ်ကြိမ် ဖြစ်ပွားခဲ့ရာ ယခုတစ်ကြိမ်နှင့်ဆိုပါက တစ်ပတ်အတွင်း ယာဉ်တိုက်မှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ရွှေတိုင်သား**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် အသုံး ပြုရန်အတွက် လိုအပ်သော ဒီဇယ်ဆီဂါလန် (၂၀၀၀၀၀)ကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၅-၂-၂၀၁၆ရက် ညနေ၄နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ်၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## အများပိုင်ကုမ္ပဏီဖွဲ့စည်းပြီးဖြစ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တစ်-နှစ်-တစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (1-2-1 Public Company Limited) အမှတ် (၁၀+၁၁-အေ)၊ ဂန္ဓမာလမ်း၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီး ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်မှာ-၉၆၁(၁၉၉၉-၂၀၀၀)အီးစီ-၁၃/၂၀၁၅(၁၃-၁၂-၂၀၁၅) ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**တစ်-နှစ်-တစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**
**(1-2-1 Public Company Limited)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### အင်းစိန်မြို့နယ်တရားရုံး
### ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၂

| | | |
|---|---|---|
| ဦးစောဝင်းကြည် | **နှင့်** | ဒေါ်တင်မြင့် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ ဘောဂလမ်း၊ အမှတ် ၁၉နေ တရားပြိုင်ဖြစ်သော ဒေါ်တင်မြင့် (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်စာချုပ်အတိုင်း တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် သင်၏အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက် (၁၃၇၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းသီတာဝေ)**
**မြို့နယ်တရားသူကြီး**
**အင်းစိန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မန္တလေးခရိုင်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၈၁

| | | |
|---|---|---|
| ၁။ ဒေါ်ခင်မမ | **နှင့်** | ၁။ ဒေါ်ခင်သက်တင် |
| ၂။ ဦးသန်းဌေးအောင် | | ၂။ ဦးဝင်းညွန့်(ခ)ဦးအောင်နိုင်စိုး |
| | | ၃။ ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်ခင်စန်းလှိုင် |
| | | ၄။ ဦးထွန်းထွန်းဝင်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၂)၊ အောင်သရဖူဆီစက်၊ အကွက် (လလ-၇၁)နေ ဒေါ်ခင်သက်တင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မမ ပါ-၂က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် ဆက်စပ်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၆ ခုနှစ်၊ မတ် ၁၆ ရက်(၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြိုးဖြိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၄၀၇၈၄ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ကိုကို ၅/ခဥန(နိုင်)၁၂၇၁၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# မန္တလေးမြို့၌ကျင်းပမည့် ရိုးရာကျားတို့အားပြိုင်ပွဲ ပရိသတ်အကြိုက် နာမည်ကြီးတွဲဆိုင်းများပါဝင်

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Great Tiger Group က စီစဉ်ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ကျော်များစွာပါဝင်သည့် "ရိုးရာ ကျားတို့အားပြိုင်ပွဲ" ဟု အမည်တပ်ထားသော တကယ့်ရိုးရာကျားများ ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို မတ် ၄ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ ကန်တော်ကြီး Green မြက်ခင်းပြင်၌ ရင်ဆိုင်၊ ယှဉ်ပြိုင်၊ အနိုင်မခံ၊ အရှုံးမပေး ထိုးသတ်ကြမည်ဖြစ်သည်။

မန္တလေးသားဖိုးကေနှင့် ကြယ်လင်းအောင်တို့အတွဲကြည့်ကောင်းမည်ဖြစ်သည်။ ဖိုးကေသည် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲ ထိုးသတ်စဉ်က စိုးထက်ဦးကို သုံးချီတွင် အနိုင်ရရှိထားသူဖြစ်သည်။ ဖိုးကေ အရှိန်ရလာပြီဖြစ်သလို မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် ရိုးရာကျားဖြစ်အောင် ကြိုးစားနေသူတစ်ဦး ဖြစ်သည်။

သပြေညိုနှင့် သွေးသစ်အောင်တို့ပွဲသည်လည်း ကြည့်ကောင်းမည်ဖြစ်သည်။ နိုင်ငံတကာပွဲများထက် ပြည်တွင်းပွဲများကို ပရိသတ်ပိုမိုစိတ်ဝင်စားလာသည်ကို သိရသည်။

ထိုးသတ်မည့်တွဲဆိုင်းများမှာ မင်းနိုင်ထွန်း(တောင်ကလေး)နှင့် ဂျိုကာ(ဘီလပ်မြေစက်ရုံ)၊ ရွှေခါးပတ်ချန်ပီယံ ရဲသွေးနီ(တောင်ကလေး)နှင့် ထွန်းလွင်မိုး(နဂါးမာန်)၊ စောအယ်လေး(နဂါးနီ)နှင့် ရွှေရာမာန်(ရွှေဒေါ်ပုံ)၊ ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် စောဘဦး(တောင်ကလေး)၊ ရဲတံခွန်(အဖြူရောင်သွေးသစ်)နှင့် စောမင်းအောင်(တောင်ကလေး)၊ အထက်မြန်မာပြည်လက်ဝှေ့ကျော် ဖိုးကေ(T&T)နှင့် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ ကြယ်လင်းအောင်၊ ၂၀၁၅ ရွှေခါးပတ်ချန်ပီယံ MMA ရွှေခါးပတ်ချန်ပီယံ သပြေညို(ဘီလပ်မြေစက်ရုံ)နှင့် ၂၀၁၅ ရွှေခါးပတ်ချန်ပီယံ MMA ရွှေခါးပတ်ချန်ပီယံ သွေးသစ်အောင်(နဂါးနီ)၊ လေးချီစိန်ခေါ်ပွဲများ ဗျူဟ(ကျားဖြူ)နှင့် ကောင်းကောင်း(ဘီလပ်မြေစက်ရုံ)၊ အံဘွား(ကောလင်း)နှင့် ကျော်ဝင်းအောင်(တိုက်ဂါး)၊ ကျော်စွာဝင်း(ယူနိုက်တက်-မန္တလေး)နှင့် ထွန်းမင်းနိုင်(T.T.M)၊ ထွန်းမင်းအောင် (T.T.M)နှင့် ငမာန်းလေး(စစ်ကိုင်း)တို့ တွဲဆိုင်းများ ပါဝင်မည်ဖြစ်သည်။ ပွဲကောင်းကြိုက်သူများအတွက် တကယ့်ရိုးရာကျားများကို စင်တင် ပေးထားသည်ဟု ပွဲစီစဉ်သူက ပြောကြားသည်။




ရုံဝင်လက်မှတ်တန်ဖိုးမှာ ငွေကျပ် ၁၀၀၀၀ နှင့် ၃၀၀၀၀ ဖြစ်သည်ဟု သိရသည်။ ရုံဝင်လက်မှတ်များကို ကီးမားတင်ဝင်းကဖေး (၃၅×၇၆) လမ်းထောင့် ၀၉-၂၀၀၅၁၁၀ နှင့် စိန်ဝင်းဝင်းကဖေး (၃၄)လမ်း (၈၄×၈၅)လမ်းသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# အက်ဖ်အေဖလား ပဉ္စမအဆင့် အာဆင်နယ်တို့ အိမ်ကွင်း၌ သရေကျ

အင်္ဂလန်နိုင်ငံ၏ သတ်တမ်းရင့် ဖလားတစ်လုံးဖြစ်သော အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၀ ရက် စနေနေ့ ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ အစောဆုံးပွဲစဉ်အဖြစ် အာဆင်နယ်နှင့် ဟားလ်စီးတီးတို့ ပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။



အာဆင်နယ် တိုက်စစ်မှူး ဝဲလ်ကော့ ဟားလ်စီးတီးဘက်သို့ ထိုးဖောက်ကစားစဉ်။

အက်ဖ်အေဖလား ပဉ္စမအဆင့်သို့ အာဆင်နယ်အသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် ဘန်လေကို အနိုင်ရရှိခဲ့ပြီး ဟားလ်စီးတီးက ဘူရီကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ တက်ရောက်လာခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဘာစီလိုနာနှင့် ချန်ပီယံလိဂ်ပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယနေ့ပွဲစဉ်တွင် နည်းပြအာဆင်ဝင်းဂါးက အရန်ကစားသမားများဖြင့်သာ ပွဲထွက် အသုံးပြုခဲ့သည်။ ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၄-၂ ကစားကွက်ဖြင့် ကစားခဲ့သည်။

ပွဲစဉ်တစ်လျှောက် အာဆင်နယ်အသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရခဲ့ပေမယ့် အဆုံးသတ်မသေချာခဲ့၍ ဂိုးမရရှိဘဲ ဟားလ်စီးတီးအသင်းသည်လည်း တန်ပြန်တိုက်စစ်ဖွင့်ခဲ့ပေမယ့် သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ အာဆင်နယ် အိမ်ကွင်း၌ သရေကျခဲ့သည့်အတွက် ဟားလ်စီးတီး အိမ်ကွင်းတွင် တစ်ကျော့ပြန်ကန်ရမည်ဖြစ်သည်။ အက်ဖ်အေဖလားကို အာဆင်နယ်အသင်း ၁၂ ကြိမ်ဗိုလ်စွဲထားပြီး လက်ရှိချန်ပီယံလည်းဖြစ်ကာ နှစ်နှစ်ဆက်တိုက်ဖလားရရှိထားသည်။

**သီဟ** ■

** ကျောဖုံးမှ*

ရန်ကုန်အသင်းမှာ ပွဲစဉ်(၅)မှ စတင်ကာ နိုင်ပွဲများ ရယူလာနိုင်ခြင်းဖြစ်ပြီး အိမ်ကွင်း၌ သုံးပွဲဆက် နိုင်ပွဲရယူခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းသည် အဝေးကွင်း၌ အမှတ်ရရန် ကြိုးပမ်းခဲ့သော်လည်း ခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။

ရန်ကုန်အသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး သီဟထက်အောင်ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့ပြီး အက်ဒီဆင်ကို အထောင်ထားကာ ကျော်ကိုကို၊ ကြည်လင်းတို့၏အားဖြင့် ထိုးဖောက်ခဲ့သည်။ ၂၅ မိနစ်တွင် ကျော်ကိုကို၏ ဖန်တီးပေးမှုမှတစ်ဆင့် အက်ဒီဆင်က အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ၃၆ မိနစ်တွင် ထောင့်ကန်ဘောကို ကြည်လင်းက ခေါင်းတိုက်သွင်းယူခဲ့သောကြောင့် ဒုတိယဂိုး ထပ်မံရရှိခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရခိုင်အသင်း ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း လူကျွံဘောအဖြစ် သတ်မှတ်ခံရ၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်း ၇၈ မိနစ်တွင် အန်ဒရေက ပြစ်ဒဏ်ဘောမှ တစ်ဆင့် ရခိုင်အတွက် ချေပဂိုး တစ်ဂိုး ပြန်သွင်းခဲ့သော်လည်း သုံးမိနစ်အကြာတွင် ဂိုးထပ်ပေးခဲ့ရသောကြောင့် သရေမျှော်လင့်ခွင့် ဆုံးရှုံးခဲ့ရသည်။ ရန်ကုန်အတွက် တတိယဂိုးကို ၈၁ မိနစ်တွင် ကြည်လင်း၏ ထောင့်ကန်ဘောကို ရခိုင်အသင်းမှ ကာမာရာ ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

ပုသိမ်မြို့ရှိ ကျောက်တိုင်ကွင်း၌ ကျင်းပသောပွဲတွင် ဧရာဝတီအသင်းက Horizon အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ယူပြီး လေးပွဲဆက်အနိုင်ရရှိခဲ့သည်။ ဧရာဝတီအတွက် အနိုင်ဂိုးများကို ခရစ္စတိုဖာနှင့် အောင်ကျော်နိုင်တို့က သွင်းယူခဲ့သည်။

ယနေ့ပွဲအဖြစ် သုဝဏ္ဏကွင်း၌ ဇွဲကပင်နှင့် ရတနာပုံ၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် ချင်းယူနိုက်တက်၊ မုံရွာကွင်း၌ ဇေယျာရွှေမြေနှင့် မကွေးတို့ ယှဉ်ပြိုင်ကစားကြသည်။

## မြန်မာ့ရုပ်မြင်သံကြား News Channel

**၂၁-၂-၂၀၁၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၆ း ၀၀ - တောင်တန်း သာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇ း ၃၅ - Business NEWS
- ၈ း ၃၅ - အောင်မြင်သူနှင့်အတူ (Meet The Successful)
- ၉ း ၃၅ - အနုပညာသတင်းအစီအစဉ်
- ၁၁ း ၁၅ - **ဇီကာဗိုင်းရပ်စ်အကြောင်း သိကောင်းစရာ**
- ၁၁ း ၃၅ - **ပေါင်းစည်းကာဆင်နွဲ ထမနဲပွဲ**
- ၁၂ း ၃၅ - ဆေးရောင်စုံရုပ်ရှင် **ရင်တွင်းစကား** ဒွေး၊ ဇာဂနာ၊ မေသန်းနု၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)

**ညပိုင်း**

- ၁၅ း ၃၅ - Business News
- ၁၅ း ၄၅ - Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **(ဇွဲကပင်ယူနိုက်တက်အသင်း နှင့် ရတနာပုံအသင်း)**
- ၁၈ း ၂၀ - ကျန်းမာဘဝရစေဖို့ ကာကွယ်ဆေးကို တိုက်ကြစို့
- ၁၉ း ၁၅ - ဟို. . . တုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ **နှလုံးသားမှ အဖြေစကား** (ပထမပိုင်း) (ထက်နေချမ်း၊ သာဒိုးအောင်၊ ခိုင်သဇင်၊ ချိုတေးလွင်လွင်၊ A3) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)
- ၂၀ း ၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- - Tasty Trip
- - ဆိုကြမယ်၊ ပျော်ကြမယ် (MRTV 70th Anniversary)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**


**ရုပ်သံကျွမ်းကျင်(၂)၊ ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား)၊ အသံလွှင့်ကျွမ်းကျင်(၂)၊ အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား)၊ အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူးများ**

**စာမေးပွဲစစ်ဆေးမည့်ရက် ကြေညာခြင်း**

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံကျွမ်းကျင် (၂)၊ ရုပ်သံကျွမ်းကျင် (၂) (တိုင်းရင်းသား)၊ အသံလွှင့်ကျွမ်းကျင် (၂)၊ အသံလွှင့်ကျွမ်းကျင် (၂) (တိုင်းရင်းသား)၊ အငယ်တန်းအင်ဂျင်နီယာ(၂) (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ခေါ်ယူထားသော ရာထူးများအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများအား ရေးဖြေ/လူတွေ့စစ်ဆေးခြင်းကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသည်-

(က) **ရေးဖြေစစ်ဆေးမည့်ရက်** - ၂၈-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ
**နေရာ** - နေပြည်တော် တပ်ကုန်း၊ ရန်ကုန်
(ခ) **လူတွေ့ စစ်ဆေးမည့်ရက်** - ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)
- ၁၀-၃-၂၀၁၆ရက် (ကြာသပတေးနေ့)
**နေရာ** - နေပြည်တော် တပ်ကုန်း
(ဂ) **ဖြေဆိုရမည့်ဘာသာရပ်** - မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ
(ဃ) **ခုံအမှတ်ကပ်မည့်နေရာ** - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)
- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့

၂။ မိမိတို့ဖြေဆိုရမည့် ခုံနံပါတ်များကို ၂၅-၂-၂၀၁၆ရက်နှင့် ၂၆-၂-၂၀၁၆ရက်များတွင် ရုံးချိန်အတွင်း ဖော်ပြပါနေရာများသို့ လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့်အတူ ကိုယ်တိုင်လာရောက်သတင်းပေးပို့ ထုတ်ယူရမည်ဖြစ်ပြီး ကိုယ်ရေးရာဇဝင်ပုံစံဖြည့်စွက်ရမည် ဖြစ်ပါသည်။

၃။ မိမိတို့အမည်၊ ခုံနံပါတ်များ စာရင်းပါဝင်မှုရှိ/မရှိနှင့် ရန်ကုန်(သို့မဟုတ်) နေပြည်တော်(တပ်ကုန်း)တွင် ဖြေဆိုရမည့်စာရင်းများအား ရုံးချိန်အတွင်း ဖုန်း-၀၆၇-၇၉၁၈၅၊ ၀၆၇-၇၉၁၈၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ စာမေးပွဲဖြေဆိုမည့်သူများသည် စာမေးပွဲဖြေဆိုမည့် ၂၈-၂-၂၀၁၆ရက်တွင် ပညာအရည်အချင်း၊ အောင်လက်မှတ်(မူရင်း)၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၅။ ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများ၏ ခုံနံပါတ်များကို ၅-၃-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ထည့်သွင်းကြေညာပေးမည် ဖြစ်ပါသည်။

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**
**နေပြည်တော်**



**ကန့်ကွက်နိုင်ပါကြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာ၊ ကွင်းအမှတ် ၂၃၆၊ အိုးလုပ်ပြင်၊ ဦးပိုင်အမှတ် ၈၉/၂၄၉၊မြေအမည်ပေါက် ဦးလှရှိန်၊ ဦးပိုင်အမှတ် ၁၂၄/၁၆၁၇၊ မြေအမည်ပေါက် ဒေါ်ဟင်ကြူ၊ ဦးပိုင်အမှတ် ၈၈/၁၆၂၀၊ မြေအမည်ပေါက် ဦးခင်မောင်မြင့် ဦးပိုင်အမှတ် ၁၆၂၀၊ မြေအမည်ပေါက် ဦးလှဝင်း စသည့်မြေကွက်များနှင့် မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရောဝင်း(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၆၅၅၂)**
**ဥပဒေရေးရာအတိုင်ပင်ခံ**
**အမှတ် ၉၇၃၊လောတောင်လမ်း၊ ပန်စရာရပ်၊အလယ်ကျွန်းနယ်မြေ၊မြိတ်မြို့၊**
**ဖုန်း-၀၉-၄၄၀၇၁၈၇၃၄၊ ၀၉-၇၈၈၈၅၉၀၁၅၊**
**ayaroo7@gmail.com**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၅၃၃၊ မြေကွက်တည်နေရာအမှတ် ၅၃၃၊ ယုဇန၂လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) ဦးစောကလူမူမောင် ISN-၀၂၈၈၉၄ အမည်ပေါက်နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးစောကလူမူမောင်ကွယ်လွန်သွားပါသဖြင့် ဒေါ်နော်ဘဲဗာလေ ၁၂/မရက(နိုင်)၀၂၀၉၉၃က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာ၊ ထောက်ခံကျမ်းကိုန်လွှာ၊ သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

သံဖြူဇရပ်မြို့၊ စက်သစ်ရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၄၈)နေ ဦးဝင်းနိုင်-ဒေါ်ခင်ဝင်းတို့၏ သမီး မရွှေဇင်လတ် ၁၀/သဖရ(နိုင်)၀၉၁၄၅၈ သည် မိဘတို့ကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဝင်းနိုင် ၁၀/သဖရ(နိုင်)၀၆၈၀၆၂**
**ဒေါ်ခင်ဝင်း ၁၀/သဖရ(နိုင်)၀၆၂၈၂၆**



**ဒေါ်မြင့်မြင့်ခင်**
**မြင့်မိသားစုအမွေးပွအရုပ်ဆိုင်**

ယခင်-အမှတ် (၅၄၀၊ ၅၉၅၊ ၅၉၇) တတိယထပ် မင်္ဂလာဈေးအား

ယခု-အမှတ်(၄၇)၊ ဒုတိယထပ်၊ ရွှေမင်္ဂလာဈေးသို့

ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။

**ဂိုဒေါင် - အမှတ် (၅၁၊ ၅၂)၊ ၁၃၃ လမ်း၊ တာမွေ**

**ဖုန်း-၀၉-၅၀၇၈၂၆၅၊ ၀၉-၄၂၀၀၀၆၇၉၃၊ ၀၉-၄၂၀၀၀၆၈၅၃၄**



**တစ်ဦးတည်းဖြစ်ပါကြောင်း**

သံဖြူဇရပ်မြို့နယ်၊ စက်စဲကျေးရွာနေ ဦးစောစံအေး၏ သမီး မမြတ်ဖြူပြာနှင့် မမြတ်ဖူးပြာ ၁၀/သဖရ(နိုင်)၁၅၂၃၉၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မမြတ်ဖူးပြာ**






**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6I/8610 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3E/1938 Toyota Kluger Acu 20, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျော်မြန်ရီ ၁၃/ကခန(နိုင်)၀၂၅၄၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့**


**သွေးသည် အသက်**

ရန်ကုန်မြို့ပြအမွေအနှစ်များ ရဲ့ ရာဇဝင်

# အာရှတစ်လွှားနာမည်ကျော်ကြားခဲ့သည့် မြန်မာ့ မီးရထားသမိုင်းဦးကို ထုဆစ်ခဲ့သည့်နေရာ

ဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး၊ ဂရင်းမီးရထားဟိုတယ်

ငြမ်းများဆင်ထားသည့်အတွက် အဆောက်အအုံကြီး တစ်ခုလုံးကို ရှင်းလင်းစွာ မမြင်ရသော်လည်း ထိုအဆောက်အအုံကြီး၏ လက်ရှိအခြေအနေမှာမူ ပိုက်ကွန်ထဲတွင် မိနေသော သန်မာလှသည့် ကြေးနီရောင် ငါးကြီး တစ်ကောင် လူးလွန့်ရုန်းကန်နေသည့်ဟန်ဖြစ်သည်။ တစ်ခေတ်တစ်ခါက ယင်းအဆောက်အအုံကြီး၏ ကျော်ကြားမှုနှင့် အောင်မြင်မှုတို့၏အရှိန်အဝါများက ယနေ့ပြန်လည်ပြုပြင်သူများအပေါ် အရိပ်မိုးနေပုံရသည်။ ထိုအဆောက်အအုံကြီးသည် ရန်ကုန်မြို့လယ်ကောင် ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းတို့ ဆုံရာထောင့်တွင်တည်ရှိသည့် မြန်မာ့မီးရထားရုံးချုပ် အဆောက်အအုံကြီးပင်ဖြစ်သည်။



မြန်မာ့မီးရထားရုံးချုပ်ကြီးအား မကြာမီကာလတွင် နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ် The Peninsula Yangon အဖြစ်မြင်တွေ့ရမည်ဖြစ်ပြီး အကြီးစား ပြင်ဆင်မွမ်းမံမှုများကို ကိုလိုနီခေတ်လက်ရာများ မပျက်ယွင်းစေဘဲ လုပ်ဆောင်နေကြခြင်းဖြစ်သည်။ **(ယာပုံ)**

အဆောက်အအုံကြီးသည် အင်္ဂလိပ်အက္ခရာ "ယူ" ပုံသဏ္ဌာန်ရှိပြီး အဆောက်အအုံ၏ ထူးခြားချက်မှာ ယင်းနှင့်ခေတ်ပြိုင် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံများနှင့် ကွဲပြားခြားနားစွာ ဆင်ဝင်အမိုး မပါရှိခြင်း၊ အသေတပ်ဆင်ထားသည့် ကဲလားတံခါးများကို အဆောက်အအုံ ဒုတိယလွှာမရောက်မီ မြေညီထပ် ပြတင်းပေါက်များ၏ အပေါ်တည့်တည့်တွင် တပ်ဆင်ထားခြင်းစသည်တို့ဖြစ်သည်။ ယင်းအချက်များကို အနက်ဖွင့်ပါက ထိုအဆောက်အအုံသည် အများနှင့်သက်ဆိုင်သည့် အဆောက်အအုံမဟုတ်ဘဲ မီးရထားဆိုင်ရာလုပ်ငန်းများကိုစီမံခန့်ခွဲလုပ်ဆောင်ရန်သီးသန့် တည်ဆောက်ထားသည့် အဆောက်အအုံဖြစ်ကြောင်း၊ အဆောက်အအုံ၏ ပုံသဏ္ဌာန်မှာလည်း ရိုးရှင်းသည့် အိန္ဒိယနှင့် ဝိတိုရိယ ဒီဇိုင်းတို့ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း သုတေသီအချို့က သုံးသပ်ကြသည်။

အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည့်ခေတ်ကို ကိုလိုနီခေတ်ဟု ခေါ်ဆိုကြပြီး ကိုလိုနီခေတ်ကို ခွဲခြားရာတွင် ၁၈၂၄ ခုနှစ်မှ ၁၈၅၂ ခုနှစ်အထိ တစ်ပိုင်း၊ ၁၈၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ တစ်ပိုင်းနှင့် ၁၈၈၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ တစ်ပိုင်းဟူ၍ သုံးပိုင်း ခွဲခြားနိုင်မည်ဖြစ်သည်။

မြန်မာ့မီးရထားရုံးချုပ် အဆောက်အအုံကြီးသည် ကိုလိုနီခေတ် ဒုတိယကာလ( ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး) စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ထိုအဆောက်အအုံ တည်ဆောက်ချိန်သည် မြန်မာဘုရင်၏ နောက်ဆုံးမင်းဆက်ဖြစ်သည့် သီပေါဘုရင်ပင် ပါတော်မူခြင်းမရှိသေးသည့်အချိန်ဖြစ်သည်။

အဆိုပါအဆောက်အအုံကို ၁၈၇၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံ ၃၀ စာအုပ်တွင် ဖော်ပြထားရာ မှတ်တမ်းမှတ်ရာအားနည်းချက်ကြောင့် အဆောက်အအုံကို ပုံစံထုတ်ခဲ့သည့် ဗိသုကာပညာရှင်ကိုမူ မသိရှိရပေ။

မြန်မာနိုင်ငံ၏ ပထမဆုံးရထားလမ်းဖြစ်သည့် ရန်ကုန်-ပြည်ရထားလမ်းကို ၁၈၇၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယင်းနှင့်တစ်ပြိုင်တည်းပင် မီးရထားရုံးချုပ် အဆောက်အအုံကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထား အောက်မြန်မာပြည်သမိုင်းမှတ်တမ်းက ဆိုထားသည်။

အဆိုပါအဆောက်အအုံသည် မူလက ပုဂ္ဂလိကပိုင် အဆောက်အအုံတစ်ခုဖြစ်သော်လည်း ၁၈၉၆ ခုနှစ်တွင် ဗြိတိသျှအစိုးရ၏အဆောက်အအုံတစ်ခုအဖြစ် ဆက်လက်ရပ်တည်ခဲ့သည်။

ဝန်ထမ်းများအနေဖြင့် ဗြိတိသျှ၊ စပိန်၊ ဒတ်ချ်နှင့် အိန္ဒိယလူမျိုးတို့ကအများစုဖြစ်ကြပြီး မီးရထားရုံးချုပ်ကြီးတွင် ဌာနများအားဖြင့် အထွေထွေစီမံခန့်ခွဲမှုဌာန၊ ရထားလမ်းစီမံအုပ်ချုပ်မှုဌာန၊ စက်မှုအင်ဂျင်နီယာဌာန၊ ပြေးဆွဲမှုဆိုင်ရာ စီမံခန့်ခွဲရေးဌာန၊ စာရင်းအင်း စစ်ဆေးရေးဌာန၊ တွဲဆိုင်းတာဝန်ခံဌာန၊ ကြော်ငြာဌာနများအဖြစ် ဖွဲ့စည်းလုပ်ကိုင်ခဲ့သည်။

ကုမ္ပဏီပိုင်ဆိုင်သည့် ကာလများတွင် မြန်မာ့မီးရထားလုပ်ငန်းသည် နာမည်ကောင်းဖြင့် လွန်စွာထင်ရှားကျော်ကြားခဲ့ပြီး မီးရထားသယ်ယူပို့ဆောင်ရေး ခေတ်သစ်စာမျက်နှာကိုဖွင့်လှစ်ကာ လမ်းပန်းဆက်သွယ်ရေးကို မြှင့်တင်ပေးနိုင်ခဲ့သည်။ မြန်မာ့တွင်းထွက်သယံဇာတများ၊ ကျွန်းသစ်နှင့် အခြားစိုက်ပျိုးရေးထွက်ကုန်များကို မီးရထားဖြင့် ရန်ကုန်မြို့အထိ သယ်ဆောင်စေပြီး ထိုမှတစ်ဆင့် ပင်လယ်ကူးသင်္ဘောကြီးများဖြင့် နိုင်ငံရပ်ခြားသို့ အလွယ်တကူသယ်ဆောင်နိုင်ခဲ့သည့်အတွက် ကိုလိုနီအစိုးရအဖို့ အကျိုးအမြတ်များစွာ ရရှိခဲ့သည်။



ယခင် မြန်မာ့မီးရထားရုံးချုပ်အဆောက်အအုံဟောင်းကို တွေ့ရစဉ်။

မြန်မာ့မီးရထား၏ ရှေးဦးပိုင်းကာလတွင် မီးရထားရုံးချုပ်၏ စီမံကွပ်ကဲမှုဖြင့် ရထားလမ်း (ဧကလမ်း) ၈၈၆ မိုင်နှင့် အစုန်အဆန် (ဒွေးလမ်း) ၁၃၉ မိုင် အထိ ဖောက်လုပ်ပြေးဆွဲနိုင်ခဲ့သည်။

ဆက်လက်၍ ဆယ်စုနှစ်တစ်ခုအတွင်း ရထားလမ်းကွန်ရက် နှစ်ဆခန့် ဖြန့်ကြက်နိုင်ခဲ့ရာ တစ်လမ်းသွား (ဧကလမ်း) ၁၅၂၉မိုင်၊ အစုန်အဆန် (ဒွေးလမ်း) ၃၂၉မိုင် အထိ ဖောက်လုပ်နိုင်ခဲ့ခြင်းမှာလည်း ရထားရုံးချုပ်၏ စီမံခန့်ခွဲမှု အားကောင်းခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးအရ အင်အားတောင့်တင်းလာသည့် မြန်မာပြည်မီးရထားကုမ္ပဏီသည် ၁၉၂၅ ခုနှစ်အရောက်တွင် ရထားစီးခရီးသည်ပေါင်း သုံးသန်းကျော်တို့က ဘူတာရုံအသီးသီးရှိစင်္ကြံ များပေါ်တွင် ပျားပန်းခတ်မျှ ရထားလာမည့်အချိန်ကို စောင့်ဆိုင်းနေကြပြီဟု ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ကြေညာခဲ့ကြောင်း မြန်မာ့မီးရထားသမိုင်းစာအုပ်တွင် မြင်တွေ့ရသည်။

ထိုအချိန်တွင် ရန်ကုန်ရထားရုံးချုပ်မှ အထွေထွေမန်နေဂျာ(ရထားမင်းကြီး)နှင့်တကွ တာဝန်ရှိသူများက မိမိတို့ ရထားဘူတာရုံများ၏ သန့်ရှင်းသပ်ရပ်မှု၊ ရထားအဝင်အထွက်အချိန်ဇယားတိကျမှု၊ ခရီးသည်များစောင့်ဆိုင်းနားနေခန်းများ တည်ဆောက်မှု၊ ရထားမလာခင် စောင့်ဆိုင်းနားနေနိုင်ရန်အတွက် ခုံတန်းလျားများထားရှိမှု၊ ရထားစီးသူများ စောင့်ဆိုင်းနေချိန်အတွင်း ဖတ်ရှုနိုင်ရန် စာအုပ်စင်များထားရှိမှုတို့ကို စနစ်တကျ ပြုလုပ်ပေးခဲ့ခြင်းကြောင့် ထိုခေတ်ထိုအခါက ရထားစီးနင်းသူများမှာ ဆိုက်ရောက်ထွက်ခွာချိန် တိကျခြင်း၊ သက်သောင့်သက်သာဖြစ်ခြင်းတို့ဖြင့် မြန်မာ့ရထားမှာ နာမည်ကျော်ကြားခဲ့သည်။

သို့သော် အရာအားလုံးသည် မမြဲသည့်သဘောကိုဆောင်သည့်အတိုင်း အောင်မြင်လှသည့် မြန်မာပြည်မီးရထားကုမ္ပဏီကြီးမှာ ဒုတိယကမ္ဘာစစ်ကာလတွင် ပျက်စီးဆုံးရှုံးမှုများစွာဖြင့် လွန်စွာအထိနာခဲ့ရသည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

ရထားစက်ခေါင်းပေါင်း ၃၂၀မှ ၃၅၄ ခေါင်းအထိ သုံးမရအောင် ပျက်စီးခဲ့ပြီး၊ ရထားတွဲပေါင်း ၇၀၀၀မှ ၉၀၀၀ အကြားသည်လည်း စစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည်။ ထို့အပြင် ရထားမောင်းနှင်သူ ၁၀၀၀ ခန့်မှာ စစ်ဘေးကြောင့် ထိခိုက်သေဆုံးခဲ့ရပြီး ရထားပို့ဆောင်ရေး လုပ်ငန်းများ ဆုတ်ယုတ်ပျက်စီးခဲ့ရသည်။

ဂျပန်ခေတ်တွင် ထိုင်း-မြန်မာ သေမင်းတမန်ရထားလမ်းဖော်လုပ်ရန်အတွက် ရထားသံလမ်းများကို ဖြုတ်ယူခံရခြင်း၊ ဘူတာများ ဖျက်ဆီးခံရခြင်း၊ စစ်ရေးကိစ္စအပါအဝင် အခြားကိစ္စများအတွက် မြို့ပြရထားလမ်းများကို စည်းကမ်းမဲ့ဖြုတ်ယူသုံးစွဲခြင်း၊ ရထားဘူတာရုံများကို စစ်ကင်ပေတိုင်ရုံးများအဖြစ် အသုံးပြုခဲ့ခြင်းစသည်တို့ကြောင့် မြန်မာ့မီးရထားလုပ်ငန်းမှာ ပျက်စီးဆုံးရှုံးမှု အမြောက်အမြား ဖြစ်ပေါ်ခဲ့ရကြောင်း မြန်မာ့မီးရထားသမိုင်း စာအုပ်တွင် ဖော်ပြထားသည်။

ထို့ပြင် ရထားရုံးချုပ်၏ စီမံကွပ်ကဲမှုဖြင့် တည်ဆောက်ခဲ့သည့် ရထားသံလမ်းတံတားပေါင်း ၅၀၀ ခန့်သည်လည်း ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးခဲ့ရသည်။ ရန်ကုန်မီးရထားရုံးချုပ်အဆောက်အအုံကြီး ကိုယ်တိုင်လည်း ဗုံးဒဏ်သင့်ခဲ့ရာ ထိုအချိန်မှစတင်၍ နာလန်မထူသည့် အခြေအနေသို့ရောက်ခဲ့ပြီး မီးရထားလုပ်ငန်းများကို စီမံကွပ်ကဲနိုင်ခြင်းမရှိတော့ပေ။

လွတ်လပ်ရေးရပြီးကာလ ၁၉၅၀ ပြည့်နှစ်တွင် မီးရထားရုံးချုပ်အဆောက်အအုံကြီးကို ရှေးမူမပျက် ပြန်လည်ပြင်ဆင်တည်ဆောက်ခဲ့ပြီး ရထားပို့ဆောင်ရေးရုံးချုပ်အနေဖြင့် ဆက်လက်သုံးစွဲခဲ့သေးသည်။ ၁၉၉၄ ခုနှစ်နောက်ပိုင်းတွင် လုပ်ငန်းရှင်များကို ငှားရမ်းကာ ကော်ဖီဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ရှေးဟောင်း လက်ရာ အရောင်းဆိုင်နှင့် ဂရင်းမီးရထားဟိုတယ်တို့ကို ဖွင့်လှစ်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင်မူ အဆိုပါအဆောက်အအုံကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ခဲ့ပြီး မူလအတိုင်း ထိန်းသိမ်းထားခြင်းဖြင့် ပိုမိုဆွဲဆောင်မှုရှိနိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အသိအမှတ်ပြုခဲ့သည်။

အဆိုပါအဆောက်အအုံကို ယခုအခါ နှစ်သုံးဆယ်သက်တမ်းဖြင့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ ငှားရမ်းကာ ဟိုတယ်လုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုလိုက်သဖြင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ လုပ်ဆောင်နေပြီဖြစ်သည်။

ထိုနေရာသည် ရန်ကုန်မြို့၏ အချက်အချာ မြို့လယ်နေရာဖြစ်သည့်အတွက် ပတ်ဝန်းကျင်တွင် အပြိုင်အရိုင်းပေါ်ထွက်လာသည့် မိုးမျှော်တိုက်ကြီးများက ကိုလိုနီခေတ်၏အမွေအနှစ် မြန်မာ့မီးရထားရုံးချုပ် အဆောက်အအုံကို ဝိုင်းရံစီးမိုးလျက်ရှိနေပြီဖြစ်သည်။

ခေတ်မီတိုးတက်မှုများ တစ်စတစ်စများပြားလာသည်နှင့်အမျှ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများစွာသည်လည်း ပျောက်ကွယ်လာခဲ့ရာ ယနေ့မြင်တွေ့ရဆဲဖြစ်သည့် နှစ်ပေါင်း ၁၃၉ နှစ်က တည်ဆောက်ထားခဲ့သည့် အဆောက်အအုံကြီးကို ဆက်လက်တည်တံ့စေရန် လိုအပ်နေပြီဖြစ်ကြောင်း ရှေးဟောင်းအဆောက် အအုံ ၃၀ စာအုပ်တွင် ရေးသားဖော်ပြထားသည်။

ခရီးသွားဆောင်းပါး



# ဇလွန်ဆီသို့ . . .

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

ရန်ကုန်ကစထွက်တော့ နံနက် ၆ နာရီ။ အအေးဓာတ်က အခုရက်ပိုင်းအတွင်း သိသာစွာကျဆင်းသွားသဖြင့် နံနက်စောစောမှာပင် အိုက်စပ်စပ်ဖြစ်နေသည်။ ကားပြတင်းပေါက်ကို ဖွင့်လိုက်သဖြင့် ပတ်ဝန်းကျင်မြင်ကွင်းက ထင်ထင်လင်းလင်းရှိသွားရာ စိတ်တိုင်းကျလေ့လာခွင့်ရသွားသည်။ လှိုင်သာယာမြို့နယ်မှ စထွက်ကတည်းက တဖြည်းဖြည်း ယာဉ်အသွားအလာရှင်းသွားသလို မြင်ကွင်းလည်း ပြောင်းသွားသည်။ သို့သော် ကားလမ်းဘေးဝဲယာဘက်တွင် အဆောက်အအုံသစ်များ တည်ဆောက်ရန် အုတ်တံတိုင်းများကာရံထားသည်ကို တွေ့ရသဖြင့် မြို့ပြဖွံ့ဖြိုးမှု၏ တိုးချဲ့သည့် အရိပ်အယောင်များအဖြစ်မှ အဆောက်အအုံများအဖြစ် မကြာမီအကောင်အထည်ပေါ်လာတော့မည်ဟုတွေးမိသည်။ ကျွန်တော်တို့ခရီးစဉ်က ရန်ကုန်မှသည် ဇလွန်မြို့ဆီသို့ . . .။

ရန်ကုန်နှင့်ဇလွန်မြို့က မိုင် ၅၀ ခန့်ဝေးသည်။ ရန်ကုန်-ညောင်တုန်း-ဓနုဖြူ-ဇလွန်ကားလမ်းအတိုင်း ကျွန်တော်တို့ထွက်လာခဲ့ခြင်းဖြစ်ရာ ကားလမ်းဘေးဝဲယာတစ်လျှောက် လယ်ကွင်းများ၊ ရွာငယ်များ၊ စိုက်ခင်းများကို မပြတ်တမ်းတွေ့မြင်ရသည်။ ရန်ကုန်-ညောင်တုန်း ကားလမ်းတစ်လျှောက် မော်တော်ယာဉ်မျိုးစုံ နေ့စဉ်သွားလာမှုမှာများပြားရာ ရန်ကုန်နှင့် ညောင်တုန်းမြို့က ကူးလူးဆက်ဆံမှုများကြောင်း တွေ့မြင်ရသည်။ အချို့လူငယ်များက ညောင်တုန်းမြို့မှ လှိုင်သာယာစက်မှုဇုန်သို့ လိုင်းကားဖြင့် နေ့ချင်းပြန် အလုပ်လာလုပ်ကြသူများရှိကြောင်း သိရသည်။

မိရိုးဖလာလယ်ယာလုပ်ငန်းခွင်များတွင် လုပ်ကိုင်ခြင်းထက် စက်ရုံအလုပ်ရုံများတွင် သွားရောက်လုပ်ကိုင်သူများလာသဖြင့် လူငယ်မျိုးဆက်သစ်များ လယ်ယာလုပ်ငန်းတွင် မတွေ့ရသလောက် နည်းပါးလာပြီဖြစ်သည်။ ညောင်တုန်းမြို့ဝန်းကျင်တွင် လယ်ယာနှင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများအပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ တဖြည်းဖြည်းနှင့် ညောင်တုန်းမြို့သို့ ဖြတ်သန်းချိန်တွင် ညောင်တုန်းဇာတိ ကာတွန်းဦးဘဂျမ်းကို သတိရမိသည်။ မြန်မာကာတွန်းရုပ်ရှင်များဖြစ်သည့် "ကြက်တောင်ကွ" နှင့် "အသူရာ" တို့ကို ဖန်တီးခဲ့သူ နိုင်ငံကျော်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဒါရိုက်တာ ရွှေဒုံးဘီအောင်လည်း ညောင်တုန်းမြို့သားပင်ဖြစ်ရာ သတိရစိတ်ဖြစ်မိသည်။

ညောင်တုန်းမြို့က ယခုအခါ ဧရာဝတီနှင့် ပန်းလှိုင်မြစ်ဆုံရာနေရာ၌ သဘာဝသဲသောင်ပြင် ပေါ်ထွန်းရာနေရာတွင် ညောင်ချောင်းသာအပန်းဖြေကမ်းခြေထွက်ပေါ်လာမှုကြောင့် ၂၀၁၂ ခုနှစ်မှ စတင်ကာ ဧည့်သည်သိန်းချီလာရောက်ကြသဖြင့် ဒေသခံတို့ ဝင်ငွေရလျက်ရှိပြီး နာမည်လည်းကြီးနေပြီဖြစ်သည်။ ရန်ကုန်မြို့မှ ခရီးမဝေးသဖြင့် နေ့ချင်းပြန်လာကြသူများလျက်ရှိသည်။ ညောင်ချောင်းသာကမ်းခြေမပျက်စီးရန် ဒေသခံတို့ ဝိုင်းဝန်းထိန်းသိမ်းမှ ရမည်ဟု တွေးမိသည်။ မော်တော်ယာဉ်က တဖြည်းဖြည်းအမြင့်ပိုင်းသို့ မောင်းနှင်ရသလိုခံစားရ၍ ကားရှေ့မျှော်ကြည့်လိုက်ရာ ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိလာသည်ကိုတွေ့ရသည်။ ဧရာဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ဗိုလ်မြတ်ထွန်းတံတားက ဧရာဝတီ မြစ်အနောက်ဘက်ကမ်း ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆယ်ရွာအနီးနှင့် ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ညောင်တုန်းမြို့နယ် သောင်တန်းကျေးရွာအနီးကို ဆက်စပ် တည်ဆောက်ထားခြင်းဖြစ်သည်။ စုစုပေါင်းအရှည် ၈၄၈၄ ပေရှိသော ဗိုလ်မြတ်ထွန်းတံတားကို ၁၉၉၆ ခုနှစ် ဇွန် ၁၅ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်၌ ပြီးစီးခဲ့ခြင်းဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီးတွင် အဓိကတံတားကြီး တစ်စင်းအဖြစ် ခရီးသွားလာရေး၊ ကုန်စည်ပို့ဆောင်ရေးများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်နေပြီဖြစ်သည်။

ဗိုလ်မြတ်ထွန်းတံတားကို မဖြတ်သန်းမီ ကားရပ်ပြီး ကျွန်တော်တို့ ဓာတ်ပုံဆင်း ရိုက်ကြသည်။ တံတားပေါ်မှ ဘယ်ညာဝဲယာကို လှမ်းမျှော်ကြည့်လိုက်ရာ အိမ်ခြေများ၊ ဥယျာဉ်ခြံများနှင့် ဧရာဝတီမြစ်သောင်ထွန်းနေမှု မြင်ကွင်းများကို အပေါ်စီးမှ မြင်တွေ့ရသည်။ အချို့လယ်ကွင်းများက ရိတ်သိမ်းပြီးနေပြီး အချို့သီးနှံစိုက်ခင်းများက စိမ်းဖြာလျက်။ တံတားအောက် ရေလမ်းကြောင်းအတိုင်း စက်လှေနှင့် ရေယာဉ်အချို့ ဖြတ်သန်းခုတ်မောင်းနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ မော်တော်ယာဉ်ပေါ် ပြန်တက်ပြီး ဗိုလ်မြတ်ထွန်းတံတားကို ဖြတ်သန်း မောင်းနှင်ခဲ့သည်။ ကားလမ်းတစ်လျှောက်ကုန်တင်ယာဉ်များ၊ ခရီးသည်တင် ဘတ်စ်ကားများ ဥဒဟိုဖြတ်သန်း မောင်းနှင်နေကြရာ ကုန်သွယ်မှု၊ ခရီးသွားလာမှုများ အဆင်ပြေချောမွေ့နေကြောင်း တွေ့မြင်ရသည်။ ကားလမ်းဘေးကျေးရွာအများစုက ဖွံ့ဖြိုးတိုးတက်ရန် အားယူနေရဆဲအနေအထားဖြစ်ပြီး ကားလမ်းနှင့်ချိတ်ဆက်ဖောက်လုပ်ထားသော ကျေးလက်လမ်းများပေါ်တွင် လှည်းနှင့်ဆိုင်ကယ်အချို့ဖြတ်သန်းမောင်းနှင်နေသည်ကို တွေ့ရသည်။ ကျေးလက်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်ကြောင်း တွေးမိသည်။

ကားလမ်းဘေး ကျေးရွာအများစုက ဖွံ့ဖြိုးတိုးတက်ရန် အားယူနေရဆဲ အနေအထားဖြစ်ပြီး ကားလမ်းနှင့် ချိတ်ဆက်ဖောက်လုပ်ထားသော ကျေးလက်လမ်းများပေါ်တွင် လှည်းနှင့် ဆိုင်ကယ်အချို့ဖြတ်သန်းမောင်းနှင်နေသည်ကို တွေ့ရသည်။ ကျေးလက်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်ကြောင်း တွေးမိသည်. . .

အချိန်အတန်ကြာမောင်းနှင်လာသည့် ကျွန်တော်တို့ မော်တော်ယာဉ်သည် မကြာမီ ဓနုဖြူမြို့သို့ရောက်ရှိလာသည်။ ဓနုဖြူမြို့က မြို့ငယ်ဖြစ်သော်လည်း တိုးတက်စည်ကားနေသည်ကို တွေ့ရသည်။ ဓနုဖြူမြို့က တိုက်တာအိမ်ခြေကောင်းကောင်းတို့ဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးတွင် အထင်ကရမြို့တစ်မြို့လည်း ဖြစ်လာသည်။ ဓနုဖြူမြို့သို့ရောက်တိုင်း စစ်သူကြီး မဟာဗန္ဓုလကို သတိရမိသည်။ ဘကြီးတော်လက်ထက် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် ဓနုဖြူခံတပ်၌ ၁၈၂၅ ခုနှစ် ဧပြီ ၁ ရက်တွင် စစ်သူကြီးမဟာဗန္ဓုလကျဆုံးခဲ့ရသည်ကို ပြန်တွေးမိနေသည်။ မဟာဗန္ဓုလကျဆုံးခဲ့ရာ ဓနုဖြူခံတပ်အတွင်း နေရာ (ယခု ဘုန်းတော်ကြီး ကျောင်းဝင်း)အတွင်း၌ အထိမ်းအမှတ်ကျောက်စာတိုင်ငယ် စိုက်ထူထားသည်ဖြစ်ရာ မရောက်ဖူးသူများ သွားရောက်ကြည့်ရှုသင့်သည့် နေရာတစ်ခုဖြစ်သည်။

ဓနုဖြူမြို့က ခရစ်နှစ် ၁၅၆၅ ခုတွင် ထရေပညားနှင့် ဓလေဗျူ မွန်မင်းမောင်နှမတို့က စတင်တည်ထောင်ခဲ့သောမြို့ဖြစ်ပြီး မြို့အမည်မှာလည်း ဓလေဗျူမှဓနုဖြူဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း အတူပါလာသူကိုမောင်ညွန့်က ပြောပြသည်။ ကျွန်တော်တို့ ဓနုဖြူမြို့ ကားလမ်းဘေးကပ်လျက် လက်ဖက်ရည်ဆိုင်အတွင်း ဝင်ရောက်ကာ နံနက်စာစားကြသည်။ ဓနုဖြူမြို့က အစားအစာ လက်ရာကောင်းသည်ဖြစ်သဖြင့် ထမင်းကြော်ကို ဆိတ်သားကြော်ဖြင့်မှာစားရာ ထူးခြားသောအရသာဖြင့် စားကောင်း၍ လိုက်ပွဲထပ်ယူရသည်။

*စာမျက်နှာ (၁၇) သို့*



*စာမျက်နှာ ၁၆ မှ*

ခနုဖြူမြို့သည် ယခင်က မြို့ဝန်၊ မြို့သူကြီးအဆက်အဆက် ထားရှိခန့်အပ်အုပ်ချုပ်ခဲ့သော မြို့ဖြစ်သည်။ ခနုဖြူ ဇာတိနိုင်ငံကျော်များမှာ အဆိုတော် ခနုဖြူစိုးသိန်း၊ အငြိမ့်မင်းသမီး ကောလိပ်မြိုင်၊ ဆိုင်းဆရာစိန်စတင်းတို့ဖြစ်ရာ နာမည်တစ်လုံးဖြင့် ထင်ရှားကျော်ကြားသူများပင်ဖြစ်သည်။ ဆိုင်းဆရာစိန်စတင်းနှင့်အတူ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် ကျွန်တော်တို့ အတူတကွ ဝိုင်းဝန်းကူညီထောက်ပံ့ပေးခဲ့ကြသည်များကို ပြန်မြင်ယောင်မိသည်။

ကျွန်တော်တို့ ခနုဖြူမြို့မှ ဆက်လက်ထွက်ခွာခဲ့သည်။ တကယ်တော့ ခနုဖြူဒေသသည် နယ်ချဲ့များ တိုက်ခိုက်တွန်းလှန်ခဲ့မှု သမိုင်းတစ်လျှောက် ထူးခြားသည့် ဘူမိနက်သန်နေရာတစ်ခုပင်ဖြစ်သည်။ မဟာဗန္ဓုလအပြင် ဗိုလ်မြတ်ထွန်းသည်လည်း ခနုဖြူမြို့နယ် ကျိုက္ကစင်းရွာ အနောက်ဘက်၌ ခံတပ်တည်ပြီး နယ်ချဲ့များကို တွန်းလှန်ခဲ့ကြောင်း သမိုင်းမှတ်တမ်းတွင် လေ့လာခဲ့ဖူးသည်။ ယခု ခနုဖြူမြို့ဇာတိဖွားများကလည်း နိုင်ငံ၏အကျိုးကို တတ်စွမ်းသမျှသယ်ပိုးနေကြသူများအဖြစ် ရပ်တည်နေဆဲပင်။

ပေါ်တက်ကာ ကြည်ညိုသဒ္ဓါတရားပြည့်ဝစွာဖြင့် ရွှေဆိုင်းများကို ကပ်လှူကာ ရှိခိုးဆုတောင်းမှုများ ပြုလုပ်ခဲ့သည်။ ဇလွန်ပြည်တော်ပြန်ဘုရားက ဆုတောင်းပြည့်သည်ဟု ယုံကြည်ကြသည်။ ရွှေချပြီး ပလ္လင်တော်ပေါ်မှ ပြန်ဆင်းကာ ကြည်ညိုစိတ်ဖြင့် ရင်ပြင်ပတ်လည်ကို လှည့်လည်လေ့လာမိသည်။ သမိုင်းမှတ်တမ်းတစ်ခုတွင် ၁၈၃၈ ခုနှစ်က ဇလွန်မြို့သူကြီး ဦးရွှေပွင့်က ဗုဒ္ဓရုပ်ပွားတော်ကို သွန်းလုပ်ပူဇော်ခဲ့ပြီး အင်္ဂလိပ်-မြန်မာ ဒုတိယစစ်အပြီး ၁၈၅၂ ခုနှစ်တွင် ဗြိတိသျှတပ်က ယူဆောင်သွားရာမှ ၁၈၅၃ ခုနှစ်တွင် ပြန်လည်ပို့ဆောင်ခဲ့သဖြင့် ပြည်တော်ပြန် ဘုရားဟု အမည်တွင်ခဲ့သည်ဟု ဆိုထားသည်။

နောက်ထပ်သမိုင်းမှတ်တမ်းတစ်ခုတွင် ဓညဝတီ ရခိုင်ပြည့်ရှင်နှင့် စန္ဒသူရိယမင်းက ဗုဒ္ဓဘုရားရှင်ကိုယ်စား နိမ္မိတရုပ်ပွားတည်ထားကိုးကွယ်ခွင့် လျှောက်ထားရာ ခွင့်ပြုခဲ့သဖြင့် မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ကဆုန်လပြည့်နေ့၌ မဟာမုနိဆင်းတုတော်ကို သွန်းလုပ်ပူဇော်ခဲ့ရာ ဗုဒ္ဓဘုရားရှင်က ရင်ငွေ့တော်လှုံကာ လက်ဖဝါးတော်ဖြင့် ခုနစ်ကြိမ်သပ်ခဲ့ကြောင်း၊ ကျန်ရှိ




ခနုဖြူမြို့မှ ထွက်လာကတည်းက ကားလမ်းက ပြန်လည်ပြုပြင်ထား၍ လားမသိ၊ သိသာစွာကောင်းမွန်နေသည်ကို သတိပြုနေမိသည်။ ကားလမ်းဘေးကပ်လျက် ကျေးရွာအချို့တည်ရှိပြီး အချို့ကျေးရွာများ၌ အလှူခံမဏ္ဍပ်ငယ်များထိုးကာ မော်တော်ယာဉ်များကို အလှူခံလျက်ရှိကြသည်။ ကျေးရွာအများအပြားမှာ လယ်ယာနှင့် သီးနှံစိုက်ပျိုးခြင်းတို့ဖြစ်ပြီး ရေလုပ်ငန်းများလည်း လုပ်ကိုင်ကြကြောင်း သိရသည်။ ခနုဖြူမြို့ဝန်းကျင်ဒေသကား လယ်ယာလုပ်ငန်း အဓိကထားလုပ်ကိုင်သူများပြားရာ လယ်ကွင်းများကို တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည်။ နေကတဖြည်းဖြည်းမြင့်တက်လာရာ အပူချိန်ကလည်းများလာသဖြင့် ကားပြတင်းပေါက်မှ လေတိုးဝင်နေသော်လည်း ပူလောင်အိုက်စပ်စပြုလာသည်။ ကားရှင်းသည့်နေရာများတွင် မိုင်နှုန်းတင် မောင်းခဲ့သဖြင့် အချိန်အနည်းငယ်အကြာတွင် ဇလွန်မြို့အဝင် ကြိုဆိုနှုတ်ခွန်းဆက်သည့် ဆိုင်းဘုတ်ကို ဖြတ်ကျော်ခဲ့သည်။ ကျွန်တော်တို့ ဇလွန်မြို့သို့ ရောက်ခဲ့ပြီ။

ဇလွန်မြို့အတွင်းသို့ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း ကားကိုမောင်းဝင်လာခဲ့သည်။ ဇလွန်ကားမြို့ကြီးမဟုတ်၊ သို့သော်မြို့ကြီး ပြကြီးအသွင်ကို ပြောင်းလဲရန်အားယူနေသည့် မြင်ကွင်းများကို တွေ့မြင်ရသည်။ ဇလွန်မြို့သည် ဟင်္သာတခရိုင်အတွင်းပါဝင်ပြီး ရပ်ကွက်ပေါင်း ငါးရပ်ကွက်သာ ရှိသော်လည်း ပြည်တော်ပြန်မာန်အောင် မြင်ဘုရားကြောင့် မြန်မာနိုင်ငံတစ်ဝန်း လူသိများပြီး တစ်နှစ်ပတ်လုံး ဘုရားဖူးများ မပြတ်တမ်းလာရောက်သဖြင့် ထင်ရှားသည်။

ဇလွန်မြို့တွင်းတွင် ကားကို ဖြည်းဖြည်းမောင်းဝင်ခဲ့ရာ နေအိမ်တိုက်တာသစ် အချို့ကိုတွေ့ရသည်။ မြို့တွင်းကားလမ်းက မကျဉ်းမကျယ်။ ဇလွန်သည် မွန်ဘာသာအမည် ဇလုံမှ ဆင်းသက်လာခြင်းဖြစ်ပြီး သင်ဖြူးဖျာဟု အဓိပ္ပာယ်ရသည်။ ကာလရွေ့လျားလာရာ ဇလုံမှ ဇလွန် ဖြစ်လာခြင်းဟု ဆိုသည်။ ဇလွန်မြို့ကို ၃၄၆ ခု တပေါင်းလဆန်း ၂ ရက်၌ ပုသိမ်ဘုရင် သမုဒ္ဒဃောသ၏ မင်းတိုင်ပင်အမတ်ကြီးစော၏သားဖြစ်သူ ဗညားအိမ်က တည်ထောင်ခဲ့ခြင်းဖြစ်သည်ဟု မှတ်တမ်းများတွင် လေ့လာမှတ်သားခဲ့ဖူးသည်။

ဇလွန်မြို့ ညောင်ပင်ဈေးရပ် ဗိုလ်ချုပ်လမ်းဘေးတွင် တည်ရှိသော ဇလွန်ပြည်တော်ပြန်ဘုရားသို့ ကျွန်တော်တို့ ရောက်ရှိခဲ့သည်။ ကားရပ်ဝင်းသတ်မှတ်ထားသောနေရာတွင် ဘုရားဖူးကားများက အပြည့်။ ကားကို နေရာလွတ်ကျဉ်းကျဉ်းတွင် ရပ်ထားခဲ့ပြီးနောက် ခမ်းနားထည်ဝါစွာ တည်ဆောက်ထားသော စောင်းတန်းအတိုင်း ဝင်ရောက်လာခဲ့သည်။ ဘုရားဝင်းဧရိယာအတွင်း တံခွန်တိုင်နှင့် ခေါင်းလောင်းစင်၊ ဘိုးတော်ရုပ်တုနှင့် သူငယ်တော်ရုပ်တုများကို မြင်တွေ့ရသည်။ ဂန္ဓကုဋိတန်ဆောင်းတော်၊ ရွှေပိန်းချအုတ်တိုင်ကြီးများ၊ သရိုးခင်းရွှေချရွှေမျက်နှာကြက်တော်များကိုလည်း အလှူရှင်များက စေတနာထက်သန်စွာ လှူဒါန်းကြသည်ကို တွေ့မြင်ရသဖြင့် သဒ္ဓါစိတ်ပွားရသည်။ ဘုရားပေါ်တွင်ရော၊ တန်ဆောင်းများတွင်ပါ ဘုရားဖူးများဖြင့် စည်ကားနေသည်။

ဇလွန်ပြည်တော်ပြန်ဘုရားကို ဦးချရှိခိုးပြီး ရွှေချရန် ပလ္လင်တော်

သော ရတနာများအား နောက်ထပ်မုနိသုံးဆူကို ဗုဒ္ဓမျက်မှောက်တော်၌ပင် အခွင့်တော်ဖြင့် ကြီးစဉ်ငယ်လိုက် သွန်းလုပ်ခဲ့ရာ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိ၊ မာန်အောင်မြင်မုနိတို့ ရရှိခဲ့ကြောင်း၊ ယခုဇလွန်မြို့ရှိ မာန်အောင်မြင် ဗုဒ္ဓဆင်းတုသည် ဉာဏ်တော်အငယ်ဆုံးဖြစ်ပြီး ဓမ္မစက်အလွတ်အမြင့် နှစ်တောင် ၁၀ လက်မရှိကာ ရွှေကြေးရတနာပိဿာချိန် ၆၆၆ ပိဿာ ၆ ကျပ်သားရှိကြောင်း၊ ကောဇာသက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် အမရပူရအိမ်ရှေ့စံ သီဟသူရက ဓညဝတီမှ အမရပူရသို့ ပင့်ဆောင်ခဲ့ပြီး ကိုးကွယ်ခဲ့ကြောင်း၊ ဇလွန်မြို့သူကြီး ဦးရွှေပွင့်က ပုံတူသွန်းလောင်းခဲ့သော်လည်း အပြီးမသတ်နိုင်ဘဲ ၁၂၁၄ ခုနှစ်တွင် မူလမာန်အောင်မြင် ဗုဒ္ဓဆင်းတုတော်ကိုသာ ဇလွန်မြို့သို့ ပင့်ဆောင်နိုင်ခဲ့ကြောင်း၊ ၁၂၇၁ ခုနှစ်တွင် ဗြိတိသျှတို့က အိန္ဒိယနိုင်ငံဘုံဘေမြို့သို့ သယ်ဆောင်သွားခဲ့ရာမှ အင်္ဂလန် ဝိတိုရိယဘုရင်မကြီး ခေါင်းကိုက်ဝေဒနာ ခံစားရသဖြင့် အိပ်မက်အရ မာန်အောင်မြင်ဘုရားအား ပြန်လည်ပို့ဆောင်ခဲ့ရာ ပြည်တော်ပြန်ဘုရားဟု အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်း ဆိုထားသည်။ မည်သို့ ဆိုစေ ဇလွန်မာန်အောင်မြင် ပြည်တော်ပြန်ဘုရားက ဖူးမြော်ရသူအဖို့ ကြည်ညိုစိတ်ပွားများရသည်က အမှန်ပင်။

ဘုရားဖူးများ တဖြည်းဖြည်းများလာသဖြင့် ကျွန်တော်တို့ ဘုရားအားထပ်မံ ဖူးမြော်ဦးချပြီး ဘုရားအနီးဈေးအတွင်းသို့ ဝင်ရောက်လေ့လာဖြစ်ခဲ့သည်။ ဒေသထွက်ကုန်အဖြစ် ဇလွန်ချင်းသုတ် အထုပ်များကို လက်ဆောင်ပေးရန် ဝယ်ခဲ့သည်။ ဇလွန်ချင်းသုတ်က နာမည်ကြီးသည်။ အရသာထူးခြားပြီး ထုပ်ပိုးမှုကောင်းသဖြင့် ခရီးဝေးသယ်ဆောင်ရာတွင် အဆင်ပြေသည်ဖြစ်ရာ များများဝယ်ဖြစ်သည်။ ဈေးက စည်ကားသဖြင့် ဈေးတစ်ပတ်လှည့်လည်ကြည့်ခဲ့ရာ ဒေသထွက်ကုန်များ၊ ဟင်းသီးဟင်းရွက်များ၊ အဝတ်အထည်များ စသည်ဖြင့်စုံလင်စွာတွေ့ရသည်။

ကျွန်တော်တို့ဈေးမှ ပြန်ထွက်ခဲ့ပြီး ဇလွန်မြို့တွင်းသို့ ကားဖြင့် လှည့်လည်လေ့လာခဲ့ရာ အေးချမ်းသောမြို့ပြအသွင်အပြင်ကို တွေ့မြင်ခဲ့ရသည်။ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ထားမှုကိုတွေ့ရပြီး အိုးအိမ်တိုက်တာအသစ်အချို့ တည်ဆောက်လက်စကိုလည်း တွေ့ရသဖြင့် တဖြည်းဖြည်း ဖွံ့ဖြိုးလာနေသော ဇလွန်မြို့၏ ပြောင်းလဲမှုများက သတိပြုစရာဖြစ်နေသည်။ ဇလွန်မြို့တွင်း လှည့်လည်လေ့လာရင်း ကွယ်လွန်သွားပြီဖြစ်သော နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင် ဒေါ်မြလေးကို သတိရမိသည်။ ဒေါ်မြလေးက ဇလွန်မြို့အနီး မဟာသာရွာ ဇာတိဖြစ်သည်။ ထူးခြားသောပင်ကိုဟန်၊ ပင်ကိုအသံများဖြင့် ပရိသတ်အားပေးမှုကို ရရှိခဲ့သူဖြစ်ကြောင်း တွေးမိသည်။ ဇလွန်မြို့ကို လှည့်ပတ်ကြည့်ရှုပြီးနောက် ကျွန်တော်တို့ ရန်ကုန်သို့ ပြန်ထွက်လာခဲ့သည်။ မြန်မာ့ရေ မြေက နေရာဒေသတိုင်း အလှအပရှိသလို မြို့တိုင်းရွာတိုင်းက ကိုယ်စီ ဆွဲဆောင်မှုရှိနေသည်။ ဇလွန်မြို့သည်လည်း ဇလွန်မာန်အောင်မြင်ပြည်တော်ပြန်ဘုရားကြောင့် မြန်မာနိုင်ငံတစ်ဝန်း ထင်ရှားပြီး ဘုရားဖူးလာသူလည်း များပြားသည်။ နောင်နှစ်ပေါင်းများစွာတိုင် ဘုရားဖူးများ၊ ဧည့်သည်များလာရောက်နေဦးမည်ဟု တွေးနေမိသည်။

# ၂၀၁၆ ခု ဇန်နဝါရီလကို အပူဆုံးလအဖြစ် မှတ်တမ်းတင်

ဘာသာပြန်-TMO

ပြီးခဲ့သော ဇန်နဝါရီလသည် ၁၈၈၀ ပြည့်နှစ်နောက်ပိုင်း မှတ်တမ်းများတွင် အပူဆုံးလအဖြစ် သတ်မှတ်နိုင်ကြောင်း လစဉ်အမြင့်ဆုံး အပူချိန်များကို မှတ်တမ်းတင်ထားသော အမေရိကန်အမျိုးသား သမုဒ္ဒရာနှင့် လေထုဆိုင်ရာဌာနချုပ် **(NAOO)** က ထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီလက ကုန်းမြေပြင်နှင့် သမုဒ္ဒရာရေမျက်နှာပြင်အထက် ပျမ်းမျှအပူချိန်မှာ ၂၀ ရာစုနှစ်က ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၀၄ ဒီဂရီ ဆဲလ်စီးယပ်စ်တိုးလာခဲ့ကြောင်း ယခုသီတင်းပတ်အတွင်းက ထုတ်ပြန်ခဲ့သော လစဉ်မှတ်တမ်းများအရ သိရသည်။

ဇယားတွင် ဇန်နဝါရီလသည် ပြီးခဲ့သော နှစ်ပေါင်း ၁၃၆ နှစ်အတွင်း အပူဆုံးလဖြစ်ခဲ့ပြီး ယခင် ၂၀၀၇ ခုနှစ်က စံချိန် ၀ ဒသမ ၁၆ ဒီဂရီဆဲလ်စီးယပ်စ်ထက် ကျော်လွန်သွားခဲ့သည်။ ယင်းကဲ့သို့ အပူချိန်မြင့်မားရခြင်းမှာ ၂၀၁၅ ခုနှစ်မှ အားကောင်းသော အယ်နီညိုကြောင့်လည်းကောင်း၊ ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ထုတ်လွှတ်သော အပူများကြောင့်လည်းကောင်း ဖြစ်သည်ဟု (NAOO) မှ၊ သုတေသနပညာရှင်များက ဖော်ပြကြသည်။

ထို့အပြင် ကုန်းမြေပြင်အပူချိန်မှာ ပျမ်းမျှထက် ၁ ဒသမ ၅၆ ဒီဂရီဆဲလ်စီးယပ်စ် တိုးလာပြီး ၂၀၀၇ ခုနှစ်နောက်ပိုင်း ဇန်နဝါရီလအတွက် ဒုတိယအမြင့်ဆုံးဖြစ်ခဲ့သည်။ ယခင်အပူချိန်မှတ်တမ်းများအရ ဆိုက်ဘေးရီးယား မြောက်ပိုင်းတွင် ၁၉၈၁-၂၀၁၀ ခုနှစ် လစဉ်ပျမ်းမျှအပူချိန်ထက် အနည်းဆုံး ၅ ဒီဂရီ ဆဲလ်စီးယပ်စ် တိုးလာခဲ့သည်ကို တွေ့ရသည်။

အလားတူ အာရှ အရှေ့တောင်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသ၊ အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကတောင်ပိုင်းဒေသ အများစုနှင့် အမေရိကန် တောင်ပိုင်းနှင့် အလယ်ပိုင်းဧရိယာ တော်တော်များများတွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်ခဲ့သည်။

သမုဒ္ဒရာရေမျက်နှာပြင်အထက်တွင်မူ ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်မှာ ၂၀ ရာစုပျမ်းမျှအပူချိန်ထက် ၀ ဒသမ ၈၆ ဒီဂရီဆဲလ်စီးယပ်စ် တိုးလာခဲ့သည်။ ယင်းမှာ ဇန်နဝါရီလအတွက် အမြင့်ဆုံးစံချိန်ဖြစ်ခဲ့ပြီး ၂၀၁၀ ခုနှစ်က စံချိန် ၀ ဒသမ ၂၅ ဒီဂရီဆဲလ်စီးယပ်စ်ကို ကျော်လွန်သွားသည်။

ယင်းအပြင် ဇန်နဝါရီလအတွင်း အာတိတ်ဒေသ ရေခဲပြင်အခြေအနေမှာ ပတ်လည်မိုင်ပေါင်း ၄၁၀၀၀၀ သို့မဟုတ် ၇ ဒသမ ၁၄ ရာခိုင်နှုန်းအထိရှိခဲ့ပြီး ၁၉၈၁-၂၀၁၀ ပြည့်နှစ်ပျမ်းမျှအခြေအနေထက် နိမ့်ကျသွားသည်ကို တွေ့ရသည်။ ယင်းမှာ ၂၀၁၁ ခုနှစ်ကစံချိန်ထက် ပတ်လည်မိုင်ပေါင်း ၃၅၀၀၀ လျော့နည်းခဲ့ခြင်းဖြစ်ပြီး ၁၉၇၉ ခုနှစ် အစောပိုင်းမှတ်တမ်းများနှင့် နှိုင်းယှဉ်လျှင် ဇန်နဝါရီလတွင် အသေးငယ်ဆုံး အခြေအနေဖြစ်သွားသည်ဟု အဆိုပါသတင်းဌာနမှ သိရသည်။

အတ္တလန္တိတ်ဒေသရေခဲပြင်သည် ၁၉၈၁-၂၀၁၀ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ဇန်နဝါရီလအတွင်း ပတ်လည်မိုင်ပေါင်း ၈၀၀၀၀၀ ဖြစ်ခဲ့ပြီး မှတ်တမ်းတင်ခဲ့သော ၃၈ နှစ်အတွင်း ၂၀၁၁ ခုနှစ်က အသေးငယ်ဆုံးစံချိန်ထက်၊ ၁၇ ကြိမ်မြောက်ဖြစ်ခဲ့သည်။ **(ဆင်ဟွာ)**




**အပူချိန်မြင့်မားရခြင်းမှာ ၂၀၁၅ ခုနစ်မှ အားကောင်းသော အယ်နီညိုကြောင့်လည်းကောင်း၊ ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ထုတ်လွှတ်သော အပူများကြောင့်လည်းကောင်းဖြစ်သည်ဟု (NAOO) မှ သုတေသနပညာရှင်များက ဖော်ပြကြ**

# ကမ္ဘာ့အသိအမှတ်ပြု ရမ်ဆာရေတိမ်ဒေသ အင်းတော်ကြီးကန်အလှ

မြန်ဂုဏ်ဆောင်

***ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂ ရက် ကမ္ဘာ့ရေတိမ်ဒေသနေ့ (World Wetlands Day) တွင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ရမ်ဆာရေတိမ်ဒေသ (Ramsar Site)အဖြစ်သတ်မှတ်ခြင်းခံရခြင်းသည်အမိမြန်မာနိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။***


အင်းတော်ကြီးကန်အတွင်းရှိ ရွှေမြူဘုရားကို ဖူးတွေ့ရစဉ်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ ဟိုပင်မြို့သို့ ၂၇ မိုင်ခရီးကို ကားဖြင့်သွားပါက တောင်တန်းစိမ်းညို့ညို့၊ စိမ်းလဲ့လဲ့ လယ်ယာစိုက်ခင်းများကြားက လန်ဒန်ကျေးရွာကိုတွေ့ရသည်။ လန်ဒန်ကျေးရွာသည် မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်သည့် အင်းတော်ကြီး သဘာဝရေအိုင် ကမ်းစပ်တွင်တည်ရှိသော ဖွံ့ဖြိုးစ ကျေးရွာလေး တစ်ရွာဖြစ်သည်။ အင်းတော်ကြီး သဘာဝရေအိုင်သည် အရှေ့အနောက် ရှစ်မိုင်ခန့်ရှည်ပြီး တောင်မြောက် ၁၅ မိုင်ရှိသည်။ ဧရိယာ ၂၉၉ ဒသမ ၇၂ စတုရန်းမိုင်ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၅၄၆ ပေအမြင့်တွင် တည်ရှိသည်။ ဆောင်းခိုငှက်များပျော်ပါးရာ အင်းတော်ကြီး ကန်သည် မြန်မာနိုင်ငံတွင် အကြီးဆုံးရေကန်တစ်ခုဖြစ်ပြီး အရှေ့တောင်အာရှတွင် တတိယမြောက်အကြီး ဆုံးရေကန်ဖြစ်သည်။ ကန်ကြီးကိုမှီခို၍ ကျေးရွာ ၃၃ ရွာတည်ရှိပြီး မြင့်မားသော တောင်တန်းရှည်များဖြင့် ဝန်းရံထားသည်။

အင်းတော်ကြီးကန်၏ ရေဝေရေလဲဧရိယာကို နုန့်ရင်ခါ၊ မိုင်းနောင်၊ နန့်မွန်၊ အင်းတော်ကြီး၊ မုဆိုးကြီးဝိုင်းကြီးငါးခုနှင့် ထိန်းသိမ်းထားသည်။ အင်းတော်ကြီးဘေးမဲ့တောကို ၁၉၉၉ ခုနှစ်မှစတင်၍ ကြီးဝိုင်းကြီး ငါးခုဖြင့် ပြုစုပျိုးထောင်ထားသည်။ အင်းတော်ကြီး ကန်ထဲသို့ နုန့်ရင်ခါချောင်း၊ နန့်မွန်းချောင်း၊ နန့်စန်းတာချောင်းအပါအဝင် ချောင်း ၃၀ ကျော်က စီးဝင်ကြသည်။ အင်းတော်ကြီးကန်မှရေကို ရေသန့်ဘူးထဲသို့ထည့်၍ယှဉ်တွဲထားပါက ရေသန့်နှင့် ခွဲမရအောင်ပင် အင်းတော်ကြီး ကန်ရေက ကြည်လင်သန့်စင်သည်။ အင်းတော်ကြီး ကန် ရေပြင်ထက်ဝယ် ပျော်ပါးနေကြသော ဆောင်းခိုငှက်များကို မြင်ဖူးသူတိုင်း၏ စိတ်နှလုံးရွှင်မြူးကြသည်။ အင်းတော်ကြီးကန်ရေမျက်နှာပြင်ထက်ဝယ်ငှက်ထောင် ပေါင်းများစွာ အတူတကွနေထိုင်ရန် လုံလောက်သော အစာအာဟာရ၊ နားနေရန်နေရာ အကျယ်အဝန်းပြည့်စုံသည်။

ကန်ရေပြင်ထက်ဝယ် ဘဲဟင်္သာ(Ruddy၊Shelduck)၊ စင်ရော်ငှက် (Gull)၊ ဘဲနီပု (Redcrested Pochard)၊ ရေကြည်ဒုံ (Common Coot)၊ ဒင်ကျီးငှက် (Great Cormmorant)၊ ငှက်ကြီးဝန်ပို (Spotbilled Pelican)၊ ခရုစုပ် (Black Headedltois)၊ ခရုတုတ် (Asian Openbill)၊ ကုန်းငှက်တောင်ဝီစူး (Common Hoopoe)၊ မြီးညှောက်ငှက် (Wagtail)၊ ပိန်ညင်း (King Disher) စသည့် အသားစားငှက် (Birds of Prey) တို့က သဘာဝအလျောက်ပျော်ပါးနေကြသည်။

မြန်မာပြည်မြောက်ပိုင်းဒေသ ကချင်ပြည်နယ်သည် တရုတ်၊ အိန္ဒိယနိုင်ငံများနှင့် အိမ်နီးချင်းထိစပ်နေသော ရပ်ဝန်းဖြစ်၍ ပြည်ပမှ ရှားပါးအောက်ချင်းငှက် (Hornbill)၊ ဆောင်းခိုငှက်မျိုးစိတ် ၇၀ ခန့်တို့က နှစ်စဉ်လာရောက်ကြကြောင်း အင်းတော်ကြီးဘေးမဲ့ထိန်းသိမ်းရေးအဖွဲ့၊ သားငှက်တိရစ္ဆာန် သုတေသနဌာနတို့က မှတ်တမ်းပြုစုထားသည်။

ရန်ကုန်မြို့မှ မိုးညှင်းမြို့သို့ မိုင် ၇၀၀ ကျော်ဝေးပြီး မိုးညှင်းမြို့မှဟိုပင်မြို့သို့ ၄၅ မိုင်၊ ဟိုပင်မြို့မှ လန်ဒန်ကျေးရွာကလေးသို့ ၂၇ မိုင်ဝေးသည်။ ဒေသခံကျေးလက်ပြည်သူများက ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အင်းတော်ကြီးသဘာဝရေအိုင်အတွင်း စက်တပ်လှေဖြင့် သွားလာနိုင်သည်။ အဆိုပါကျေးရွာလေးသို့ ရောက်ရှိပါက ကျွန်းမျောသဖွယ် ရေပေါ်စိုက်ခင်းများကို တွေ့ကြရမည်ဖြစ်သည်။

အင်းတော်ကြီးကန်ကို ရမ်ဆာရေတိမ်ဒေသ အဖြစ် ကမ္ဘာက အသိအမှတ်ပြုလိုက်ပြီဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ယခင်ကထက်ပို၍ သဘာဝဂေဟစနစ်များ၊ သဘာဝပတ်ဝန်းကျင် အလှတရားများ မပျောက်ပျက် မပျက်စီးစေရန် ပိုမိုအလေးထား ထိန်းသိမ်းကြရန်လိုအပ်လာသည်။ ၁၉၉၉ ခုနှစ်ကတည်းက သဘာဝရေအိုင်အဖြစ် သစ်တောဌာနမှသတ်မှတ်ထိန်းသိမ်းထားခဲ့သော အင်းတော်ကြီးရေအိုင်သို့ ပြည်တွင်းပြည်ပခရီးသွားများ နှစ်စဉ်လာရောက်လည်ပတ်မှုတိုးတက်လာသည်။

အင်းတော်ကြီးရေအိုင်သို့ရောက်ရှိပါက ကန်စပ်တွင် မြက်ပင်ရှည်များ၊ ကျူရိုး၊ ကျူပင်များဖြင့်ဖုံးလွှမ်းနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အင်းတော်ကြီးကန်ရပ်ဝန်းဇုန်နယ်မြေတွင် ငှက်မျိုးစိတ် ၄၅၀ ခန့်၊ လိပ်ပြာမျိုးစိတ် ၅၀ ကျော်၊ ကုန်းနေသတ္တဝါ ၃၄ မျိုးဖြင့် တိရစ္ဆာန်တို့ ဘာသာဘာဝ ပျော်မြူးနေကြသည်။ ငှက်တို့သဘာဝနေထိုင်ကျက်စားမှုကို ကြည့်ရှုကြရန် လှေအငှားလိုက်ကြသူများ၏ဝန်ဆောင်မှုကလည်း လန်ဒန်ကျေးရွာသားတို့၏ မိခင်လုပ်ငန်းတစ်ခုပင်ဖြစ်သည်။ ကယက်လှေများဖြင့် ငှက်ကြည့်ရန် ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်ပေးလျက်ရှိသည်။ တိုင်းရင်းသားသွေးချင်းများဖြစ်သော ကချင်၊ ရှမ်း၊ မြန်မာ၊ ကဒူး၊ ကနန်းများနေထိုင်ရာ အင်းတော်ကြီး၏ အလှ ထာဝရတည်တံ့စေရန် ကန်ကိုရေရှည်ထိန်းသိမ်းရေး၊ ကန်ရေကို စနစ်တကျအသုံးပြုရေးလိုအပ်သည်။

**ဆောင်းခိုငှက်များပျော်ပါးရာ အင်းတော်ကြီးကန်သည် မြန်မာနိုင်ငံတွင် အကြီးဆုံးရေကန်တစ်ခုဖြစ်ပြီး အရှေ့တောင်အာရှတွင် တတိယမြောက်အကြီးဆုံးရေကန်ဖြစ်သည်။**

အင်းတော်ကြီးဒေသတွင် လူဦးရေ ၃၀၀၀၀ ခန့် နေထိုင်ပြီး အများစုမှာ မိသားစုဝင်ငွေ ရရှိရေးအတွက် ငါးဖမ်းသည်။ တောင်ယာခင်းများစိုက်ပျိုးကြသည်။ သစ်တောသစ်ပင်ကိုမှီခို၍ သစ်တောထွက်ပစ္စည်းများ၊ သဘာဝဆေးဖက်ဝင် သစ်ဥသစ်ဖုများကို ရှာဖွေရောင်းချကြသည်။ သဘာဝသစ်တောထိန်းသိမ်းရေးနှင့် အင်းတော်ကြီးကန် ထိန်းသိမ်းရေးလုပ်ငန်းကြီးနှစ်ရပ်ကို သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI) ၏ အစီအစဉ်ဖြင့် သဘာဝရေကန်ကြီးကို ၂၀၁၀ ပြည့်နှစ်မှစတင်၍ ထိန်းသိမ်းခဲ့သည်။ သစ်တောမပြုန်းတီးအောင် ထင်းသုံးစွဲမှုနည်းသော မီးဖိုများဖြင့် အစားထိုးဆောင်ရွက်စေခဲ့သည်။

ငါးကောင်ရေများထိန်းသိမ်းသောအားဖြင့် ငါးသားပေါက်ကြီးထွားသော နေရာဒေသများတွင် ငါးထိန်းသိမ်းရေးဇုန်များသတ်မှတ်၍ ဒေသခံပြည်သူများအား အသိပညာပေးကာ ရေတိမ်ဒေသကို ထိန်းသိမ်းခဲ့သည်။ အင်းတော်ကြီးရေလယ်ဘုရား ရွှေမြူဘုရားပတ်ဝန်းကျင်ဒေသရပ်ဝန်းကို ‘ငါးမဖမ်းရဇုန်’ သတ်မှတ်၍ ငါးထိန်းသိမ်းရေးဇုန်ကို ဇုန်သတ်မှတ်ပြီး ငါးကောင်ရေတိုးပွားမှုကို ထိန်းသိမ်းခဲ့သည်။

အင်းတော်ကြီးကန်ရပ်ဝန်းဇုန်နယ်မြေ၏တောင်ပိုင်းရှိ ချောင်းလက်တက်များက ကန်ကြီးအတွင်းသို့ ရေစီးဝင်ကြရာ အဆိုပါချောင်းလက်တက်များတွင် တရားမဝင်ရွှေတူးဖော်ခြင်းလုပ်ငန်းများရှိနေပါက ကန်ရေထုညစ်ညမ်းခြင်း၊ နုန်းကျခြင်း၊ ရေပျော်ငါးများ သေကျေပျက်စီးခြင်းစသည့် ဘေးထွက်ဆိုးကျိုးများကို ခံစားကြရမည်ဖြစ်သည်။

တရားမဝင်ရွှေတူးဖော်ရေး လုပ်ငန်းများက အင်းတော်ကြီးကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကအကြီးမားဆုံးစိန်ခေါ်နေကြောင်း နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန Fauna & Flora International (FFI)က ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က ရမ်ဆာ (Ramsar) အတွင်းဝန်ရုံးက ရေတိမ်ဒေသအဖြစ် သတ် မှတ်ရာတွင် သတင်းထုတ်ပြန်ခဲ့သည်။

အင်းတော်ကြီး၏ချောင်းလက်တက်တစ်ခုဖြစ်သော ခေါင်းတုံချောင်းထိပ်ပိုင်းတွင် တရားမဝင်ရွှေတူးဖော်နေကြသည်။ နိုင်ငံတော်မျက်နှာကို အိုးမဲသုတ်ဘိသကဲ့သို့ ဖြစ်နေသည်။ တိမ်ကောနေသော ခေါင်းတုံချောင်းမှ အင်းတော်ကြီးကန်သို့ ရေစီးကြောင်းတွင် နုန်းရေများကို တားဆီးနိုင်မည့်ကန်ရေတစ်ခု တည်ဆောက်မည်ဟု ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံအထက်ပိုင်းစီမံကိန်း မန်နေဂျာက ညွှန်းဆိုသည်။

ကမ္ဘာ့နိုင်ငံများတွင်ကွယ်ပျောက်လုနီး ခြိမ်းခြောက်ခံနေရသော ငှက်မျိုးစိတ်ပေါင်း ၁၀၀ ကျော် ကျက်စားနေထိုင်ရာ ရေတိမ်ဒေသများကိုထိန်းသိမ်းရန်၊ စိုက်ပျိုးရေးအတွက်လိုအပ်သော ရေအရင်းအမြစ်ကို ကာကွယ်ရန်၊ ရေပျော်သားငါးမျိုးစိတ်များကို ပြုစုထိန်းသိမ်းရန် လိုအပ်သည်။

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေ (၁၉၉၄)၏ သတ်မှတ်ပြဋ္ဌာန်းချက်အရ “မည်သူမဆို သဘာဝနယ်မြေတွင် ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်းနှင့် ရေတွင်အဆိပ်ခပ်ခြင်းများ ပြုလုပ်ပါက ထောင်ဒဏ်၊ ငွေဒဏ် ချမှတ်ရန်ဥပဒေကို တိတိပပဖော်ပြထားပြီး ဖြစ်သည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့ဆောင်ပုဒ် “လူမှုဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ရေတိမ်ဒေသများမှ ဖြည့်စွက်ပေး” (Wetlands for our Future, Scstainalde Livelihoods) အရ ကမ္ဘာ့လူသားများ၏ အနာဂတ်ဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို လေးစားလိုက်နာဖို့လိုသည်။ ဒေသအသိုင်းအဝိုင်းနှင့် သဘာဝဂေဟစနစ်အတွက် အင်းတော်ကြီးကန်ရေတိမ်ဒေသက ဖြည့်စွမ်းပေးနေသော အကျိုးကျေးဇူးများအား ဆက်လက်ထိန်းသိမ်းထားနိုင်ရမည်ဖြစ်သည်။


အင်းတော်ကြီးကန်သို့ ခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်စဉ်။

# အောင်မြန်မာရိုးရာလက်ဝှေ့ကလပ်မှ အနာဂတ်မျိုးဆက်သစ် လက်ဝှေ့ကြယ်ပွင့်များကို မွေးထုတ်သွားမည်

သတင်းဆောင်းပါး-
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

မြန်မာပြည်ရဲ့ နောင်အနာဂတ်မျိုးဆက်သစ် ရိုးရာလက်ဝှေ့ကြယ်ပွင့်များကို အချိန်ယူမွေးထုတ်သွားရန် ဦးစီးကိုင်တွယ် လေ့ကျင့်နေသော နည်းပြချုပ် မြန်မာပြည်အလွတ်တန်း ချန်ပီယံဟောင်း ဝမ်ချိုင်းရဲ့ အောင်မြန်မာရိုးရာလက်ဝှေ့ကလပ်ဟာ တကယ်ပဲ ရန်ကုန်မြို့ရဲ့ တောင့်တင်းခိုင်မာ အင်အားကြီးတဲ့ ရိုးရာလက်ဝှေ့ကလပ်ကြီး ဖြစ်လာတော့မည်လား------။

ဟုတ်ပါသည်။ တကယ်ပဲ တစ်ချိန်က မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် အချိန်ကာလတစ်ခုအထိ အလွတ်တန်းချန်ပီယံတစ်ဦးရယ်လို့ နာမည်ကျော်ကြားခဲ့တဲ့ ဝမ်ချိုင်းဟာ များမကြာမီကပင် ရိုးရာလက်ဝှေ့လောကသို့ သားတပည့် လွမ်ချိုင်းနဲ့အတူ တစ်ကျော့ပြန် ခုန်ဆင်းချင်းနင်းဝင်ရောက်လာခဲ့သည်။ တစ်ခေတ်ဆန်းလာသည့် ရိုးရာလက်ဝှေ့လောက အောင်မြင်စေချင်တဲ့ သူရဲ့ ခိုင်မာတဲ့ ရည်ရွယ်ချက်ကြောင့်လို့ပဲ ပြောရမလား အခက်အခဲအကျပ်အတည်းမျိုးစုံကြားထဲက နောက်မဆုတ်သည့် ဇွဲနပဲနှင့်ရင်ဆိုင်ရပ်တည်ရင်း ခုတော့ အောင်မြန်မာရိုးရာလက်ဝှေ့ကလပ်ရယ်လို့ နောင်အနာဂတ်မျိုးဆက်သစ်ရိုးရာလက်ဝှေ့ကြယ်ပွင့်များကို အမှန်တကယ်မွေးထုတ်ပေးနိုင်မည့် နေရာသစ်တစ်ခု၊ လမ်းကြောင်းတစ်ခုကို ပိုင်ဆိုင်ထားသူ ဖြစ်နေပြီဖြစ်သည်။

"ကျွန်တော် အောင်မြင်တဲ့ ရိုးရာလက်ဝှေ့ကလပ်တစ်ခုတည်ထောင်ဖို့ ယုံကြည်ချက်အပြည့်နဲ့ မြဝတီကနေ ဒီရန်ကုန်ကို ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းလောက်က ရောက်လာတာပါ။ ဒါပေမယ့် ကျွန်တော်ကိုင်တဲ့ ပထမဝါဆို ကလပ်ကတော့ အကြောင်းအမျိုးမျိုးကြောင့် သိပ်မကြာဘူး ပျက်သွားခဲ့တယ်။ အဲဒါနဲ့ စိတ်ဓာတ်ကျပြီး ခိုကိုးရာမဲ့ဖြစ်နေတဲ့အချိန် အခုနေရာကို အခကြေးငွေမယူဘဲ စေတနာနဲ့ကူညီပေးထားတဲ့ ကိုမိုးထွန်းနဲ့တွေ့ခဲ့တယ်။ သူမကူညီရင် ကျွန်တော်အခုလို ဆက်လက်ရပ်တည်နိုင်မှာမဟုတ်ဘူး။ အဲဒါကြောင့် အခုအောင်မြန်မာရိုးရာလက်ဝှေ့ကလပ်ကို ကိုင်တွယ်ခွင့်ရနေတာဖြစ်ပါတယ်"ဟု မြန်မာပြည်အလွတ်တန်း ရိုးရာလက်ဝှေ့ချန်ပီယံဟောင်း ဝမ်ချိုင်းက ပြောသည်။

စောဟန်သိန်း(ခ)ဝမ်ချိုင်းသည် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကွန်နွယ်ကျေးရွာသားတစ်ဦးဖြစ်ပြီး အသက် ၁၈ နှစ်အရွယ်ကတည်းက ရိုးရာလက်ဝှေ့လောကကို ချင်းနင်းဝင်ရောက် စတင်ယှဉ်ပြိုင် ထိုးသတ်ခဲ့သူဖြစ်သည်။ ဝမ်ချိုင်းသည် ရိုးရာလက်ဝှေ့သမားဘဝတစ်လျှောက်လုံးမှာ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် နယ်စပ်မြို့များတွင် အများဆုံး သွားရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့သူဖြစ်ပြီး လက်ဝှေ့သမားဘဝ ပြည်တွင်းပြည်ပထိုးသတ်ခဲ့သည့် စုစုပေါင်းပွဲ ၈၀ တွင် ၆၉ ပွဲနိုင်၊ ရှစ်ပွဲသရေနှင့် ရှုံးပွဲ သုံးပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် မြန်မာပြည်အလွတ်တန်း ရိုးရာလက်ဝှေ့ ချန်ပီယံဟောင်းတစ်ဦးဖြစ်သည်။ ရွှေခါးပတ်ချန်ပီယံကို ၁၉၉၇ ခုနှစ်တွင် ထိုစဉ်က လက်ရှိပိုင်ဆိုင်ထားသည့် မြန်မာပြည်အလွတ်တန်းချန်ပီယံ ရွှေဓူဝံအား သုံးချီမြောက်တွင် အလဲထိုးဖြင့် အနိုင်ရခဲ့သူဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်တွင် ရှမ်းလေးသွေးကို ရှုံးနိမ့်ကာ မြန်မာပြည်ချန်ပီယံရွှေခါးပတ်ကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရသည်။

"ကျွန်တော်တို့တုန်းက ဝိတ်တန်းတူ၊ လက်ရည်တူသူတွေများတယ်။ အခုလိုမဟုတ်ဘူး။ ကျွန်တော် မြန်မာပြည်ရွှေခါးပတ်ချန်ပီယံကို အောင်အောင်ထွန်းနဲ့အပြိုင်လုခဲ့ရတာ။ အခုလို တစ်ပွဲနှစ်ပွဲတောင်မကဘူး။ ပွဲပေါင်းတော်တော်များများ ထိုးခဲ့ရတယ်။ ဒါပေမယ့် ခုနောက်ပိုင်းက ချန်ပီယံကို ဝိတ်တန်းတူ ယှဉ်ပြိုင်ထိုးသတ်မယ့်သူကမရှိဘူးဖြစ်နေတယ်။ ရိုးရာလက်ဝှေ့က တိုးတက်လာတယ်လို့ ပြောပေမယ့် ပွဲကအရင်ကထက် စိပ်လာတာပဲရှိတယ်။ နည်းစနစ်ပိုင်း၊ လှုံ့စွမ်းအားအရင်းအမြစ်ပိုင်းက အားရစရာသိပ်မတွေ့ရဘူး။ ခုနောက်ပိုင်း ပြည်ပပွဲတွေလည်း တော်တော်ယှဉ်ပြိုင်ထိုးသတ်လာတာကို တွေ့ရတယ်။ ဒါပေမယ့် ပရိသတ်အားရကျေနပ်မှုကို ပေးနိုင်တဲ့ပွဲမျိုးတွေမဟုတ်ဘူး။ တကယ်တော့ မြန်မာ့ရိုးရာလက်ဝှေ့နဲ့ ရင်ပေါင်တန်းထိုးနိုင်တာက အိမ်နီးချင်း ထိုင်းပဲရှိတာ။ ထိုင်းတွေကလည်း တကယ်ကောင်းတဲ့သူတွေက ဒီကိုလာမထိုးကြဘူး။ အဓိကကတော့ ဒီမှာပွဲစီစဉ်သူတွေက ထိုးကြေးအဲဒီလောက်ထိ မပေးနိုင်ဘူး။ အဲဒီတော့ ပြည်ပပွဲတော်တော်များများက တချို့ ပြည်တွင်းပွဲတွေလောက်တောင် ကြည့်မကောင်းဘူးဖြစ်နေတယ်"ဟု ချန်ပီယံဟောင်း ဝမ်ချိုင်းက လက်ရှိ ရိုးရာလက်ဝှေ့လောကအပေါ် ထောက်ရှုသုံးသပ်ပြောကြားသည်။

ဝမ်ချိုင်းသည် လက်ရှိအောင်မြန်မာရိုးရာလက်ဝှေ့ကလပ်တွင် ဒေါင်းသဲခြေ၊ လွမ်ချိုင်း၊ စောဂျော့၊ ရန်လင်းအောင်၊ ဒေါင်းဖြူတို့ကို နည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး နည်းစနစ်ပိုင်း ဦးစံလှကြီး၊ လက်ထောက်နည်းပြစန္ဒကာတို့နှင့်အတူ နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိတစ်ကြိမ်၊ ညနေ ၃ နာရီမှ ၅ နာရီထိ တစ်ကြိမ်၊ သက်လုံပိုင်း၊ ကြံ့ခိုင်ရေးပိုင်းဆိုင်ရာကအစ လေ့ကျင့်ပေးလျက်ရှိသည်။ ယခုလတ်တလောအနေဖြင့် ပထမတန်းအဆင့် လက်ဝှေ့ကျော်များ မပေါ်ပေါက်သေးသော်လည်း နှစ်အနည်းငယ်အတွင်းတွင် ပထမတန်းနှင့် အတန်းလိုက် မျိုးဆက်သစ်များကိုပါ ထပ်မံမွေးထုတ်ပေးသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

အောင်မြန်မာရိုးရာလက်ဝှေ့ကလပ်တွင် လတ်တလောလေ့ကျင့်နေသည့် ရိုးရာလက်ဝှေ့သမားများဖြစ်သည့် ဒေါင်းသည်းခြေသည် အသက် ၂၇ နှစ်ရှိပြီး ပွဲပေါင်း ၅၀ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ တွင် နိုင်ပွဲ ၃၀၊ သရေ ၁၀ ပွဲနှင့် ရှုံးပွဲ ၁၀ ပွဲ၊ အသက် ၁၇ နှစ် အရွယ်ရှိ သားတပည့် လွမ်ချိုင်းသည်လည်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲပေါင်း ၁၀ ပွဲတွင် နိုင်ပွဲ ငါးပွဲ၊ ရှုံးပွဲ ငါးပွဲ၊ အသက် ၁၈ နှစ်ရှိ ဒေါင်းဖြူသည် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲပေါင်း ၁၅ ပွဲ တွင် နိုင်ပွဲ ၁၀ပွဲ၊ သရေလေးပွဲနှင့် ရှုံးပွဲတစ်ပွဲ ပိုင်ဆိုင်ထားပြီး စောဂျော့သည်လည်း အသက် ၁၇ နှစ်အရွယ်ရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲပေါင်း သုံးပွဲတွင် နှစ်ပွဲနိုင် တစ်ပွဲရှုံးနှင့် အလားတူ အသက် ၁၇ နှစ်ရှိ ရန်လင်းအောင်သည်လည်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ခြောက်ပွဲတွင် နိုင်ပွဲ နှစ်ပွဲ၊ သရေ နှစ်ပွဲနှင့် ရှုံးပွဲနှစ်ပွဲ ရလဒ်တို့ကို ပိုင်ဆိုင်ထားသည့် မျိုးဆက်သစ်လက်ဝှေ့သမားများ ဖြစ်သည်။



ချန်ပီယံဟောင်း ဝမ်ချိုင်း သားတပည့် လွမ်ချိုင်းကို လေ့ကျင့်ပေးနေစဉ်။

"ကျွန်တော်က ကိုဝမ်ချိုင်းကို အားကစားစိတ်ဓာတ် သက်သက်နဲ့ ကူညီတာပါ။ ကျွန်တော်လည်း ငယ်ငယ်က ဒီရိုးရာလက်ဝှေ့ကို ဝါသနာပါခဲ့တယ်။ သင်တန်းတွေလည်း သွားတက်ခဲ့သေးတယ်။ အဲဒါကြောင့် သူတို့ ဒုက္ခရောက်နေတဲ့အချိန်မှာ ကိုယ်ချင်းစာပြီး ဘာမျှော်လင့်ချက်မှမထားဘဲ ဒီသုံးထပ်အဆောက်အအုံကြီးကို သူ့ဆန္ဒအတိုင်းထားပေးခဲ့တာ။ သူသာ ဒီအောင်မြန်မာကလပ်ကို ဆက်လက်ဦးဆောင်နေဦးမယ်ဆိုရင် နှစ်ပေါင်းဘယ်လောက်ပဲကြာကြာ အခမဲ့ဆက်လက်နေခွင့်ပြုသွားမှာပါ။ သူတို့ဆီက ဘာမျှော်လင့်ချက်မှ မရှိပါဘူး။ အားကစားစိတ်ဓာတ် သက်သက်နဲ့ရယ်၊ ကိုဝမ်ချိုင်းကို ယုံကြည်ခင်မင်တာကြောင့်ရယ်ပါ။ နောက်ပိုင်း လက်ဝှေ့စင်အပါအဝင် လေ့ကျင့်တဲ့ပစ္စည်းတွေကအစ ကျွန်တော်တတ်အားသမျှ ကူညီပေးသွားဖို့ရှိပါတယ်။ သူဒီမှာ ဆက်လက်နေဖြစ်မယ်ဆိုရင်ပေါ့။ ဒီအောင်မြန်မာရိုးရာလက်ဝှေ့ကလပ်ကတော့ ကျွန်တော်ပိုင်တာမဟုတ်ပါဘူး။ ကျွန်တော်က သူတို့လေ့ကျင့်နေထိုင်ဖို့ အဆောက်အအုံ သက်သက်ကိုပဲ စေတနာနဲ့ ကူညီပေးထားတာပါ"ဟု ကိုဝမ်ချိုင်းနှင့် အဖွဲ့သားများကို နေထိုင်လေ့ကျင့်ကစားခွင့် အခမဲ့ပေးထားသော စီးပွားရေးလုပ်ငန်းရှင် ကိုမိုးထွန်းက ပြောသည်။

ယခုအခါ အောင်မြန်မာရိုးရာလက်ဝှေ့ကလပ်သည် ဒဂုံ(အရှေ့) (၅)ရပ်ကွက် အနော်ရထာလမ်းမပေါ်တွင် ကစားသမားငါးဦးနှင့် နေ့စဉ်စခန်းသွင်း လေ့ကျင့်လျက်ရှိပြီး နောင်တွင်လည်း မျိုးဆက်သစ်ရိုးရာလက်ဝှေ့ အားကစားသမားများကို ဆက်လက်မွေးမြူသွားရန် စီစဉ်လျက်ရှိသည်။ အောင်မြန်မာရိုးရာ လက်ဝှေ့ကလပ်အနေဖြင့် ကစားသမားများ၏ ထိုးကြေးပေါ်တွင် ၁၅ ရာခိုင်နှုန်းသာ ကောက်ခံပြီး အခြားမည်သည့်အပိုငွေကြေးမှ ကောက်ခံမှုများ ပြုလုပ်သွားမဟုတ်ကြောင်း နည်းပြချုပ် ကိုဝမ်ချိုင်းက ထပ်မံရှင်းပြသည်။

အောင်မြန်မာ ရိုးရာလက်ဝှေ့ကလပ် တွင် နည်းစနစ်ပိုင်းဆိုင်ရာ၌ သွားရောက်သင်ကြားပြသပေးနေသော အဘ ဦးစံလှကြီးကလည်း "ကျွန်တော်ငယ်ငယ် ကတည်းက ရိုးရာ လက်ဝှေ့ ရော၊ ဘောက် စင် ပါ ယှဉ်ပြိုင် ထိုး သတ် ခဲ့တာပါ။ ပြောရရင် ဒီလေ့ကျင့်နေထိုင်ဖို့နေရာ ကူညီပေးထားတဲ့ ကိုမိုးထွန်းရဲ့ ဆရာဖြစ်ခဲ့တာပေါ့။ အခုလည်း သူက အကူအညီတောင်းလို့ အခုလို ဒီမှာနည်းစနစ်ပိုင်းအနေနဲ့ ကိုဝမ်ချိုင်းနဲ့ လက်တွဲပြီးလာပြဖြစ်တာပါ။ ကျွန်တော်က ၁၉၇၇ ခုနှစ်မှာ မြန်မာ့လက်ရွေးစင်ကစားသမားဖြစ်ခဲ့ပြီး ၁၉၈၅ ခုနှစ် ဆီးဂိမ်းအပြီးမှာ နားခဲ့တာပါ။ ရိုးရာလက်ဝှေ့မှာတော့ ဧရာဝတီဖျံလေးအနေနဲ့ ထိုးခဲ့တယ်။ အခုဒီမှာလာပြပေးတဲ့ ကလေးတွေက အခြေခံလည်းရှိထားတော့ သင်ပေးရတာကောင်းပါတယ်။ တိုးတက်မှုလည်းရှိပါတယ်"ဟု ပြောသည်။

မြန်မာ့ရိုးရာလက်ဝှေ့သည် လတ်တလောအနေဖြင့် ယခင်နှစ်များနှင့်စာလျှင် မြို့ကြီးပြကြီး၊ နယ်ပွဲများအပါအဝင် ပြည်တွင်း၊ ပြည်ပပွဲစဉ်များ ပိုမိုများပြားလာကာ ပွဲစီစဉ်သူ ပရိုမိုတာအသစ်များ ထပ်မံတိုးလာသလို ကလပ်အသစ်များလည်း တိုးလာကြောင်း ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။ သို့သော် အိမ်နီးချင်းထိုင်းကဲ့သို့ ထိုးဖောက်နိုင်မှုစွမ်းအားမရှိခြင်းမှာ နည်းစနစ်ပိုင်းဆိုင်ရာ အနည်းငယ်ကွာဟမှုများရှိနေခြင်း၊ မွေထိုင်းသည် တံတောင်၊ ဒူး၊ ခြေကန်ချက်နှင့် နည်းစနစ်ဗျူဟာပိုင်း အနည်းငယ်သာကာ မြန်မာ့ရိုးရာလက်ဝှေ့မှာ လက်သီးနှင့် ခေါင်းတိုက်ချက်ကိုသာ အလေးထားအသုံးပြုလေ့ရှိပြီး ကြံ့ခိုင်မှုပိုင်းဆိုင်ရာမှာ မြန်မာ့ရိုးရာလက်ဝှေ့က ပိုမိုခံနိုင်ရည်ရှိကြကြောင်း ရိုးရာလက်ဝှေ့သမားဟောင်းကြီးများက လတ်တလော မြန်မာ့ရိုးရာလက်ဝှေ့နှင့် မွေထိုင်းအပေါ် ၎င်းတို့၏အမြင်များကို သုံးသပ်ပြောကြားကြသည်။

(မြန်မာ့အလင်း)



အောင်မြန်မာရိုးရာလက်ဝှေ့ကလပ်မှ နည်းပြချုပ်နှင့် ကလပ်အဖွဲ့သားများကို တွေ့ရစဉ်။

နိုင်ငံတကာရေးရာသတင်းဆောင်းပါး

# အနာဂတ်ကမ္ဘာ့နိုင်ငံရေးနှင့် အမေရိကန်၏ ဩဇာအာဏာ

ထွန်းတောက်

**ဩဇာအာဏာအချက်အချာ**

စစ်အေးကာလပြီးဆုံးချိန်တွင် အမေရိကန်၏ စစ်ရေးအင်အား ဩဇာအာဏာသည် ကမ္ဘာ့နိုင်ငံရေးတွင် အဓိကကျခဲ့သည်။ သို့သော် ယနေ့ကာလတွင် ကမ္ဘာပေါ်၌ အရေးပါသော ဒေသသုံးခုဖြစ်သည့် ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာရှ-ပစိဖိတ်ဒေသ ပြိုင်ဘက်အင်အားကြီးနိုင်ငံများက အမေရိကန်၏ ဩဇာအာဏာအပေါ် သွေးတိုးစမ်းလာကြသည်။

ထိုဒေသသုံးခုတွင် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ရပြီးနောက်တွင် အမေရိကန်ပြည်ထောင်စုသည် ထိုဒေသများရှိ ယင်း၏ အခန်းကဏ္ဍကိုလျှော့ချရန် သင့်မသင့်စဉ်းစားလာရသည်။ ဒေသတွင်း မဟာမိတ်နိုင်ငံများကလည်း အမေရိကန်၏ဆုံးဖြတ်ချက်ကို စိုးရိမ်တကြီး စောင့်ကြည့်နေသည်။

အမေရိကန်၏ စစ်အင်အားသည် မဟာမိတ်နိုင်ငံများ၏ နယ်ခြားစည်းများကို လုံခြုံအောင် အာမခံပေးထားသည်။ အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်စစ်အခြေစိုက်စခန်းများက မဟာမိတ်နိုင်ငံများကို လုံခြုံမှုရှိစေသည်။ ပြိုင်ဘက်နိုင်ငံများကို သွယ်ဝိုက်၍ ခြိမ်းခြောက်ဟန့်တားပေးထားသည်။



အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်နေမှုကိုတွေ့ရစဉ်။

အာရှဒေသကို ကြည့်မည်ဆိုလျှင် အမေရိကန်ရေတပ်က မဟာမိတ်နိုင်ငံများ၏ လုံခြုံရေးနှင့် လွတ်လပ်သော နိုင်ငံတကာရေကြောင်းသွားလာခွင့်ကို ကာကွယ်မှုပေးထားသည်။ ဥရောပဒေသတွင် အမေရိကန်ဦးဆောင်သည့် နေတိုးအဖွဲ့သည် နိုင်ငံအသီးသီး၏ နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည်။

**စိန်ခေါ်မှုများ**

ယနေ့အချိန်၌ အမေရိကန်နိုင်ငံ၏ ဩဇာအာဏာကို ပြိုင်ဘက်အင်အားကြီး နိုင်ငံများက အောက်ပါအတိုင်း စိန်ခေါ်လာကြသည်။

ဥရောပဒေသတွင် ရုရှားက ယူကရိန်းနိုင်ငံကို ကျူးကျော်လိုက်ခြင်းကြောင့် နေတိုးတပ်ဖွဲ့ဝင်များ ဘောလတစ်နိုင်ငံများကို အကာအကွယ်ပေးနေရသည်။ ရုရှားတို့ကလည်း လိုအပ်လျှင် နျူကလီးယားစစ်ပွဲဆင်နွှဲမည်ဟု ခြိမ်းခြောက်နေသည်။ ၂၀၁၄ ခုနှစ်တွင် ရုရှားသည် ယူကရိန်းနိုင်ငံပိုင် ကရိုင်းမီးယားကို ကျူးကျော်သိမ်းပိုက်ခဲ့ပြီး အရှေ့ပိုင်းရှိ ခွဲထွက်ရေးသူပုန်များကိုလည်း လက်နက်၊ ငွေကြေးများ ထောက်ပံ့ပေးသည်။ ထို့ကြောင့် အမေရိကန်အစိုးရသည် ယူကရိန်းနိုင်ငံအား စီးပွားရေးနှင့် စစ်ရေးကျားကန်မှုများ ပြုလုပ်ပေးခဲ့ရသည်။ ရုရှားကျူးကျော်မှုကြောင့် ဥရောပမတည်မငြိမ်ဖြစ်ခဲ့ရသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ဆီးရီးယား၌ ရုရှားတို့က စစ်ရေးတည်ဆောက်မှုများကို တိုးချဲ့ပြုလုပ်ကာ သမ္မတအာဆတ်၏အစိုးရကို ကာကွယ်ပေးသည့်အနေဖြင့် အစွန်းရောက်စစ်သွေးကြွအဖွဲ့များကို လေကြောင်းစစ်ဆင်ရေးများဖြင့် ပြင်းထန်စွာချေမှုန်းတိုက်ခိုက်လာသည်။

ဆီးရီးယားနိုင်ငံအရေးတွင် ရုရှားတို့ထဲထဲဝင်ဝင်ပါဝင်လာမှုသည် အာရပ်နွေဦးအုံကြွမှုခေတ်လွန်တွင် အမေရိကန်၏ ဩဇာအာဏာကျဆင်းနေကြောင်း ထင်ရှားစေခဲ့သည်။

အာရှဒေသတွင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း လူလုပ်ကျွန်းများဆောက်လုပ်ရေးစီမံကိန်းဖြင့် ယင်း၏ ကမ်းရိုးတန်းမှ မိုင်ရာချီဝေးကွာသည့် နိုင်ငံတကာရေပြင်ပိုင်နက်ကို တရုတ်နိုင်ငံပိုင်ဖြစ်ကြောင်း ကြေညာပြီး ဒေသတွင်း အမေရိကန်၏ ဩဇာအာဏာကို အန်တုလာသည်။

တရုတ်နှင့် အိမ်နီးချင်းနိုင်ငံများအကြား ကျွန်းစုများပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများတွင် အမေရိကန်က မစွက်ဖက်သော်လည်း တောင်တရုတ်ပင်လယ်ပြင်တွင် နိုင်ငံတကာလွတ်လပ်စွာရေကြောင်းသွားလာခွင့်ကို ဝါရှင်တန်က ကာကွယ်မည်ဟု ဆုံးဖြတ်ထားသည်။ ထိုပြဿနာတွင် သမ္မတအိုဘားမားအစိုးရ၏ တုံ့ပြန်မှုမှာနောက်ကျလွန်းသည်၊ အားနည်းလွန်းသည်ဟု ဝေဖန်မှုများရှိသည်။

**နယ်စည်းမထားသည့်ကမ္ဘာ့ရွာ**

ယနေ့ကမ္ဘာသည် နိုင်ငံများအကြား နယ်စည်းမထားသည့်ကမ္ဘာ့ရွာကြီးတစ်ရွာဖြစ်လာပြီဟု ပြောဆိုမှုများ ရေပန်းစားနေသော်လည်း အထက်ပါဖြစ်ရပ်များက နိုင်ငံအသီးသီးသည် မိမိတို့၏ အချုပ်အခြာအာဏာတည်မြဲစေရန် ခိုင်မာသောနယ်စပ်စည်းမျဉ်းများထားရှိရမှုသည် ကမ္ဘာ့နိုင်ငံရေးတွင် အခြေခံကျကျအရေးပါနေသေးကြောင်း ထင်ရှားစေသည်။

အစီအစဉ်ကျသော ကမ္ဘာ့အခြေအနေမှာ နိုင်ငံအသီးသီး၏ နယ်မြေပိုင်ဆိုင်မှုများ အစီအစဉ်တကျရှိနေခြင်းပင်ဖြစ်သည်။ အရေးကြီးသောကမ္ဘာ့ဒေသကြီးသုံးခုအတွင်း နိုင်ငံများ၏နယ်စပ်စည်းမျဉ်းများ မလုံခြုံမှုပြဿနာသည် အမေရိကန်၏ ဩဇာအာဏာကိုစိန်ခေါ်နေခြင်းပင်ဖြစ်သည်။

ကမ္ဘာ့ဒေသများတွင် အမေရိကန်၏ နိုင်ငံရေး၊ စစ်ရေးဩဇာအာဏာ လွှမ်းမိုးမှုကို မည်မျှကြာကြာ ထိန်းထားနိုင်မလဲဆိုသည့်မေးခွန်း၏ အဖြေအတွက် အချက်သုံးချက် စဉ်းစားရန်ရှိသည်။

ပထမအချက်မှာဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာရှဒေသတွင်း၌ အစီအစဉ်တကျရှိရေးကို အမေရိကန်၏ မဟာမိတ်များက မည်သို့ထောက်ပံ့ကူညီနေသလဲဆိုသော အချက်ဖြစ်သည်။

ဒုတိယအချက်မှာ ဒေသဆိုင်ရာ ဩဇာလွှမ်းမိုးမှုတွင် အမေရိကန်ဘက်မှ အလျှော့ပေးစရာရှိသလား၊ အထူးသဖြင့် တရုတ်နှင့်ရုရှားအတွက်အချို့ဒေသအပေါ်လွှမ်းမိုးမှုကို အလျှော့ပေးမလားဆိုသောအချက် ဖြစ်သည်။

တတိယအချက်မှာ အမေရိကန်ပြည်ထောင်စုသည် ယင်း၏ဩဇာပိုမိုထိရောက်စွာ လွှမ်းမိုးစေလိုသောဒေသကို စိစစ်ရွေးချယ်ကန့်သတ်မှုပြုလုပ်မလားဟူသောအချက်ဖြစ်သည်။ ကမ္ဘာအနှံ့လွှမ်းမိုးရန်ကြိုးစားရင်း စစ်ရေး၊ စီးပွားရေးထောက်ပံ့မှု တွန့်ဆုတ်ခဲ့လျှင် ကမ္ဘာ့နိုင်ငံများက အမေရိကန်အပေါ် ယုံကြည်ကိုးစားမှုကျဆင်းနိုင်ပေသည်။

**(၁) မဟာမိတ်များ၏ ထောက်ပံ့ကူညီမှု**

အမေရိကန်ပြည်ထောင်စုနှင့် ဒေသဆိုင်ရာ မဟာမိတ်နိုင်ငံများအကြား ဆက်ဆံရေးမှာ လူအများသိမြင်ထားသည်ထက် ပိုမိုရှုပ်ထွေးသည်။ အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေးနှင့်ဆော်ဒီနိုင်ငံတို့က ရန်လိုသောသဘောထားရှိသည့် အီရန်ကို ရင်ဆိုင်တုံ့ပြန်ရန် အမေရိကန်၏ ထောက်ခံမှုကို ပိုမိုတောင်းခံနေသည်။ ဆီးရီးယားသမ္မတအာဆတ်နှင့် ၎င်း၏အစိုးရကို ဖြုတ်ချရေးတွင် အမေရိကန် အားထုတ်မှုနည်းခြင်းအပေါ် ဆော်ဒီအစိုးရက အားမလိုအားမရဖြစ်နေသည်။

ဥရောပဒေသတွင် ယူကရိန်းနိုင်ငံအား ရုရှားကျူးကျော်မှုအပေါ် တုံ့ပြန်မှုနှင့် ပတ်သက်၍ အမေရိကန်နှင့်နေတိုးမဟာမိတ်အဖွဲ့ကြားတွင် သဘောထားကွဲလွဲနေသည်။

ဘောလတစ်နိုင်ငံများနှင့်ပိုလန်က အမေရိကန်တပ်ဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်နေသော်လည်း ယူကရိန်းအစိုးရထံသို့ အမေရိကန်လက်နက်များထောက်ပံ့ခြင်းကို ဂျာမနီနိုင်ငံက ကန့်ကွက်နေသည်။

ယူကရိန်းအရေးကိစ္စကြောင့် ရုရှားနှင့်စစ်ရေးအရ ရင်ဆိုင်သင့်သလားမေးခွန်းနှင့်ပတ်သက်၍ လူထုစစ်တမ်းကောက်ယူရာတွင် အမေရိကန်နိုင်ငံသားအများစု ၅၆ ရာခိုင်နှုန်းက သဘောတူသော်လည်း နေတိုးအဖွဲ့ဝင် ဥရောပနိုင်ငံများမှ ပြည်သူအများစု ၅၀ ရာခိုင်နှုန်းကျော်က သဘောမတူကြပေ။ ဂျာမနီ၌ ပြည်သူ ၃၀ ရာခိုင်နှုန်းကသာ သဘောတူသည်။

အလားတူပင် အာရှဒေသ၌ တရုတ်နိုင်ငံအား အမေရိကန်တို့အနေဖြင့်မည်သို့တုံ့ပြန်သင့်သလဲဆိုသည့်မေးခွန်းနှင့်ပတ်သက်၍ ဒေသတွင်းမဟာမိတ်နိုင်ငံများကြားတွင် သဘောထားကွဲပြားနေသည်။ တရုတ်တစ်နိုင်ငံတည်းလွှမ်းမိုးကြီးစိုးမှုကို မည်သည့်မဟာမိတ်နိုင်ငံကမျှ အလိုမရှိပေ။

သို့သော် စင်ကာပူနှင့်တောင်ကိုရီးယားနိုင်ငံတို့က တရုတ်နှင့်ဆက်ဆံရေးကောင်းမွန်မှု၊ ကုန်သွယ်စီးပွားနှင့် နည်းပညာပူးပေါင်းဖလှယ်မှုများကို ဆက်လက်ထိန်းသိမ်းထားလိုကြသည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးဦးဆောင်သည့် ဂျပန်အစိုးရအဖွဲ့သည် အမေရိကန်က တရုတ်ကို ပြတ်ပြတ်သားသားရင်ဆိုင်ရန် လိုလားကြသော်လည်း အမေရိကန်နှင့် စစ်ရေးမဟာမိတ်ဖြစ်လာခြင်းအပေါ် ဂျပန်ပြည်သူများက ဆန့်ကျင်နေကြသည်။

**(၂) ဆိုင်ရာအင်အားကြီးနိုင်ငံများ၏လွှမ်းမိုးမှု**

ကမ္ဘာ့နိုင်ငံရေးတွင် အမေရိကန်၏ဩဇာလွှမ်းမိုးမှုကို တရုတ်နှင့် ရုရှားက အစဉ်တစိုက်စိန်ခေါ်နေမှုကြောင့် ရွေးချယ်ရန်ခက်ခဲသည့်အခြေအနေများဖြစ်ပေါ်ခဲ့ရသည်။

အမေရိကန်ခေါင်းဆောင်များသည် ဒေသဆိုင်ရာ အင်အားကြီးနိုင်ငံများက ၎င်းတို့၏ အိမ်နီးချင်းနိုင်ငံများအပေါ်လွှမ်းမိုးနေခြင်းမျိုးကို လက်ခံရန် သင့် မသင့်စဉ်းစားနေခဲ့ရသည်ဟု သိရှိရသည်။ အမေရိကန်ခေါင်းဆောင်အများစုက လက်မခံလိုကြပေ။ သို့သော်လည်း ကမ္ဘာ့ဒေသအသီးသီးတွင် စီးပွားရေးအရ ဩဇာလွှမ်းမိုးသည့် ဒေသတွင်းနိုင်ငံကြီးများ ရှိလာသဖြင့် ဩဇာလွှမ်းမိုးမှုနယ်မြေပိုင်းခြားထားခြင်းက ပဋိပက္ခဖြစ်မည့်အန္တရာယ်ကို လျှော့ချနိုင်မည်ဟု အမေရိကန်နိုင်ငံရေးသမားတို့က လက်ခံလာကြသည်။

လက်ရှိအခြေအနေ၌ ကမ္ဘာ့နိုင်ငံရေးတွင် အမေရိကန်ပြည်ထောင်စုက အဓိကလွှမ်းမိုးကြီးစိုးနေသည်ဟု တရုတ်နှင့်ရုရှားတို့က လက်ခံထားသည်။ အမေရိကန်၏လွှမ်းမိုးမှုကို တန်ပြန်ရင်ဆိုင်ခြင်းမပြုလျှင် အမေရိကန်၏ပယောဂဖြင့် အစိုးရဖြုတ်ချခံရသည့်နိုင်ငံများစာရင်းတွင် ၎င်းတို့ပါဝင်လာမည်ကို ရုရှားနှင့်တရုတ်ခေါင်းဆောင်များက စိုးရိမ်နေကြသည်။

**(၃) ဩဇာလွှမ်းမိုးလိုသည့်ဒေသကို စိစစ်ရွေးချယ်မှု**

ဥရောပအရှေ့အလယ်ပိုင်းနှင့် အာရှဒေသများတွင် စိန်ခေါ်မှုများဖြစ်ပေါ်နေသည့်အတွက် အမေရိကန်နိုင်ငံခြားရေး မူဝါဒရေးဆွဲရာတွင် အငြင်းပွားစရာဖြစ်လာသည်။

သမ္မတအိုဘားမားဦးဆောင်သော အစိုးရအဖွဲ့၏နိုင်ငံခြားရေးမူဝါဒများကြောင့် အမေရိကန်အပေါ် ကမ္ဘာ့နိုင်ငံများ၏ ယုံကြည်ကိုးစားမှုကျဆင်းစေပြီး ကမ္ဘာအရပ်ရပ်တွင် အန္တရာယ်များတိုးမြင့်လာသည်ဟု ဝေဖန်ခံနေရသည်။

ဒေသတစ်ခု၌ အမေရိကန်၏ဩဇာအာဏာကို အန်တုရာတွင် အောင်မြင်သွားခဲ့ပါက အခြားသောဒေသများတွင် အလားတူစိန်ခေါ်မှုများကို အားပေးရာရောက်သည်။ ဥပမာအားဖြင့် ဆီးရီးယားတွင် သမ္မတအာဆတ်အစိုးရအဖွဲ့ကို အမေရိကန်တို့က ဖြုတ်မချနိုင်ခဲ့သဖြင့် ရုရှားနှင့်တရုတ်တို့က ၎င်းတို့၏အိမ်နီးချင်းနိုင်ငံများတွင် ပိုမိုခြေကုပ်ယူထားရန် တွန်းအားပေးရာ ရောက်ခဲ့သည်။

ထို့ပြင် ကမ္ဘာ့ရေးရာအခြားသောပြဿနာများတွင် အမေရိကန်သည် တရုတ်၊ ရုရှားတို့နှင့် အမြဲညှိနှိုင်းရသည်။ နိုင်ငံတကာငွေကြေးကိစ္စမှအစ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုပြဿနာအဆုံး ရုရှား၊ တရုတ်တို့နှင့် ညှိနှိုင်းရခြင်းကြောင့် ထိုနိုင်ငံများနှင့် စစ်ရေးအရရင်ဆိုင်ရမည့် ပဋိပက္ခကို အိုဘားမားအစိုးရအဖွဲ့က အလွန်သတိထားကြသည်။ ထိုသို့သတိထားနေခြင်းကို အင်အားနည်းသည်၊ ပျော့ညံ့သည်ဟုမမြင်ဘဲ လိုအပ်ချက်အရ လုပ်ရသည်ဟု မြင်ရန်လိုကြောင်း နိုင်ငံရေးပညာရှင်တို့က ဆိုသည်။

ယခုနှစ်များအတွင်း၌ အမေရိကန်သည် စစ်ရေးဖြင့် ဖြေရှင်းရမည့် အခြေအနေများကို ရှောင်လွှဲနေခြင်းသည် ဩဇာအာဏာ ကျဆင်းနေခြင်း မဟုတ်ပေ။

**အရေးကြီးသော ကမ္ဘာ့ဒေသကြီးသုံးခုအတွင်း နိုင်ငံများ၏ နယ်စပ်စည်းမျဉ်းများ မလုံခြုံမှုပြဿနာသည် အမေရိကန်၏ ဩဇာအာဏာကို စိန်ခေါ်နေခြင်းပင်ဖြစ်**

အာဖဂန်နှင့် ပါကစ္စတန်နယ်ခြားတွင် ဒရုန်းစစ်ဆင်ရေးများတိုးချဲ့နေခြင်းနှင့် အီရတ်နှင့် ဆီးရီးယားတွင် အိုင်အက်စ်အစွန်းရောက်များကို ပြင်းထန်စွာဗုံးကြဲတိုက်ခိုက်နေခြင်းများသည် အမေရိကန်၏စစ်ရေးအင်အားကို ထင်ရှားစေသည်။

လွန်ခဲ့သည့်လများတွင် ပါရီအကြမ်းဖက်မှုဖြစ်ရပ်ကြောင့် အရှေ့အလယ်ပိုင်းတွင် အမေရိကန်စစ်ရေးပါဝင်မှု တိုးမြင့်လာသည်။ မြေပြင်အထူးတပ်ဖွဲ့များကို အီရတ်မြောက်ပိုင်းဒေသ၌ ဖြန့်ကြက်မှု ပြုလုပ်လာသည်။ ပြိုင်ဘက်နိုင်ငံများနှင့် ယှဉ်ပြိုင်ရာတွင် အမေရိကန်ပြည်ထောင်စုသည် လက်ရှိထက်ပို၍ ပြတ်သားဖို့လိုသည်ဟု ရွေးကောက်ပွဲဝင်မည့် သမ္မတလောင်းများက ကြွေးကြော်နေကြသည်။ သို့သော် စစ်ရေးအရ အရေးယူဆောင်ရွက်မှုမပြုမီ သေချာစွာစဉ်းစားခြင်း၊ သတိကြီးစွာထားခြင်းတို့က ရေရှည်တွင် အမေရိကန်ပြည်ထောင်စုအပေါ် ကမ္ဘာ့နိုင်ငံများ၏ ယုံကြည်ကိုးစားမှုလျော့ကျသွားစေမည်မဟုတ်ဘဲ ယုံကြည်မှုကို ကြာရှည်ထိန်းသိမ်းထားနိုင်အောင် ကူညီပေးပါလိမ့်မည်ဟု နိုင်ငံရေးပညာရှင်များက သုံးသပ်ဝေဖန်ကြသည်။ ။

# ဂုဏ်မြောက်သော အရေးအသား(၄)

မောင်ခင်မင်(ဓနုဖြူ)

"ဒါဆိုရင် မခုရတာဂုဏ်မြောက်တဲ့အရေးအသားဆိုတာ ကဗျာမှာရော စကားပြေမှာရော ရှိမှာပေါ့နော်ဦးလေး"

"ဟုတ်တယ်။ ဒါပေမယ့် ဂုဏ်မြောက်တဲ့အရေးအသားလို့ပြောရင် ကဗျာတွေကိုပဲ အာရုံပြုမိတတ်ကြတာများတယ်။ စကားပြေမှာလည်း အသံတူတွေ နီးနီးကပ်ကပ်ထားပြီး အဓိပ္ပာယ်ပါ တာသွားအောင်ရေးတဲ့စာတွေ ရှိတာပေါ့။ ဆရာမောင်ထင်ရဲ့ အာဇာနည်မိခင်ပြဇာတ် မင်းဖတ်ဖူးမှာပေါ့"

"ဖတ်ဖူးပါတယ် ဦးလေး"

"အဲဒီပြဇာတ်မှာ ရည်ညွှန်းချက်ကလေးပါတယ်။ ဆရာမောင်ထင်ရေးထားပုံက သိပ်ထိတာပဲ။ ဦးလေးရွတ်ပြမယ်။ 'သူစွန့်လျှင် ငါစားတော့မည်ဟု တကဲကဲမာန်ပြင်နေသော ဤခေတ်၌ မစားဘဲစွန့်သွားကြရှာသော အာဇာနည်ပုဂ္ဂိုလ်များသို့' တဲ့"

"ဩော်. . . "

"ကဲ. . . 'စွန့်စား' ဆိုတဲ့စကားလုံးကို အဓိပ္ပာယ်အသစ်ပေါ်အောင် 'သူစွန့်လျှင်ငါစားတော့မည်' လို့ ရေးပြီးမှတစ်ခါ စကားရှေ့နောက်ပြောင်းပြီး 'မစားဘဲစွန့်သွားရှာသော' လို့ ရေးပုံက ဘယ်လောက်ထိမိသလဲ။ အဓိပ္ပာယ်လည်း အများကြီးတာသွားတယ်လေ"

"နားလည်ပါပြီ ဦးလေး။ ဒါထက်. . . နောက်သိချင်တာ တစ်ခုမေးချင်ပါသေးတယ်"

"မေးလေ"

"မခုရတာဂုဏ်က အသံချိုတဲ့ဂုဏ်ဆိုတာတော့သိပါပြီ။ တချို့အကြောင်းအရာတွေကျတော့ ကြမ်းတဲ့အကြောင်းအရာနဲ့လိုက်အောင် အသံကြမ်းကြမ်းတွေနဲ့ ဖွဲ့တာတွေလည်းရှိတယ်နော်ဦးလေး။ အဲဒီလိုအရေးအဖွဲ့မျိုးတွေရော ဂုဏ်မမြောက်ဘူးလားဟင်"

"မင်းမေးတာ မေးစရာပဲ ငါ့တူရေ။ အသံချိုအောင် ရေးမှဂုဏ်မြောက်တယ်လို့ ပြောလို့မရဘူးလေ။ ရေးတဲ့အကြောင်းအရာနဲ့ အသံနဲ့လိုက်ဖက်အောင် နူးရမယ့်နေရာနူး၊ ကြမ်းရမယ့်နေရာ ကြမ်းအောင်ဖွဲ့ရင်လည်း အရေးအဖွဲ့ကောင်းလို့ဆိုရမှာပေါ့။ နေပါဦး။ မင်းကဘာစဉ်းစားမိလို့မေးတာလဲ"

"ကျောင်းမှာတုန်းက လက်ဝဲသုန္ဒရရဲ့ 'မဲဇာတောင်ခြေ' ရတုသင်ရတော့ မဲဇာတောထဲမှာ ဆီးနှင်းတွေတစ်ပေါက်ပေါက်ကျနေပုံကို 'သံဝါမြောက်ပြောကာ ဆီးနှင်းပေါက်လည်း မိုးလောက်ပြင်းထန် သွန်းချပြန်သော်' လို့ ဖွဲ့တာမှာ 'ဖြောက်-ပေါက်-လောက်' ဆိုတဲ့ ကြမ်းတဲ့အသံတွေနဲ့ ဖွဲ့ထားလို့ အကြောင်းအရာနဲ့ လိုက်ဖက်တယ်လို့ သင်ဖူးတာသတိရလို့ပါ"

"ဟုတ်တာပေါ့ကွာ။ 'ဖြောက်-ပေါက်-လောက်' ဆိုတဲ့ အသံတွေကို ဆိုကြည့်ရင် ကြမ်းတမ်းတဲ့ အသံတွေ၊ နားဝင်မချိုတဲ့ အသံတွေဖြစ်နေတာတွေ့မှာပါ။ ရေးတဲ့အကြောင်းအရာကလည်း မဲဇာတောကြီးထဲမှာ ကြမ်းတမ်းတဲ့ ရာသီဥတုကို ခံစားရပုံကို ဖွဲ့ထားတာဆိုတော့ လိုက်ဖက်တာပေါ့"

"တခြားသာဓကကလေးတွေလည်း ပြောပြပါ ဦးလေး"

"မင်းပြောလို့ ရှင်မဟာရဋ္ဌသာရရဲ့ စတုဓမ္မသာရကိုးခန်းပျို့ အစပိုဒ်ကို ဆရာကြီး ဒေါက်တာလှသော သုံးသပ်ထားတာ သတိရလာတယ်။ ကိုးခန်းပျို့မှာ 'ဇာတိပုညဂုဏ်မာနဖြင့်၊ သံပဟုံးစုံး' လို့ စထားတာလေ။ ကာရန်ယူထားပုံကို ကြည့်စမ်း။ 'ည'ရယ်၊ 'န' ရယ်၊ 'ပ' ရယ် ပြတ်တောက်တောက်အသံတွေချည်းပဲလေ။ ရေးတဲ့အကြောင်းအရာက ဘုရားရှင်ရဲ့ ဆွေတော်မျိုးတော် သာကီဝင်တွေ မာနကြီးတဲ့အကြောင်း၊ သာကီဝင်တွေရဲ့မာနကို ဘုရားရှင်က ချိုးဖျက်ပစ်တဲ့အကြောင်း၊ ဘုရားရှင်ရဲ့ဂုဏ်တော်ကို ဖွဲ့ထားတာဆိုတော့ ဆရာကြီး ဒေါက်တာလှသောက အဲဒီ 'ဇာတိပုည' ဆိုတဲ့ အဖွဲ့ဟာ သာကီဝင်မင်းတွေရဲ့ မာနသံနဲ့ လိုက်ဖက်တယ်လို့ သုံးသပ်ထားတယ်"

"ဩော် ဟုတ်ကဲ့ပါ"

"ဆရာကြီးက ပြောတယ်။ သာကီဝင်မင်းတွေက ကြုံးဝါးရင် 'ငါကွ' လို့ ကြုံးဝါးမှာပေါ့. . တဲ့။ 'ဇာတိပုည' ဆိုတဲ့ အသံကိုပဲ . . တဲ့။ ကြုံးဝါးတဲ့အသံက 'ငါကွ'မဟုတ်ဘဲ 'ငါကွာ' လို့ ဖြစ်သွားရင် ပေါ့သွားမှာပေါ့တဲ့။ ဒါကြောင့် 'ဇာတိပုညာ' ဆိုတာမျိုး အသံချိုချိုနဲ့ မဖွဲ့ဘဲ 'ဇာတိပုည' ဆိုပြီး ပြတ်တောက်တဲ့အသံနဲ့ တမင်ဖွဲ့တာဖြစ်မယ်လို့ ဆရာကြီးက သုံးသပ်ဖူးတယ်လေ"

"မှတ်သားစရာပဲနော် ဦးလေး"

"နောက်သာဓကတစ်ခုပြရရင် ဆရာကြီးမင်းသုဝဏ်ရဲ့ နာမည်ကျော် 'ပျဉ်းမငုတ်တို' ကဗျာပေါ့။ ဘယ်လို အစချီသလဲ။ ရွတ်ပြစမ်းပါ"

"ဟုတ်ကဲ့။ 'ဖုထစ်ရွတ်တွ၊ ငှက်လင်းတသို့၊ ပျဉ်းမငုတ်တို၊ သက်ကျားအိုသည်၊ ကုန်းမိုထက်တွင် တစ်ပင်တည်း' တဲ့ ဦးလေး"

"အေး. . . ကဗျာ အစပိုဒ်က စကားလုံးလေးလုံးကို ဆိုကြည့်စမ်း။ 'ဖု-ထစ်-ရွတ်-တွ' တဲ့။ အားလုံးနားဝင်မချိုတဲ့ အသံတွေချည်းပဲ မဟုတ်လား။ ရေးတဲ့အကြောင်းအရာကလည်း ပျဉ်းမငုတ်တိုကြီးရဲ့ ကြမ်းတမ်းတဲ့အသွင်သဏ္ဌာန်ကို ဖွဲ့တာဆိုတော့ အကြောင်းအရာနဲ့ အရေးအဖွဲ့လိုက်ဖက်တာပေါ့ကွယ်။ ကုန်းကမူပေါ်မှာ လင်းတကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသလို အရုပ်ဆိုးအကျည်းတန်တဲ့ ပျဉ်းမငုတ်တိုကြီးရဲ့ အနိဋ္ဌာရုံမြင်ကွင်း ပေါ်လွင်လာတာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ. . . လောကဓံရဲ့ဒဏ်အမျိုးမျိုးကိုခံရတဲ့ ပျဉ်းမငုတ်တိုကြီးဟာ ရွက်သစ်ပြောင်းတဲ့ နွေဦးမှာ ရွက်နုတွေထွက်လာပြီး ငယ်မူ ငယ်သွေးပေါ်လာပုံကိုကျတော့ ဘယ်လိုဖွဲ့ထားသလဲကွယ်"

" နွေသစ်လောင်းသော်၊ ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍၊ လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်၊ အသင်ယောက်ျားကောင်းတကားလို့ ဖွဲ့ထားပါတယ် ဦးလေး"

"အဲဒီအဖွဲ့မှာ ကာရန်ယူထားတဲ့ အသံတွေကိုကြည့်။ ကြွေ-ဝေ-လေက တစ်တွဲ၊ တွင်-ဆင်-သင်က တစ်တွဲ၊ အားလုံးချိုသာတဲ့ အသံတွေချည်းပဲ မဟုတ်လား။ ဒီတော့ နားဝင်ချိုတာပေါ့။ ရေးတဲ့အကြောင်းအရာကလည်း ပျဉ်းမငုတ်တိုကြီးရွက်သစ်ဝေပြီး ငယ်ရုပ်ဆင်နေတဲ့သာယာနှစ်သက်ဖွယ် အကြောင်းအရာကို ဖွဲ့တာဆိုတော့ အကြောင်းအရာနဲ့ အသံနဲ့ လိုက်ဖက်တာပေါ့ကွယ်"

"ဟုတ်ကဲ့ ဦးလေး။ နားလည်ပါပြီ။ အဲဒါဆိုရင် အဲဒီအဖွဲ့မျိုးဟာလည်း ဂုဏ်မြောက်တဲ့ အရေးအသားပေါ့နော်"

"အေးပေါ့"

"ဒါဆို ဘာဂုဏ်မြောက်တယ်လို့ခေါ်ရမလဲ ဦးလေး"

"အလင်္ကာကျမ်းထဲက ဂုဏ်ဆယ်ပါးမှာ အရင်အပတ်ကပြောတဲ့ မခုရတာဂုဏ်အပြင် အသံနဲ့ပတ်သက်တဲ့ဂုဏ်တွေရှိသေးတယ်။ ကဗျာတွေမှာ အချိအချညီပြီး အက္ခရာအနုတွေချည်းဖြစ်ဖြစ်၊ အက္ခရာအကြမ်းတွေချည်းဖြစ်ဖြစ်၊ အနုအကြမ်းရောပြီးဖြစ်ဖြစ်ဖွဲ့ရင် သမတာဂုဏ်တဲ့။ ကြမ်းတဲ့အသံနည်းပြီး နုတဲ့အသံများမယ်၊ ဆိုရရွတ်ရလွယ်မယ်ဆိုရင် သဒ္ဒသုခုမာလတာ ဂုဏ်တဲ့၊ လေးလေးပင်ပင်ရွတ်ဆိုရတဲ့အသံတွေ သင့်တင့်ရုံပါရင် သိလေသဂုဏ်တဲ့"

"ဒီဂုဏ်တွေ သိပ်မကြားဖူးဘူး ဦးလေး"

"အဲဒီ ဂုဏ်တွေက အသုံးမများဘူး။ ပြီးတော့ပါဠိအလင်္ကာကျမ်းကလာတဲ့ အယူအဆတွေမို့ တချို့အယူအဆတွေက ပါဠိဘာသာနဲ့ ပိုပြီးဆီလျော်တယ်။ မြန်မာစကားမှာ သိပ်ကြမ်းတဲ့အသံတွေမရှိလို့ အသံနု-အသံကြမ်းပြဿနာလည်းသိပ်မထင်ရှားဘူးပေါ့။ ဒါကြောင့် အဲဒီဂုဏ်သုံးခုကို မြန်မာစကားနဲ့ မဆီလျော်ဘူးဆိုပြီး ဆရာကြီး ဦးဖိုးစိန်က 'ပယ်ရန်ဖြစ်သည်' လို့ ဆုံးဖြတ်ထားတယ်။ ဒါပေမယ့် အသံနုနဲ့ အသံကြမ်းကို သူ့နေရာနဲ့သူလိုက်ဖက်အောင် သုံးနိုင်ရင် အကြောင်းအရာနဲ့ အသံနဲ့လိုက်ဖက်တာမို့ ဂုဏ်မြောက်တဲ့အရေးအသားလို့ ခေါ်ရမှာပေါ့။ ဒါကြောင့် ဘာဂုဏ်မြောက်သလဲလို့ စဉ်းစားရင်တော့ ခုပြောတဲ့ ဂုဏ်သုံးမျိုးရဲ့လက္ခဏာတွေနဲ့ အနီးစပ်ဆုံးပဲလို့ ဆိုရမှာပဲလေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ အသံချိုသာမှ ဂုဏ်မြောက်တာမဟုတ်ဘဲ သူ့နေရာနဲ့သူ နုတဲ့နေရာ နုအောင်၊ ကြမ်းတဲ့နေရာ ကြမ်းအောင် ရေးသားရင်လည်း ဂုဏ်မြောက်တယ်လို့ ဆိုရမှာပေါ့။ ဆိုပါတော့ကွာ။ ဆရာကြီးပီမိုးနင်းက ကိုယ်တိုင်မကြိုးစားဘဲ ကံကိုပဲ ယိုးမယ်ဖွဲ့နေတဲ့အမူအကျင့်ဟာ မကောင်းကြောင်းရေးရာမှာ 'ကံသည် ဘုရားမဟုတ်။ ကံသည် သိကြားမဟုတ်။ ကံသည် နတ်မဟုတ်။ သင်းလုပ်တိုင်းခံရမည်လား' လို့ ပြတ်ပြတ်တောက်တောက်ရေးတဲ့ အရေးအသားမျိုးဟာလည်း အကြောင်းအရာနဲ့လိုက်ဖက်လို့ ဂုဏ်မြောက်တဲ့ အရေးအသားလို့ ဆိုရမှာပေါ့ကွယ်"

"နားလည်ပါပြီ ဦးလေး၊ ကျေးဇူးတင်ပါတယ်"

> ကိုယ်တိုင်မကြိုးစားဘဲ ကံကိုပဲ ယိုးမယ်ဖွဲ့နေတဲ့ အမူအကျင့်ဟာ မကောင်းကြောင်းရေးရာမှာ "ကံသည် ဘုရားမဟုတ်။ ကံသည် သိကြားမဟုတ်။ ကံသည် နတ်မဟုတ်။ သင်းလုပ်တိုင်းခံရမည်လား" လို့ ပြတ်ပြတ်တောက်တောက်ရေးတဲ့ အရေးအသားမျိုးဟာလည်း အကြောင်းအရာနဲ့ လိုက်ဖက်လို့ ဂုဏ်မြောက်တဲ့အရေးအသားလို့ ဆိုရမှာပေါ့ကွယ်

## တောင်ငူ၌ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲနှင့် ထမနဲထိုးပြိုင်ပွဲကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၂၀**

တောင်ငူခရိုင်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးရုံးဝင်း၌ကျင်းပရာ ထမနဲထိုးပြိုင်ပွဲကို ခရိုင်အုပ်ချုပ်ရေးမှူးနေအိမ်၌ ကျင်းပသည်။



အဆိုပါထမနဲထိုးပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ထမနဲထိုးချိန် တစ်နာရီသတ်မှတ်ပေးပြီး အချိန်ကိုက်ဆောင်ရွက်နိုင်မှု၊ သန့်ရှင်းသပ်ရပ်မှုနှင့် စနစ်ကျနမှု၊ စည်းလုံးညီညွတ်မှု၊ အချိုးအစားမှန်ကန်မှု၊ ထမနဲအရသာပြည့်စုံမှု စသည်တို့ဖြင့် အမှတ်ပေးရာ ရေတာရှည်မြို့နယ်က ပထမဆုကိုလည်းကောင်း၊ တောင်ငူမြို့နယ်က ဒုတိယဆုကို လည်းကောင်း၊ ဖြူးမြို့နယ်က တတိယဆုကိုလည်းကောင်းရရှိကြပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စံထားဖြူနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

## မိုးနဲမြို့ နောင်လုံရေထွက်ကန် ရေထွက်အားကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိုးနဲ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်၌ နွေရာသီ သောက်သုံးရေအခက်အခဲမရှိစေရေးနှင့် ရေရှားပါးမှုမဖြစ်ပေါ်စေရေးတို့အတွက် မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေလျက်ရှိသော လွိုင်မြေရပ်ကွက် နောင်လုံရေထွက်ကန်အတွင်းရှိ ရေမှော်၊ နုန်းနှင့် ရေထွက်ကန်ပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီက အဆိုပါရေထွက်ကန်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် ဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဝေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၆၁) အမြောက်တပ်နှင့် အမှတ် (၂၄၈) ခြေလျင်တပ်ရင်းမှ တပ်မတော်သားများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၂-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၅-၂-၂၀၁၆ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်ချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| | ရာထူး | နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၄၃၀ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |
| (ခ) | ရုံးအကူ/စာပို့ | ၇၀ နေရာ | အခြေခံပညာအထက်တန်းအောင် |

၂။ အဆိုပါရာထူးများအား အောက်ပါအတိုင်း ခန့်အပ်သွားပါမည်-

| | | အငယ်တန်းစာရေး | ရုံးအကူ/စာပို့ |
|---|---|---|---|
| (က) | ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)နေပြည်တော် | ၃၅ | ၉ |
| (ခ) | ကချင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၁၂ | ၃ |
| (ဂ) | ကယားပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၈ | ၂ |
| (ဃ) | ကရင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၄ | ၆ |
| (င) | ချင်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၈ | - |
| (စ) | စစ်ကိုင်းတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၄၅ | ၂ |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၁၇ | ၆ |
| (ဇ) | ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၃၈ | ၂ |
| (ဈ) | မကွေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၃၈ | - |
| (ည) | မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၅၁ | ၂ |
| (ဋ) | မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၄ | ၂ |
| (ဌ) | ရခိုင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၂၄ | ၃ |
| (ဍ) | ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၅၀ | ၉ |
| (ဎ) | ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၄၂ | ၈ |
| (ဏ) | ဧရာဝတီတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၄၃ | ၄ |
| (တ) | ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံး | ၁၁ | ၁၂ |
| | **စုစုပေါင်း** | ၄၃၀ | ၇၀ |

၃။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၉-၂-၂၀၁၆ ရက်တွင်အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရပါမည်-
(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) လျှောက်ထားလိုသည့်ရာထူး
(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်
(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
(ဆ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်
(ဇ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ
(ဈ) ရေးဖြေစာမေးပွဲဖြေဆိုမည့်စာစစ်ဌာန

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၂)ပုံ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
(စ) သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

၆။ လျှောက်လွှာကို အပိုဒ်(၂)တွင် ဖော်ပြထားသည့် မိမိတာဝန်ထမ်းဆောင်လိုသော ရုံးတစ်ခုခုသို့၂၂-၃-၂၀၁၆ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာတင်သည့် ရုံး၏ သတ်မှတ်နေရာ၌သာ စာမေးပွဲဖြေဆိုရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော စည်းကမ်းနှင့်မကိုက်ညီသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲအား ၂၉-၃-၂၀၁၆ ရက်တွင် နေပြည်တော်ရုံးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အထွေထွေဗဟုသုတဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများအား ၂၈-၃-၂၀၁၆ ရက်တွင် မိမိလျှောက်လွှာတင်ထားသည့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၄၆၊ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၄၆၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၃၀၀၁၂နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများအား နိုင်ငံတော်နှင့် ပြည်တွင်းတိုင်းရင်းသား ကုမ္ပဏီတို့ ပူးပေါင်းပါဝင်ဆောင်ရွက်သောစနစ် အခြေခံ၍ အကျိုးတူဆောင်ရွက်သွားလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၈-၂-၂၀၁၆ရက် နံနက် ၉:၃၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - ၂၅-၂-၂၀၁၆ရက် ညနေ ၄:၃၀နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၀-၃-၂၀၁၆ရက် ညနေ ၄:၃၀နာရီ

၃။ တင်ဒါအဆိုပြုလွှာပြန်လည်တင်သွင်းရာတွင် မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာ နှစ်မျိုးစလုံးဖြင့် အဆိုပြုတင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ်၅၀၀၀၀ နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

# CLAIMS DAY NOTICE
# M.V SPRING WIND VOY: NO(15)

Consignees of cargo carried by M.V SPRING WIND VOY: NO. (15) are here by notified that the vessel will arrive on about 22-2-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# CLAIMS DAY NOTICE
# M.V CSC TAI HAI VOY:NO(038)

Consignees of cargo carried by M.V CSC TAI HAI VOY: NO. (038) are here by notified that the vessel will arrive on about 22-2-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# ဝန်ထမ်းအလိုရှိသည်

၁။ စိုက်ပျိုးရေးကျွမ်းကျင်နားလည်သော သစ်တောတက္ကသိုလ်ကျောင်းဆင်းနှင့် သစ်တောကျောင်းဆင်းဝန်ထမ်းများအလိုရှိသည်။ ကျား

၂။ စာရင်းကိုင်ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်။ ကျား/မ
ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

လျှောက်ထားလိုသူများသည် CV Form၊ ပညာအရည်အချင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ အောက်ပါလိပ်စာသို့ ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**မျိုးဇင်ဇာကုမ္ပဏီလီမိတက်**
**အမှတ် ၂၃/D၊ စောမဟာလမ်း၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၁၂၇၀၊ ၀၁-၈၆၀၄၂၃၉**

# ဝန်ထမ်းအလိုရှိသည်

၁။ Video Editor ကျား/မ (၂) ဦး
၂။ စာရင်းကိုင် မ (၂) ဦး
၃။ POS operator မ (၂) ဦး
၄။ Receptionist မ (၂) ဦး
၅။ အထွေထွေလုပ်သား ကျား (၂) ဦး

Imagine Nation Media House နှင့် Eagle Printing Company တွင် အချိန်ပြည့်တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိသည်။ အမှတ်စဉ် (၁) မှ (၄) အထိ လျှောက်ထားလိုလျှင် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရသူ၊ ကွန်ပျူတာအခြေခံတတ်ကျွမ်းသူဖြစ်ရမည်။ အမှတ်စဉ် (၂) [စာရင်းကိုင်] လျှောက်ထားလိုသူများသည် Microsoft Excel နှင့် LCCI Lvl (I, II) certified ဖြစ်ရမည်။ အမှတ်စဉ် (၄) (Receptionist) လျှောက်ထားလိုသူများသည် ချစ်ရှင်နှင့်ဂီတ စိတ်ဝင်စားသူ၊ ချစ်ရည်ပြေပြစ်သူဖြစ်ရမည်။ အမှတ်စဉ် (၅) အတွက် လျှောက်ထားလိုလျှင် ၁၀ တန်းအထိ တက်ရောက်ဖူးရမည်။ ၂၉-၂-၂၀၁၆ ရက်နေ့အထိ အမှတ် (၃၃/၃၇) လမ်းမတော် (၂) လမ်း၊ လမ်းမတော်မြို့နယ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ imaginenation.mm@gmail.com သို့လည်းကောင်း အလုပ်လျှောက်လွှာများကို ရုံးချိန်အတွင်း လျှောက်ထားနိုင်သည်။

# အထူးလျှော့စျေးနဲ့ မြေကွက်ကျယ်ရောင်းမည်

JUNCTION ZAWANA နှင့် မျက်နှာချင်းဆိုင် ဇောတိကအိမ်ရာကပ်လျက်၊ လေးထောင့်ကန်လမ်းမကြီးမှ အနည်းငယ်ဝင်ရုံနှင့် ပေ(၄၅×၅၅)မြေကွက်ရောင်းမည်။ သိန်း-၃၅၀၀။

**ဖုန်း-၀၉-၇၈၇၂၂၇၈၂၆၊၀၉-၅၀၂၈၂၆၉၊၀၉-၂၅၀၁၄၆၂၄၃**

# ဝန်ထမ်းအလိုရှိသည်

၁။ **Accountant** (၃) ဦး
၂။ **B.E(Civil, Mechanical, Electronic, IT)** (၆) ဦး
၃။ ယာဉ်မောင်း (၁) ဦး

အင်္ဂလိပ်စကားအသင့်အတင့်ပြောဆိုနိုင်၍ လုပ်ငန်းအတွေ့အကြုံရှိသူအား ဦးစားပေးမည်။ လျှောက်ထားလိုသူများသည် CV Form နှင့်အတူ လိုအပ်သော အထောက်အထားများနှင့်တကွ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

**Three Wings Co., Ltd.**
**အမှတ် ၃၅၀၊ ၈၁ လမ်း၊ ၂၇×၂၈ကြား၊ မန္တလေးမြို့၊**
**ဖုန်း-၀၂-၆၅၉၂၄၊ ၀၉-၉၇၆၀၃၃၅၅၅၊**
**၀၉-၇၇၇၈၅၀၁၅၀**

# ဝန်ထမ်းအလိုရှိသည်

(၁) **Japanese-Myanmar Translator** (၁)ဦး
ဂျပန်စာ၊ ဂျပန်စကားကောင်းမွန်စွာပြောဆိုနိုင်သူ

(၂) **Chinese-Myanmar Translator** (၁)ဦး
တရုတ်စာ၊ တရုတ်စကားကောင်းမွန်စွာပြောဆိုနိုင်သူ
အမှတ်စဉ်(၁)နှင့် (၂)အတွက် အသက်(၂၀)မှ (၃၅)နှစ်အတွင်း ဘွဲ့ရ၊ Microsoft Office အသုံးပြုနိုင်သူ၊ English Skill အသင့်အတင့်ရှိရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ၊ အချိန်ပိုဆင်းနိုင်ရမည်။ ညှိနှိုင်းလစာ။

(၃) **ယာဉ်မောင်း** (၁)ဦး
အသက် ၂၅ နှစ်မှ ၅၀ အတွင်း ယာဉ်မောင်းအတွေ့အကြုံရှိသူ
ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနိုင်သူ၊ အချိန်ပိုဆင်းနိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းထောက်ခံစာ၊ ရပ်ကွက်၊ ရဲစခန်း၊ ထောက်ခံစာ၊ စာရွက်စာတမ်းနှင့် လာရောက်လျှောက်ထားနိုင်ပါသည်။

**Furushima Myanmar Co.,Ltd.**
**အမှတ် ၁၅၄၊ ၁၅၅၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန် ၄၊ လှိုင်သာယာ၊**
**ဖုန်း-၀၁-၆၈၅၄၀၅၊ ၀၉-၂၅၄၃၀၈၈၀၁**
**Email-fcf-myanmar005@f-furushima.com.**
**Email-fcf-myanmar006@f-furushima.com.**

# ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၇)လမ်း၊ ဒုတိယထပ်တစ်ခန်း ကျပ်သိန်း (၂၇၀)၊ တတိယထပ် နှစ်ခန်း(ဝဲ+ယာ)ကျပ်သိန်း (၂၅၀)စီ+ကြမ်းခမ်း အားလုံးကြွေပြားခင်းပြီး ဘေစင်၊ မီးဖိုခုံ၊ အိမ်သာ၊ ရေချိုးခန်း ကြွေပြားကပ်ပြီး၊ တရားဝင်ဆောက်လုပ်ခွင့်ရှိပြီး၊ လူနေထိုင်ရန် (BCC)ကျပြီး၊ လူနေရန်အသင့်၊ လမ်းကျယ်/လမ်းသန့်၊ မှတ်တိုင်နီး၊ ငမိုးရိပ်စံပြစျေးနီး၊ ကျောင်းနီး၊ စျေးနှုန်းများအား ညှိနှိုင်းဆောင်ရွက်ပေးပါမည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၄၂၀၂၅၀၅၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် (၂၈၈)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးငွေလှိုင် အမည်ဖြင့် ပိုင်ဆိုင်သောအငှားဂရန် မြေကွက်အား ဦးစည်သူထွန်း ၁၂/ဥကတ(နိုင်) ၁၃၉၈၈၃(ဘ)ဦးကျော်ဆန်းခိုင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၂၊ ပေါင်းလောင်း(၂)၊ မြေကွက်/ဦးပိုင်အမှတ် ၃၀၂၃ ဧရိယာ ၀ဒသမ၀၁၀ဧကရှိ ဒေါ်တူးတူးမာ(ခ) ဒေါ်ခင်ဝါဝါငြေး အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးဇော်နိုင်ဦး ၁၂/ကတတ(နိုင်) ၀၁၅၀၈၁ (ဘ)ဦးဖေအေးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဂရန်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၃၊ ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ်(၃၀၅၊ ၃၀၆)ဧရိယာ ၀ဒသမ၁၁၀ ဧကရှိ ဦးဝမ်ကြည် အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်စန်းစန်းတင့် (အထူးကိုယ်စားလှယ်လွှဲစာရရှိသူ) ၁၂/အလန(နိုင်) ၀၁၄၇၇၈ (ဘ)ဦးအောင်တင့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးညီသငယ်

**(လက်ပံစု၊ ကင်းမော်၊ သံတွဲမြို့)**

**အသက်(၈၇)နှစ်**

ဒေါ်ခင်လှမြင့် (ကျောင်းအုပ်ကြီး၊ အထက-၂၊ ရန်ကင်း၊ ငြိမ်း)၏ဖခင် ဦးညီသငယ်သည် ၁၇-၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ည ၈း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအုန်းခင်၊ ဦးအုန်းမြင့်၊ ဦးရဲမြင့်၊ ဦးမဲအောင်၊ ဦးကျော်ဒွေး၊ ဦးသိန်းကြွယ်၊ ဦးတင်စော**

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမျိုးအောင်

**အသက်(၈၀)**

မော်လမြိုင်မြို့၊ ဒေါင်းဇရပ်၊ ဈေးကြိုရပ်ကွက်၊ ဇေယျာမြိုင် (၁)လမ်း၊ အမှတ် ၃၅နေ ဒေါက်တာတင်အောင်-ဒေါ်လှရီ၊ မခင်မြင့်၊ ကိုလှအောင်-မခင်အုန်းနွဲ့၊ ကိုရဲအောင်-မခင်သီတာ၊ ကိုကိုဦး-မခင်အေးတို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုး I.A နိုင်ဒူး(ခ)ဦးမျိုးအောင်သည် ၁၉-၂-၂၀၁၆ရက် (သောကြာနေ့) ည ၇း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Poly Gold Co,Ltd မိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်နန်းကြည်ဝင်း

**အသက်(၈၀)**

ရန်ကုန်မြို့နေ ဆရာကြီး ဒေါက်တာဦးလှမြင့် (ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန၊ ငြိမ်း)၏ဇနီး ဒေါ်နန်းကြည်ဝင်းသည် ၁၇-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ (မမ ကောင်းရာသုဂတိလားပါစေ)

**ဒေါက်တာမြသောင်း(မြောက်ဥက္ကလာပဆေးရုံအုပ်ကြီး၊ ငြိမ်း)-ဒေါ်ရီသန်း(ရွှေဗဟိုဆေးခန်း၊ ပဲခူးမြို့)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စစ်အေး(စစ်တွေ) အသက်(၇၄)နှစ်

စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၁၂၈နေ (ဦးဦးသာထွန်း-ဒေါ်ဝေလာ)တို့၏သမီး၊ (ဦးအောင်ကျော်ဦး-ဒေါ်မညွန့်)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သပြေလမ်းနှင့်ဗဟိုလမ်းထောင့်၊ မြေညီထပ်၊ အမှတ် ၂၅၅နေ ဦးမောင်အုန်းတင်၏ဇနီး၊ ဦးဇော်ဝင်းထွန်း-ဒေါ်ခင်သိန်းလှိုင် (အေး အိမ်ဆောက်ပစ္စည်းနှင့်သဘော်ဆေးရောင်းဝယ်ရေး)၊ ဒေါ်တင်တင်မိုး-ဒေါက်တာအောင်ဇော်ညွန့် (OG အင်းစိန်ဆေးရုံ)၊ ဒေါ်တင်တင်သောင်း-ဒုဗိုလ်မှူးကြီးရွှေမြ၊ ဒေါ်တင်မိုးဇံ-ဒေါက်တာကြည်လွင်(ညွှန်မှူး၊ ကျောင်းကျန်းမာ)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘောင်ရှင်သည် ၁၉-၂-၂၀၁၆ရက်(သောကြာနေ့)ည ၈နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၂၅၅၊ သပြေလမ်းနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမျိုးအောင်

**အသက်(၄၆)နှစ်**

အနုပညာဦးစီးဌာန၊ ထုတ်လုပ်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စောစန္ဒာအောင်၏ခင်ပွန်း ဦးမျိုးအောင်သည် ၁၉-၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ အနုပညာဦးစီးဌာန**

## ဦးစိုးဝင်းနိုင်

**B.E (Mechanical) T.T.C ကျောင်းသားဟောင်း**

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ဇေယျဝတီလမ်း(ဗဟိုလမ်း)၊ အမှတ် ၆၇နေ ဦးအေးနိုင် D.C.P.T(ငြိမ်း)-ဒေါ်ဝင်းဝင်းညွန့် M.P.F(ငြိမ်း)တို့၏သား၊ ဦးသိန်းနိုင် (Director Decent Partner Co.,Ltd) - ဒေါက်တာစန္ဒာနိုင် (ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန၊ စစ်တွေတက္ကသိုလ်)တို့၏ ညီ/မောင်သည် ၂၀-၂-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဦးကိုကိုမောင် အသက်(၄၅)နှစ်

**CHIEF OFFICER (F.G)**

**M.T MELATI.5, C.D.C 24964**

**RAFFLES SHIP MANAGEMENT SINGAPORE**

မြစ်ကြီးနားမြို့နေ(ဦးချစ်ရွှေ-ဒေါ်ရီရီ)၊ ဆွမ်ပရာဘွမ်မြို့နေ(ဦးကာလု)-ဒေါ်လမုန်ထုရော်တို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ် ၁၇၁၊ အခန်း ၇၊ ၄၈လမ်း (အထက်)၊ဗိုလ်တထောင်မြို့နယ်နေ ဦးချာလီရွှေ(Jade Land MyanmarCo.,)-ဒေါ်နု(ခ)ဒေါ်လုတို့၏သား၊ဒေါ်ချိုချိုသက်(Jenny)(CHO FASHION D.G.2)၏အစ်ကိုကြီးသည် ၁၅-၂-၂၀၁၆ရက် မြန်မာစံတော်ချိန် ညနေ ၄း၂၅နာရီတွင် အင်ဒိုနီးရှားနိုင်ငံ PELINTAUNG မြို့ M.TMELATI.5 သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရင်း အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၁-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ၄ နာရီတွင် ရေဝေးကဗ္ဗာစတန်သုသာန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မမကြီး(ခ)ဝင်းမမ

**(ဥမြို့နယ်အသင်း/ရန်ကုန်)**

**အသက်(၄၇)နှစ်**

ဥမြို့နယ်အသင်း (ရန်ကုန်)၏ အသင်းဝင် ဦးတင်ဖေ-ဒေါ်ဝင်းကြည်တို့၏သမီး၊ ဦးစိုးရွှေ(ပေါက်စ)၏ဇနီး၊ မောင်ဟိန်းဆက်အောင်၏ မိခင်သည် ၁၈-၂-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဥမြို့နယ်အသင်း(ရန်ကုန်)

## ဦးမြစိန် (စစ်တွေ)

**ရွှေတွင်းလုပ်ငန်း(ဟုမ္မလင်း)**

**အသက်(၅၉)နှစ်**

စစ်တွေမြို့၊ ကျောင်းတက်လမ်း၊ ကသစ်တောရပ်နေ (ဦးစိန်မင်း-ဒေါ်မစိုးနု)တို့၏သားထွေး၊ (ဦးစိန်ရွှေဦး-ဒေါ်မြစိန်)၊ (ဦးလှထွန်းသာ)-ဒေါ်ဘုမေ၊ (ဦးစိန်ရွှေအောင်) ဒေါ်အေးလှ၊ (ဦးစောသာလှ) - ဒေါ်စိန်စိန်နု၊ ဒေါ်အောင်စိန်ထွေး (အလပြ၊ ငြိမ်း၊ ထ-၂)တို့၏ညီ/မောင်သည် ၁၉-၂-၂၀၁၆ရက်တွင် မုံရွာမြို့(အလုံ)နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးအုန်းခိုင် (စာရင်းစစ်မှူး၊ ငြိမ်း)

**(ကတုတ်ဘုရားကြီးကျေးရွာ၊ ဒိုက်ဦးမြို့နယ်)**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၉လမ်း၊ အမှတ် ၈၀၁၊ သုံးလွှာနေ (ဦးထွန်းသ-ဒေါ်သန်းတင်)တို့၏သား၊ ဒေါ်ရီ၏ခင်ပွန်း၊ဦးစိုးအောင်-ဒေါ်ဝေဝေသင်း၊ဦးသန်းနိုင်ထွေး(Always Advertising)-ဒေါ်ကြည်ကြည်ဟန်(Skynet Education Channel)၊ ဒေါ်မိုးမိုးခိုင်တို့၏ဖခင်၊ မအင်ကြင်းခိုင်(Golden Myanmar Airline)၊ မောင်ဟန်စိုးပိုင်တို့၏အဘိုးသည် ၁၉-၂-၂၀၁၆ရက်(သောကြာနေ့) ည ၈း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## PU SAP THANGA (Saplianthanga)

**အသက်(၇၄)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Tui Dil ကျေးရွာနေ(Pu Thang Thula-Pi Khuang Tuah Zingi)တို့၏ချစ်လှစွာသောသား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတား၊ ကိုယ်ပိုင်အိမ်ရာဝင်း၊ လမ်းသွယ်(၁)၊ အမှတ် ၂၁၉နေ Pi Neih Pui Thangi ၏ချစ်လှစွာသောခင်ပွန်း၊ Pi Chawntuah Mawii (Fam), Pi Satin Tiali, Pu Lal Lawma, Pu Run Sawi Thanga, Pu Vanlal Rova, Pi Lal Hun Liani, Pu Hming Than Zauva(Fam)တို့၏မောင်-အစ်ကိုLal Hmu Sangi (Fam), Pu Lal Pek Liana, Pi Laldinthari, Pi Thanglianmawii, Pi Rem Sangpuii၊ Tv.Freddy တို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၀-၂-၂၀၁၆ရက် နံနက် ၅း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌သင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် ဇမာနွေလဘုရားကျောင်းရှေ့မှကားများ မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ အင်းစိန်၊ သရက်တောနှင့် မြောက်ဒဂုံ စစ်တောင်းမှတ်တိုင်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Pu LALHMINGTHANGA(ခ) ဦးမှင်းငါ

**အသက်(၆၀)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်းအုပ်စု(၉)၊မဥ္ဇူလမ်း၊အမှတ် ၉၂/၉၃နေ Lt.Col.Zakhuma(Rtd) ဒုဗိုလ်မှူးကြီးဇနီးမာ(ငြိမ်း)-Pi Thang Thiangi-ဒေါ်သန်းအေးတို့၏သား၊ Pi Zirsangi ၏ခင်ပွန်း၊ Tv.Lalsangkhuma (ခ)မောင်အောင်ကျော်မင်း၊ Tv. Hlunmawia (ခ)မောင်ကျော်ခိုင်မင်း၊ Tv. Malsawmdawngliana(ခ) မောင်ဇေယျာမင်းတို့၏ဖခင်၊ Pi Zoram khumi - Dr.Michael Mang Awi တို့၏မောင်၊ Pi Lalmuankimi -(ဦးသောင်းကျော်)၊ (Tv. David Lalliana)၊ (Pu Joseph Hmunliana )၊ ဒေါ်ကြည်စိုးအေးတို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၁၉-၂-၂၀၁၆ရက် (သောကြာနေ့) ညနေ ၃း၅၀နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်နှင့်ဇမာနွေလဘုရားကျောင်းရှေ့မှကားများ၊ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မမကြီး(ခ)ဝင်းမမ(ဥမြို့)

**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ငါးပိုင်ငါးခြောက်ဇုန်အမှတ်(၁)၊ ကျန်စစ်သား ၄လမ်း၊ အမှတ် ၂၇၄နေ ဦးတင်ဖေ-ဒေါ်ဝင်းကြည်တို့၏သမီး၊ ဦးတင်ရွှေ-ဒေါ်ခင်သိန်းရီတို့၏ သမီးချွေးမ၊ (ဦးတင်ကိုကို) - ဒေါ်မြင့်မြင့်အေး၊ ဦးဝင်းထွေး-ဒေါ်တင်မမခိုင်တို့၏ညီမ၊ ဦးစိုးရွှေ(ပေါက်စ)၏ဇနီး၊ မောင်ဟိန်းဆက်အောင်၏မိခင်သည် ၁၈-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၁၆ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**မြစ်ကြီးနားအသင်း(ရန်ကုန်)**

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဦးကိုကိုမောင်

**CHIEF OFFICER (F.G)**

**M.T MELATI.S, CDC 24964**

**RAFFLES SHIP MANAGEMENT SINGAPORE**

**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်း(အထက်)၊အမှတ် ၁၇၁၊အခန်း ၇နေ ဦးချာလီရွှေ (JADE LAND MYANMAR Co.,) - ဒေါ်နု(ခ) ဒေါ်လုတို့၏သားသည် ၁၅-၂-၂၀၁၆ရက် မြန်မာစံတော်ချိန် ညနေ၄း၂၅နာရီတွင်အင်ဒိုနီးရှားနိုင်ငံ PELINTAUNG မြို့ M.T MELATI.5 သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရင်း အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးကဗ္ဗာစတန်ဥယျာဉ်တော်၌ ဒါဖ္ဖနာမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

## ဦးလှစိုး

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရုံးအုပ်(ငြိမ်း)၊ စစ်ဆေးရေးဌာန**

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ (၈) ရပ်ကွက်၊ နဝရတ်လမ်း၊အမှတ် ၅၅နေ (ဦးသိန်း - ဒေါ်ငြိမ်းရင်)တို့၏ သား၊ ဦးမြင့်သိန်း-ဒေါ်ခင်စန်းမြင့်တို့၏ ညီ၊ မောင်ဉာဏ်လင်းဝေထက်၏ ဦးလေးသည် ၂၀-၂-၂၀၁၆ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင်ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသိန်းရွှေ

**(သရဖူ ရခိုင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေး) မြေပုံ၊ စစ်တွေ**

**အသက်(၅၀)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၉လမ်းနေ (ဦးကျော်ဝင်း)-ဒေါ်မဦးညိုတို့၏သား၊ စစ်တွေမြို့၊ငွေနဒီတိုက်တန်းနေ ဦးသာထွန်းအောင်-(ဒေါ်မသိန်းနု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်(၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံတန်း၊ ခရေလမ်း၊ ခ/၆နေ ဒေါ်ခင်နှင်းဝေ၏ ချစ်လှစွာသောခင်ပွန်း၊ မချမ်းမြတ်ခိုင်၊ မဆုပြည့်စုံ၊ မဆုမြတ်စံတို့၏ ချစ်လှစွာသောဖခင်၊ မသန်းသန်းဦး၊မောင်ကျော်သန်း၊ မောင်ကျော်သူလင်း၊ မဖြူဖြူကျော်၊ မယဉ်ယဉ်ကျော်၊ မခိုင်ဇင်ဝင်း၊ မသွယ်ဇင်ထိုက်၊ ဗိုလ်ကြီးဇေယျာကျော်ဇော(ခ) စည်သူကျော်ဇော်၊ မောင်သူရိန်ကျော်ဇော၊ မောင်ဦးဆန်းအောင်၊ မောင်ကျော်ယဉ်၊ မောင်အောင်ကောင်းမြတ်၊ မောင်နေရွှေသွေးအောင်၊ မောင်ကောင်းပြည့်ကျော်၊မရွှေရည်ဝင်းတို့၏ဦးလေးသည် ၂၀-၂-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)ညနေ ၅နာရီတွင်ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (ဘုရင့်နောင်နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးယုစိန်

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄) ရပ်ကွက်၊ ဈေးလမ်း၊ အမှတ် ၂၆၄နေ ဒေါ်သန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းကြိုင်-ဒေါ်ခင်အေး၊ ဦးမင်းစိန်-ဒေါ်မြမိုးကြည်၊ ဦးစိုးအောင်-ဒေါ်အေးအေးဝင်း၊ ဦးစိုးဝင်း-ဒေါ်ချိုမေလွင်၊ ဒေါ်ခင်ခင်ယုတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည်၂၀-၂-၂၀၁၆ရက် (စနေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၆ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စစ်အေး (စစ်တွေ)

**အသက်(၇၄)နှစ်**

စစ်တွေမြို့၊အိုးတန်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၁၂၈နေ (ဦးဦးသာထွန်း - ဒေါ်ဝေလာ)တို့၏ သမီး၊ (ဦးအောင်ကျော်ဦး - ဒေါ်မညွန့်)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သပြေလမ်းနှင့်ဗဟိုလမ်းထောင့်၊မြေညီထပ်၊ အမှတ် ၂၅၅နေ ဦးမောင်အုန်းတင်၏ဇနီး၊ မင်းပြားမြို့၊ ဦးဦးမောင်-ဒေါ်လှလှ၊မင်္ဂလာဒုံမြို့နယ်၊ဗိုလ်မှူးကြီးဘစု(ငြိမ်း) - ဒေါ်သိန်းလှတို့၏ ညီမ၊ စစ်တွေမြို့နေ ဦးအောင်ထွန်းစိန်-ဒေါ်စောသိမ်း၊ဦးညီညီ-ဒေါ်မေနု၊ဦးညီပု-ဒေါ်ဝင်းဝင်းဦးတို့၏အစ်မသည် ၁၉-၂-၂၀၁၆ရက်(သောကြာနေ့)ည ၈နာရီတွင် မဟာမြိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အမှတ် ၂၅၅၊ သပြေလမ်း နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသိန်းရွှေ

**(သရဖူ ရခိုင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေး) မြေပုံ၊ စစ်တွေ**

**အသက်(၅၀)**

ရန်ကုန်မြို့၊ ၂၉လမ်းနေ (ဦးကျော်ဝင်း)-ဒေါ်မဦးညိုတို့၏သား၊ စစ်တွေမြို့၊ ငွေနဒီတိုက်တန်းနေ ဦးသာထွန်းအောင် - (ဒေါ်မသိန်းနု)တို့၏ သားသမက်၊ ဦးအောင်ထွန်းလှ(ဦးစီးအရာရှိ၊ ရေး/သု) - ဒေါ်ဝင်းဝင်းခိုင် (စာရင်းစစ်-၃၊ မြောက်ဦး)၊ ဦးကျော်မြင့်(ဦးစီးအရာရှိ၊ စီးပွား/ကူးသန်း)-ဒေါ်မိုးမိုးခိုင်၊ ဦးကျော်ဇောထွန်း(ကုန်သည်)-ဒေါ်လဲ့လဲ့ထွန်း၊ မောင်ကျော်သူရ(3/E Maersk Line)တို့၏အစ်ကို၊ တူ၊ တူမခြောက်ယောက်တို့၏ဘကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံတန်း၊ခရေလမ်း၊(ခ/၆)နေ ဒေါ်ခင်နှင်းဝေ၏ချစ်လှစွာသောခင်ပွန်း၊ မချမ်းမြတ်ခိုင်၊ မဆုပြည့်စုံ၊ မဆုမြတ်စံတို့၏ ချစ်လှစွာသောဖခင်သည် ၂၀-၂-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ဘုရင့်နောင်နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမိုးကျော်ခိုင်(ခ)မိုးကြီး

**(ရမည်းသင်း)**

**C.D.C (27882) (AB )**

**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၃လမ်း၊ အမှတ် ၃၃၊ လေးလွှာနေ ဦးရဲထွဋ်-ဒေါ်ရင်မေတို့၏သား၊ ဦးထွန်းအောင်ခိုင်-ဒေါ်သင်းသင်းဆန်း၊ ဒေါ်သိန်းသိန်းရီ၊ ဒေါ်ချိုချို၊ ဦးဝဏ္ဏ-ဒေါ်မော်မော်တို့၏ညီ/မောင်၊ တူ/တူမ ငါးယောက်၊မြေးတစ်ယောက်တို့၏ဦးလေးသည်၂၀-၂-၂၀၁၆ရက် နံနက် ၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တသံဝရ

**မြို့သစ်(က+ခ)၊ ဓမ္မိကာရာမ၊ ပေါက်တောကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၁၅၇)၊ အင်းစိန် သက်တော်(၆၁)နှစ်၊ သိက္ခာတော်(၄၁)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖူးကြီးရွာနေ ခမည်းတော် ဦးမောင်တင်-မယ်တော် ဒေါ်သန်းကြည်တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ဓမ္မိကာရာမ၊ ပေါက်တောကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ဘဒ္ဒန္တသံဝရသည် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၉ရက်) ၁၇-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၀ရက်) ၁၈-၂-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပနပြီးစီးပါကြောင်း။[ဆရာတော်အားရည်စူး၍ ၂၃-၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကုသိုလ်ပြုလုပ်အမျှဝေမည် ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] တပည့်ဒါယကာ၊ ဒါယိကာမများ

## ဦးဉာဏ်ထွန်း(ခ)ဦးကရစ္စနား (ဇေယျဝတီ)

**(တောင်ငူ)**

**အသက်(၇၈)နှစ်**

တောင်ငူမြို့၊ (၂)ရပ်ကွက်၊ နန်းသူဇာလမ်း၊ အမှတ် ၂/၉၂၆နေ (ဦးရာမူလူး-ဒေါ်ဆုဗမ္မား)တို့၏သား၊ တောင်ငူမြို့၊ ကုန်သည်ကြီးလမ်း၊ (သမာဓိစတိုး)နေ သတင်းထောက် ဦးကျော်လှ-ဒေါ်မေနှင်းဆီ(ခ)ဒေါ်ဒေဝကီးဒေဝီ၊ ဒေါ်အာဒီလက်ချ်မီး၊ ရန်ကုန်မြို့နေ ဒေါ်တင်တင်ဝင်း-ဦးအောင်နိုင်တို့၏ညီ/မောင်၊ ဒေါ်တင်တင်အေး(ခ)ဒေါ်အူရ်မီလားဒေဝီ၏ခင်ပွန်း၊ မခင်မာသီ၊ မခင်မေသီ၊ မခင်မူမူ၊ မောင်မြင့်သန်း၊ မခင်လှရီ၊ မသိမ့်သိမ့်ဆွေ၊ မောင်ထွန်းအောင်ကျော်၊ မောင်စိုးမင်းဖြိုး၊ မနီလာအောင်တို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၈-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉-၂-၂၀၁၆ရက်တွင် တောင်ငူမြို့ ဟိန္ဒူသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးခင်ဇော်

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန(ငြိမ်း)၊ စီမံရေးရာဌာန**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ် ၂၁၊ (ပထမလွှာ-က)နေ (ဦးထွန်းတင်-ဒေါ်စော)တို့၏သား၊ ဒေါ်သန်းသန်း(အမက-၁၃၊ တာမွေ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးရည်ဝင်းမွန်-ဒေါ်ခင်ထွေးဦး၊ ဒေါ်သင်းသင်းနွဲ့(ကထိက၊ ဂျပန်ဘာသာဌာန YUFL)၊ မအေးအေးနွဲ့တို့၏ဖခင်၊ မောင်ဟိန်းစည်သူဝင်း၊ မောင်အောင်ထက်လင်း၊ မောင်ဘုန်းမြတ်ကျော်တို့၏အဘိုးသည် ၁၈-၂-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသိန်းရွှေ

**(သရဖူ ရခိုင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေး) မြေပုံ၊ စစ်တွေ**

**အသက်(၅၀)**

ရန်ကုန်မြို့၊ ၂၉လမ်း၊ ပန်းဘဲတန်းမြို့နေ(ဦးကျော်ဝင်း)-ဒေါ်မဦးညိုတို့၏သား၊ စစ်တွေမြို့၊ ငွေနဒီတိုက်တန်းနေ ဦးသာထွန်းအောင်-(ဒေါ်မသိန်းနု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံ၊ ခရေလမ်း(ခ/၆)နေ ဒေါ်ခင်နှင်းဝေ၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ (ဒေါ်ဦးယဉ်သာ)-ဦးကျော်ဖြူ၊ ဒေါ်ငွေခိုင်၊ စစ်တွေမြို့နေ ဒေါ်ရွှေနုခိုင်-ဦးကျော်ဇောအောင်၊ ရန်ကုန်မြို့နေ ဒေါ်သိန်းနုခိုင်၊ ဘုရင့်နောင်၊ခရေလမ်းနေ ဦးသိန်းကျော်-ဒေါ်မေသန်းကြည်တို့၏ညီ/မောင်၊ စစ်တွေမြို့နေ ဦးသန်းအောင်-ဒေါ်စံမြမေ၊ ပြင်ဦးလွင်မြို့နေ ဒေါ်ထွေးထွေးခိုင်-ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းတို့၏အစ်ကိုသည် ၂၀-၂-၂၀၁၆ရက်(စနေနေ့)နံနက် ၁၁း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသိန်းရွှေ

**(သရဖူ ရခိုင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေး) မြေပုံ၊ စစ်တွေ**

**အသက်(၅၀)**

ရန်ကုန်မြို့၊ ၂၉လမ်းနေ (ဦးကျော်ဝင်း)-ဒေါ်မဦးညိုတို့၏သား၊ စစ်တွေမြို့၊ ငွေနဒီတိုက်တန်းနေ ဦးသာထွန်းအောင် - (ဒေါ်မသိန်းနု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ဘုရင့်နောင်ပွဲရုံ၊ခရေလမ်း (ခ/၆)နေ ဒေါ်ခင်နှင်းဝေ၏ချစ်လှစွာသောခင်ပွန်း၊ မချမ်းမြတ်ခိုင်(တတိယနှစ်၊ အင်္ဂလိပ်စာ)၊ မဆုပြည့်စုံ (နဝမတန်း၊ SNOW QUEEN ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပြင်ဦးလွင်မြို့)၊ မဆုမြတ်စံ (ပဉ္စမတန်း၊ ထ-၂၊ စမ်းချောင်း)တို့၏ ချစ်လှစွာသောဖခင်သည် ၂၀-၂-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဘုရင့်နောင်နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဝါဝင်းအေး (မှော်ဘီ)

**အသက်(၅၉)နှစ်**

မှော်ဘီမြို့၊(၄)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ် ၂၃နေ (ဦးလှမောင်-ဒေါ်ငွေကြည်)တို့၏သမီး၊ ဦးသာဇံ-(ဒေါ်သန်းတင်)တို့၏သမီးချွေးမ၊ မှော်ဘီမြို့နယ်၊ မိုးကြိုးပစ်ကျေးရွာနေ ဦးတင်စိုး-ဒေါ်စိုးမြင့်၊ ဦးသိန်းထွန်း-ဒေါ်ဆင့်ဆင့်၊ (ဦးတင်အေး)-ဒေါ်တိုးရင်၊ (ဦးစိုးတင့်)-ဒေါ်ငွေရီ၊ ဦးစိုးလွင်-ဒေါ်ခင်အေးရီတို့၏ညီမ၊ ဦးကျော်ကျော်တင် (ဦးစီးအရာရှိ၊ မြို့ပြ၊ တည်ဆောက်ရေးအဖွဲ့-၁)၏ချစ်လှစွာသောဇနီး၊ မဖြိုးသန္တာကျော်၊ မအိမ့်လပြည့်ဝင်းတို့၏ မိခင်သည် ၂၀-၂-၂၀၁၆ရက် (စနေနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမျိုးအောင်

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်လမ်း၊အမှတ် ၄၅၀၊ ယည်ကျေးမှုဝင်း၊ အခန်း ၁၃၊ ဒုတိယထပ်နေ (ဦးထွန်းကြည် - ဒေါ်အေးမြိုင်)တို့၏ သား၊ (ဦးအောင်ကြိုင်)-ဒေါ်သောင်းရင်(ခ)ဒေါ်ချစ်ချစ်တို့၏ သားသမက်၊ ဒေါ်စောစန္ဒာအောင် (ဒုတိယညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ကျော်ဝင်း-ဒေါ်မြင့်မြင့်ကြည်တို့၏မောင်၊ ဦးဘိုဘို-ဒေါ်ထွေးထွေးကြည်၊ ဒေါ်မာလာအောင်တို့၏အစ်ကို၊ မနှင်းအဥ္ဇလီ၊ မရည်မွန်မျိုးအောင်၊ မရူပါမျိုးအောင်တို့၏ဖခင်၊ မောင်ဟန်သန့်ဇော်၊ မောင်ကျော်ဆန်းဘိုဘိုတို့၏ ဦးလေးသည် ၁၉-၂-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ရန်ကုန်အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ရန်ကုန်နှင့် ရောဝတီအသင်းတို့ နိုင်ပွဲဆက်

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန်  ဖေဖော်ဝါရီ  ၂၀**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇) ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းကကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်အသင်းနှင့် ရောဝတီအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက ရခိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ *စာမျက်နှာ ၁၄ ကော်လံ ၄* ✱

## ပျောက်ကွယ်လုနီးပါးဖြစ်သည့် ပါးမည်းထိုးအစီအစဉ် ချင်းအမျိုးသားနေ့အခမ်းအနား၌ တစ်မူထူးခြားစွာ ထည့်သွင်းကျင်းပ

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း) ➢ ဓာတ်ပုံ-မင်းထက်

**ရန်ကုန်  ဖေဖော်ဝါရီ  ၂၀**

(၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ အမှတ် ၄၀၄(က) ချင်းနှစ်ခြင်းအသင်းတော်၏ ဖရင့်ဟော၌ ကျင်းပရာ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ပါးမည်းထိုးအစီအစဉ်တစ်ရပ်ကို မျိုးဆက်သစ်လူငယ်များ သိရှိစေရန်အတွက် တစ်မူထူးခြားစွာ ထည့်သွင်းကျင်းပခဲ့သည်။

"ကျွန်တော်တို့ ချင်းအမျိုးသားနေ့အခမ်းအနားကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။ အခုဆိုရင် (၆၈)နှစ် ပြည့်ခဲ့ပါပြီ။ အရင်နှစ်တွေကလည်း ဒီမှာပဲ ကျင်းပခဲ့တာပါ။ ဒီနှစ်မှာလည်း အခါတိုင်းနှစ်တွေလိုပဲ မြို့နယ်ဆိုင်ရာ ချင်းရိုးရာအကတွေကို ထည့်သွင်းဖျော်ဖြေသွားမယ့်အပြင် တစ်မူထူးခြားစွာ ထည့်သွင်းထားတာက ချင်းလူမျိုးတွေကြားမှာ ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ပါးမည်းထိုးတဲ့ အစီအစဉ်တစ်ရပ်ကို ထည့်သွင်းကျင်းပသွားဖို့ စီစဉ်ထားပါတယ်"ဟု ချင်းအမျိုးသားနေ့ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးထန်းဘူက ပြောသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ◆



ပါးမည်းထိုးထားသော ချင်းအမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

ယနေ့ ဖတ်စရာ

**အာဖဂန်တပ်ဖွဲ့များ ဟဲလ်မန့်ပြည်နယ် မဟာဗျူဟာဒေသမှ ပြန်လည်ဆုတ်ခွာ** စာ ၄

**ဟိုပိတ်အနီး၌ ပေါက်ကွဲမှုဖြစ်ပွား၊ သုံးဦးဒဏ်ရာရရှိ** စာ ၁၃

## လောက်ကိုင်မြို့နယ် ချင်းရွှေဟော်၌ မိုင်းပေါက်ကွဲ၊ ကားလမ်းမကြီးအနက်ခြောက်ပေ မြေသားများကျုံ့ဝင်ပျက်စီး



**လားရှိုး  ဖေဖော်ဝါရီ  ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့နယ် ချင်းရွှေဟော်၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၀၀ နာရီ ၁၅ မိနစ်က မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချင်းရွှေဟော်အနောက်ဘက် နှစ်မိုင်ခန့်အကွာ ကွမ်းလုံမြို့နယ်အတွင်း ချင်းရွှေဟော်-ကွမ်းလုံသွား ကားလမ်းမိုင်တိုင်အမှတ် (၆၄/၄-၅)ကြား (၆×၆) ပေခန့်ရှိ ကန့်လန့်ဖြတ်ရေနုတ်မြောင်း အောက်ခြေ ဝဲ/ယာတွင် ကြီးကြပ်မိုင်း နှစ်လုံး ငါးမိနစ်အချိန်ခြား၍ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၀၀ နာရီ ၁၅ မိနစ်တွင် တစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နံနက် ၀၀ နာရီ မိနစ် ၂၀ ခန့်တွင် တစ်လုံး ထပ်မံပေါက်ကွဲခဲ့ကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုကြောင့် ကားလမ်းမကြီးပေါ် အနံ ၂၄ ပေခန့်၊ အလျား ပေ ၂၀ခန့်၊ အနက် ခြောက်ပေခန့် မြေသားနှင့် ကတ္တရာများလန်ထွက်၍ မြေသားများ ကျုံ့ဝင်ပျက်စီးလျက်ရှိကြောင်း၊ ဖြစ်စဉ်နေရာအနီး ကားလမ်းမ၏ ဝဲ/ယာ ငါးပေခန့်အတွင်းရှိ ဓာတ်တိုင်နှစ်တိုင် အောက်ခြေတွင် ကျိုးပဲ့ပျက်စီးလျက်ရှိကြောင်း၊ ဖြစ်စဉ်နေရာမှ ကားလမ်း၏ မြောက်ဘက် မီတာ ၂၀ ခန့်အတွင်း မိုင်းခွဲဖျက်ဆီးရန် စောင့်ကြိုနေရာယူထားသော ခြေရာလက်ရာများ တွေ့ရှိရကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုကြောင့် ကွမ်းလုံ-ချင်းရွှေဟော်ကားလမ်း ယာဉ်အသွားအလာ ခေတ္တပိတ်ထားပြီး တာဝန်ရှိသူများက မြေထိုးစက်တစ်စီးဖြင့် နံနက် ၂ နာရီခွဲခန့်မှစ၍ ယာယီရှောင်ကွင်းလမ်းဖောက်လုပ်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် ယာဉ်များအား လမ်းလွှဲမှတစ်ဆင့် ဖြတ်သန်းသွားလာစေလျက် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးကိုလည်း ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဟန်ဌေး (လားရှိုး)**




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း